ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏ အာဘော်

# ပြည်သူ့အာဏာ ဂျာနယ်

အမှတ် (၄၄)

စက်တင်ဘာ ၂၀၂၄



## ဗမာပြည်ကွန်မြူနစ်ပါတီ ၈၅ နှစ်မြောက် ပါတီမွေးနေ့
## အထိမ်းအမှတ်အဖြစ် ထုတ်ဝေသည့် ပြည်သူ့အာဏာဂျာနယ်

ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုစည်းရုံးရေးကော်မတီ၏ အာဘော်




# မာတိကာ

စာတည်းအဖွဲ့အမှာ . . . . . . . . . . ၁

နီပေါကွန်မြူနစ်အာဇာနည်ကဗျာဆရာနဲ့ သူ့ရဲ့ကဗျာ . . . . . . . . . . ၄

ကွန်မြူနစ် အာဇာနည် ကဗျာဆရာ . . . . . . . . . . ၇

အမေရိကန်နိုင်ငံခြားရေးပေါ်လစီအပေါ်ဩဇာကြီးတဲ့ နိုင်ငံခြားဆက်ဆံရေးကောင်စီအဖွဲ့ . . . . . . . . . . ၉

ကွန်မြူနစ်တို့ရဲ့ ကြီးမြတ်ဂုဏ်ပြောင်တဲ့သမိုင်းကို လက်ဆင့်ကမ်းကြစို့ . . . . . . . . . . ၁၃

မေလ ၉ ရက် ဖက်ဆစ်ဆန့်ကျင်ရေးအောင်ပွဲနေ့ . . . . . . . . . . ၁၅

တော်လှန်တဲ့ အကောင်းမြင်ဝါဒ ကိုင်စွဲကြ . . . . . . . . . . ၂၀

ဗမာပြည်ကွန်မြူနစ်ပါတီ မွေးဖွားပေါ်ထွန်းစေတဲ့ သမိုင်းဆိုင်ရာ အခြေခံအကြောင်းရင်း ၃ ရပ် . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၄

ဆရာ သန်းထိုက်အောင် ပြုစုထားတဲ့ ၂၁– စာစဉ်အညွှန်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၃၀

ပါတီတည်ဆောက်ရေးကို အလေးထားဆောင်ရွက်ကြ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၃၄

ပြည်ချစ်ဝါဒလမ်းစဉ်ရဲ့ အနှစ် (၂၀) ကျော်ခရီး. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၃၇

အိုနာကျိုးကန်း သီအိုရီများ. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၁

လေ့လာရေး ပြဿနာများ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၅

ရဲဘော်သုံးကျိပ်ကပေးတဲ့ သမိုင်းသင်ခန်းစာ. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၃

၈၅ နှစ်မြောက်ပါတီနေ့ကို အထိမ်းအမှတ်ပြုခြင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၆၀




# စာတည်းအဖွဲ့အမှာ

၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့ရောက်လျှင် မိမိတို့ ဗမာပြည်ကွန်မြူနစ်ပါတီ၏ သက်တမ်းသည် ၈၅ နှစ်တင်းတင်းပြည့်ပါတော့မည်။ မိမိတို့အနေနှင့် ဗမာပြည်နိုင်ငံရေးသမိုင်းတွင် သက်တမ်းအရှည်ဆုံးပါတီကြီးတရပ်အဖြစ် ဂုဏ်ပြုရင်း ဥဒါန်းရင့်ကျူးရမည့်ကာလ၊ တဆက်တည်း ...ကျလာသည့်တာဝန်များကို ၂ ဆတိုး ကြိုးပမ်းရမည့်ကာလ၊ စစ်အာဏာရှင်စနစ်ကို အမြစ်က လှန်ပစ်ရမည့်ကာလလည်းဖြစ်နေသည်ကို သတိမူကြစေလိုသည်။

ဗမာပြည်ကဲ့သို့သော ခေတ်ပြောင်းခေတ်လွှဲ မင်းပြောင်းမင်းလွှဲများသော နိုင်ငံမျိုးတွင် ဤမျှ သမနိရှည်ကြာသော ပါတီကြီးတရပ်ကို ဘယ်လို ထူထောင်ထားပါသလဲ၊ ဘယ်လိုပုဂ္ဂိုလ်တွေက ထူထောင်ခဲ့သလဲ ဆိုတာကို ပထမဆုံး စောကြောပြပါရစေ။

မာ့က်စ်ဝါဒအခြေခံထားသည့် တိုင်းချစ်ပြည်ချစ် မျိုးဆက်လေးခုက တည်ထောင်ထားသည့်ပါတီဖြစ်နေခြင်းကို ပထမဆုံး တင်ပြထားပါမည်။

ပါတီသမိုင်းကိုစိုက်ထူတိုက်ပွဲဝင်သူများအဖြစ် အစဉ်အဆက်ခေါင်းဆောင်များက မျိုးဆက်လေးခုအဖြစ် ခွဲခြမ်းသတ်မှတ်ပြောဆိုလေ့ရှိပါသည်။

(၁) ပထမမျိုးဆက်အဖြစ် ၁၃၀၀ ပြည့် အရေးတော်ပုံကာလတွင် လှုပ်ရှားခဲ့သူများကို အခြေခံပြီး သတ်မှတ်ခဲ့သည်။

(၂) ဒုတိယမျိုးဆက်ကိုတော့ ၁၉၄၈/၄၉ (လက်နက်ကိုင်တိုက်ပွဲကာလ) ပါတီဝင်များကို ညွှန်းသည်။

(၃) တတိယမျိုးဆက်များဟူ၍– မဆလခေတ် ဗမာပြည်ကွန်မြူနစ်ပါတီဝင် ဖြစ်လာသူများကို အထွေထွေအတွင်းရေးမှူး ရဲဘော်ကြင်မောင်က သတ်မှတ်သည်။

(၄) စတုတ္ထမျိုးဆက်များအဖြစ် ရှစ်လေးလုံး နောက်ပိုင်းပေါ်ထွန်းလာသည့် ပါတီဝင်များကို နေရာပေးသည်။

ဤမျိုးဆက်လေးခု၏ အဆက်မပြတ် မောင်းနှင်အားက ယနေ့ကာလအထိ အရှိန်မပျက် ချီတက်ဆဲ အင်အားစုကြီး အဖြစ် ရပ်တည်နေနိုင်ခြင်း ဖြစ်ပါသည်။ ပါတီခေါင်းတွဲကို လက်ရှိမောင်းနှင်နေသည့် မျိုးဆက်များကတော့ တတိယ နှင့် စတုတ္ထမျိုးဆက်များဟု ပြောလျှင် ရမည်ထင်ပါသည်။

## အပိုင်း (၂)

ဘိုးသက်ရှည်၏ ခရီးကို နောက်ကြောင်းပြန်ကြည့်ပြီး ဖြည့်စွက်တင်ပြမှ ဤပါတီကြီး၏ တိုက်ပွဲဝင်ဖြတ်သန်းမှု ကို ပြည်သူများ- ရဲဘော်များ- စာဖတ်သူများ တန်ဖိုးဖြတ်နိုင်ကြပါလိမ့်မည်။

၈၅ နှစ်ကြာ ခရီးသည် လေတဖြူးဖြူးနှင့် သက်သက်သာသာ ရွက်လွှင့်နေသည့် ခရီးမဟုတ်။

- တောင်ဆင်းတောင်တက် အနိမ့်အမြင့် အကွေ့အကောက် များသည့် မီးရထားခရီးနှင့် နှိုင်းပါမှ ပိုမိုနီးစပ်နိုင်ပါမည်။

- လက်နက်ကိုင် တော်လှန်ရေး ဆင်နွှဲပြီးမှ အောင်ပွဲခံနိုင်သည့် ညီနောင်ပါတီများကဲ့သို့ပင် လက်ဝဲစွန်း လက်ယာစွန်း ပွတ်တိုက်မှုများ လမ်းစဉ်တိုက်ပွဲများ အပြင် ပုန်ကန်မှုများ၊ ခွဲထွက်မှုများ ကြုံခဲ့ရသည်။ တရွတ်ဆွဲ ဖြတ်ကျော်ခဲ့ရသည်။

**လက်ဝဲစွန်း လက်ယာစွန်း ပွတ်တိုက်မှုများ လမ်းစဉ်တိုက်ပွဲများ အပြင် ပုန်ကန်မှုများ၊ ခွဲထွက်မှုများ ကြုံခဲ့ရ**

ပါတီဗဟိုသည် တခါတရံ လမ်းစဉ်မှားများ ချခဲ့မိပြီး ကိုယ်လည်ပင်းကိုယ် ကြိုးကွင်းစွပ်မိသလို မျိုးလည်း ရှိခဲ့သည်။ သို့သော် အရင်းခံမူဖြစ်သည့် "ပါတီကို ယုံကြည်ရမယ်၊ ပြည်သူကို ယုံကြည်ရမယ်"ဆိုသည့် တရား ၂ ပါးကိုဆုပ်ကိုင်ပြီး ဆက်လက်ချီတက်နိုင်ခဲ့သည်။

၆၀ ခုနှစ်များတွင် ပဲခူးရိုးမ၌ ဥက္ကဋ္ဌ သခင်သန်းထွန်းက "ပါတီတည်ဆောက်ရေးသည် သော့ချက်"ဟူသည့်ဆောင်ပုဒ်ကို တင်ပြခဲ့သည်။ ယခုလည်းရဲဘော်တို့၏လေ့လာရေးဆွေးနွေးပွဲတွင် အချိန်ပေးပြီး ပါတီတည်ဆောက်ရေးခေါင်းစီးနှင့် ဆွေးနွေးနေကြပြန်လေပြီ။

တဆက်တည်းပြောလိုသည်မှာ ဗမာပြည်ကွန်မြူနစ်ပါတီဆိုတာ မိုးပေါ်က ကျလာသည့်ပါတီမဟုတ်၊ (၁) လူတန်းစားတိုက်ပွဲဆင်နွှဲရင်းက စနစ်တကျ ဖွဲ့စည်းလာသည့်ပါတီ (၂) ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်းစည်းကမ်းများနှင့် ဖွဲ့စည်းထားသည့်ပါတီ၊ (၃) ယနေ့ကာလတွင် မာ့က်စ်ဝါဒ၊ လီနင်ဝါဒ မော်စီတုန်းအတွေးအခေါ်ကို လမ်းညွှန်သဘောတရားအဖြစ် ကိုင်စွဲကာ ဗမာပြည်လက်တွေ့နှင့် ပေါင်းစပ်ချီတက်နေသည့် ပါတီ။ (၄) နိုင်ငံနှင့် ပြည်သူအပေါ် တာဝန်ကျေခဲ့သော ပါတီ

ဤနေရာတွင် မည်သို့မည်ပုံ တာဝန်ကျေခဲ့သည်ကို ရှင်းပြဖို့လိုလာပါသည်။

(က) ဗြိတိသျှ ကိုလိုနီခေတ်တွင် အလုပ်သမား လယ်သမား မြို့နေဆင်းရဲနှင့် အမျိုးသားအရင်းရှင်-လူတန်းစားလေးရပ်အတွက် ရပ်ခံတိုက်ပွဲဝင်ခဲ့သော ပါတီ။

(ခ) ဖက်ဆစ်ဂျပန်ခေတ်၌ ပြည်သူကို စည်းရုံးလှုံ့ဆော်ပြီး လက်တွေ့တိုက်ပွဲခွင်တွင် ခေါင်းဆောင်ကာ အောင်ပွဲရယူပေးနိုင်သောပါတီ

(ဂ) စစ်ပြီးခေတ်တွင် နယ်ချဲ့အလိုတော်ရိ နယ်ချဲ့နှင့် အပေးအယူလုပ်လိုသော အဖွဲ့အစည်း လူပုဂ္ဂိုလ်များနှင့် ဖဆပလ လက်ယာဂိုဏ်းကို ဆန့်ကျင်တိုက်ပွဲဝင်ပြီး လွတ်လပ်ရေးရယူရာတွင် အရေးပါသော ကဏ္ဍမှ ထင်ထင်ရှားရှားပါဝင်ခဲ့သော ပါတီ

(ဃ) နယ်ချဲ့အလိုကျ ပြည်တွင်းစစ်ဖန်တီးလာသော ဖဆ/ဆိုရှယ်လစ်များကို အညံ့မခံ၊ လက်နက်နှင့် ဖိနှိပ်လာသည်ကို ရရာလက်နက်နှင့် ပြန်လည်တိုက်ပွဲဝင်ခဲ့သော ပါတီ၊ မျက်မှောက်တွင်လည်း စစ်သုံးစစ်ကို ကိုယ်စားပြုပြီး လက်နက်နှင့် ဖိနှိပ်နေသည့် ရန်သူကို လက်နက်နှင့် ပြန်လည်တိုက်ပွဲဝင်နေဆဲပါတီ....ဤလိုမျိုးပါတီအဖြစ် သမိုင်းမှတ်တမ်းတင်ခဲ့ပြီးသော ပါတီဖြစ်သည်။

အထက်ဖော်ပြပါ ကြန်အင်လက္ခဏာများကြောင့် ဖိနှိပ်အုပ်စိုးသူအဆက်ဆက်က ဗမာပြည်ကွန်မြူနစ်ပါတီကို ဦးတည်ရန်သူအဖြစ် ကာလရှည်ကြာစွာ သတ်မှတ်ထားခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် ယနေ့အချိန်တွင် ဘိုးသက်ရှည်ပါတီကြီး၏ ၈၅ နှစ်မြောက် အထိမ်းအမှတ်ပွဲကို ပြည်သူနှင့်အတူ ကျင်းပ

တို့မျိုးဆက်များက ဂုဏ်ယူဝင့်ကြွားစွာ ဆင်နွဲနေနိုင်ခြင်း ဖြစ်ပါသည်။

သို့သော် သတိပြုသင့်သည်မှာ ဤ ၈၅ နှစ်ခရီးသည် သမိုင်းသဘောအရ အချိန်တိုလေးမျှသာ ဖြစ်သည်။ ရှေ့ဆက်ရမည့်ခရီးစဉ် ကျန်ပါသေးသည်။ ကျွန်ုပ်တို့အနေနှင့် တတိုင်းပြည်လုံးလွတ်မြောက်ဖို့ တိုက်ပွဲဝင်ရပါဦးမည်။ ၎င်းအပြင် ငြိမ်းချမ်း၊ သာယာ၊ စည်ပင်ဝပြောသော နိုင်ငံတော်သစ်ကြီး တည်ဆောက်ရဦးမည့် တာဝန်ကြီးများ ရှိနေသေးသည်ကိုလည်း သတိချပ်ကြစေလိုသည်။

**အပိုင်း (၃)**

တဖက်ကို ကြည့်ကြဦးစို့။

စစ်ပြီးခေတ်သမိုင်းတလျှောက်လုံးတွင် ကပ်ပါး မွှားကောင်အဖြစ် ပါလာသော စစ်အုပ်စု (သို့မဟုတ်) စစ်ခနရှင်လူတန်းစားတရပ်သည် ဖောက်ပြန်ရေးအင်အားစုများ၏ ကျောထောက်နောက်ခံဖြင့် အားပြည့်အင်ရှိ ဗမာပြည်နိုင်ငံရေးဇာတ်ခုံပေါ်သို့တက်ကာ နေရာယူလာခဲ့သည်။ အစွယ်ပေါက်စ ဗိုလ်နေဝင်းအစပြုသော စစ်အုပ်စုက ၁၉၆၂ ခုတွင် ပြောင်ကြေညာကာ အာဏာသိမ်းယူချိန်ကစပြီး တွက်ပါက ယနေ့ဆိုလျှင် ၆၂ နှစ် ရှိခဲ့ပါပြီ။ ဤအနှစ် ၆၀ ကျော်အတွင်း အာဏာလောဘနှင့် ဆရာမွေး တပည့်မွေးပြီး တယောက်ကို တယောက်ဖြုတ်ချကာ မသတီစရာ စစ်အာဏာရှင်များ တယောက်ပြီးတယောက်ပေါ်ထွက်လာခဲ့သည်။

လက်တဆုပ်စာ စစ်အုပ်စုဝင်မိသားစုများနှင့် အပေါင်းအပါ ခရိုနီတစုက တိုင်းပြည်၏ ခနဥစ္စာများကို လက်ဝါးကြီးအုပ် အပိုင်စီးကာ ချမ်းသာကြွယ်ဝနေပြီး ကျန်တတိုင်းပြည်လုံးမှာမူ ဆင်းရဲတွင်းနက်သထက်နက်နေရပြီ ဖြစ်သည်။

ယနေ့ မင်းအောင်လှိုင်ခေတ်ရောက်လာတော့ တချိန်တည်း သူပဲ ယာယီသမ္မတ၊ သူပဲ ဝန်ကြီးချုပ်၊ သူပဲ စစ်ဦးစီးချုပ်၊ သူပဲစစ်ကောင်စီဥက္ကဋ္ဌ ရာထူးတွေယူပုံသည့်အထိ မျက်နှာပြောင်တိုက် လာခဲ့ချေပြီ။ "ယိုသူမရှက်- မြင်သူရှက်" ဖြစ်ရပ်ပါပေ။

**တယောက်ခေါင်းပေါ် တယောက်နင်းပြီး တက်လာသည့်အထဲမှာဖြင့် မင်းအောင်လှိုင်ကတော့ ယုတ်မာရက်စက်မှု အပေါင်းတွင် သရဖူဆောင်းသွားခဲ့လေပြီ**

စစ်အုပ်စုတွင်းမှာလည်း တယောက်ထက်တယောက် ပိုအရှက်နည်းလာ၊ ပိုပြောင်ပြောင်တင်းတင်းတင်း ပြည်သူကို သတ်ရဲဖြတ်ရဲလာတာတွေ တွေ့လာရသည်။

မင်းအောင်လှိုင် ကိုယ်တိုင်က "ဘာမဆိုလုပ်ရဲတယ်လို့ ကြွေးကြော်ထားသည်နှင့်အညီပဲ ပြည်သူကို ရန်သူလို့ ကြေညာရဲကာ" … လူမျိုးစုများ အပါအဝင် ပြည်သူတွေကို စစ်လေယာဉ်များနှင့် အခေါက်ခေါက် အခါခါ ဗုံးကြဲရဲ စက်သေနတ်နှင့် ပစ်သတ်ရဲတာ၊ လက်နက်ကြီးများဖြင့် နေ့မအိပ် ညမအိပ် အဆက်မပြတ် ပစ်ခတ်သတ်ဖြတ်ရဲတာ၊ စစ်လမ်းကြောင်းကျရာ ရွာတွေကို ရွာလုံးကျွတ် မီးဝင်ရှို့ရဲတာတွေက အိပ်မက်မဟုတ်၊ နေ့စဉ်ရက်ဆက် မြင်တွေ့နေရသည့် ကိစ္စတွေပဲ မဟုတ်လား။

မိမိတို့က ၈၅ နှစ်ခရီးကို သမိုင်းသဘောအရ အချိန်တိုလေးလို့ ပြောထားခဲ့ပြီ။ အခု ရန်သူစစ်အုပ်စုဘက် ပြန်ကြည့်တော့ သူတို့အချင်းချင်း အာဏာရွှေထီး လုဆောင်းနေကြပုံကိုဖြင့် "ခွေးရူးကောင်းစား တမွန်းတည့်"အဖြစ်ပဲ ကြည့်မြင်ထားဖို့ လိုပါမည်။

စစ်အုပ်စုဝင်များအတွက် သတင်းစကား တခုတော့ ပေးလိုသည်။ တယောက်ခေါင်းပေါ် တယောက်နင်းပြီး တက်လာသည့်အထဲမှာဖြင့်မင်းအောင်လှိုင်ကတော့ယုတ်မာရက်စက်မှုအပေါင်းတွင် သရဖူဆောင်းသွားခဲ့လေပြီ။ ရိုကျိုးစွာ သင်တို့နာခံနေရပေမည်တကား။ - ဟူ၍............

ထပ်ဆိုပါမည်။ သင်တို့က ဤမျှယုတ်မာရက်စက်သော မင်းအောင်လှိုင်၏ ခြေဖဝါးအောက်၌ ရိုကျိုးစွာ ဆက်လက်ပြီး နာခံသွားကြတော့မည်လား။ ကျွန်ဇာတ်ကို ဆက်ခင်းသွားကြမည်လား။

ပြည်သူများကတော့ ဒီစစ်အာဏာရှင်များနဲ့ လမ်းခွဲဖို့ ယတိပြတ်ဆုံးဖြတ်ပြီးကြပါပြီ။


စစ်အာဏာရှင်စနစ် အမြစ်ဖြတ်ကြစို့။

ကြီးမြတ်သော ဗမာပြည်ကွန်မြူနစ်ပါတီ အဓွန့်ရှည်ရမည်။

............................ **စာတည်းအဖွဲ့**

............................**၅-၈-၂၀၂၄**

# နီပေါကွန်မြူနစ် အာဇာနည်ကဗျာဆရာနဲ့ သူ့ရဲ့ကဗျာ




**ဂျယ်ဘမ်းကို အလေးပြုခြင်း**

ခရစ်ရှ်ုနားစံ "အစ်ချုတ်"

(နီပေါ ကွန်မြူနစ် အာဇာနည် ကဗျာဆရာ၊ စာရေးဆရာ ခရစ်ရှ်ုနားစံ "အစ်ချုတ်" ရဲ့ ကဗျာကို အင်္ဂလိပ်ဘာသာမှ ပြန်ဆိုထားခြင်း ဖြစ်ပါတယ်။ )

ဂျယ်ဘမ်း
လာဘန်ယမ်း၏ထိပ်ဖျားမှာ ရပ်လျက်
အဝေးကို မျှော်ငေး
လွတ်မြောက်ရေး မိုးကုပ်စက်ဝိုင်းရှိရာ
အချုပ်အခြာမြင့်မား တောင်တန်းများကား
မားမားရပ်လျက် ပူဆွေးမှုအတွက် ငြိမ်သက်
ကြီးမြတ်သည့် စစ်သည်တော် ငါးယောက်အား ယခုပင်
အလေးအမြတ်ပြုနေကြ၏
ခေါင်ဖျားပေသိ လှုပ်ရှားနိုးကြား ရွာငယ်များ၊ တောင်ကုန်းများနှင့် လွင်ပြင်များ
တသီတတန်း ညီညာလှမ်းလျက်
လွတ်မြောက်ရေးဆီ အဆုံးမဲ့ခရီးချီရာ
လေးနက်သစ္စာဖြင့် ဆင်ခြင်
တိုးတက်သော စိတ်ပင် ဖြစ်၏။

အရပ်ရှစ်မျက်နှာအား
ခံစားမှုဖြင့် ငဲ့ကြည့် စာနာ
လူထု၏ ကြေကွဲစရာ ဖြစ်ရပ်များသာ သတိရ
မထိမ်းနိုင်သည့် ငါ ငိုချလိုက်မိ
ရှစ်ခွင်တိုင်းမှ မိုးကုပ်စက်ဝိုင်းကား
မိုးသောက်နီအလား
နီဆွေးဖြာလျက် တလက်လက်
လွတ်မြောက်နယ်မြေ ခံစားချက် ရုပ်ပုံလွှာသစ်သည်လဲ
ခိုင်မြဲသည့် သံနှင့်ကျောက်တိုင်ပမာ မားမားရပ်လျက်
ကြောက်ရွံ့ခြင်း ကင်းပါဘိလေ။
ဂျားမားကတ်ဆလ၊ ဆီရမ်းနှင့် တေးဘမ်း
ခေါ်သွားလို တောက်ပ
သဏ္ဌာန်သစ်များပြောင်း
လူတန်းစားတိုက်ပွဲနီ၏ သူရဲကောင်းများအဖြစ်သို့
ငါတို့၏ မီးရှုတ်နဲ့ ထာဝမ်း
ဆန်းသစ်သည့် ပြည်သူ့စစ်ပွဲ မီးလျှံသစ်
မဆုတ်မနစ်တမ်း လောင်ကျွမ်းသည့်နေရာ
ကလလရေကြည်
သန္ဓေတည်စ ခေတ်သစ်၏
သမိုင်းသစ်ကို ထိုစာမျက်နှာသစ်၌
ရေးထိုးလိုက်ပြီ
ပြည်သူ့စစ်ပွဲ သမိုင်းသစ်ကို ဖတ်လျက်

လာဘန်ယမ်း၏ ထိပ်မှာ ရပ်လျက်
သင့်အိပ်ရာ၏ အာဇာနည်တံခါး
ငါကား လောင်ကျွမ်းသည့် ခပ်နွေးနွေး မီးလျှံ
င့်ါ ရင်ထဲက
ခေတ်သစ်၏ ပြောင်းဆန်သော ရောင်ခြည်များ
နီရဲတောက်ပ မိုးကုပ်စက်ဝိုင်းမှ မီးဝမ်းကြာတိုက်ပမာ
မလျှော့သည့်ဖွဲဖြင့်သာ
ခေတ်သစ်တခု၏ ပိုင်းဖြတ်မှု ငါ ပြုစုပျိုးထောင်။
တောင်ကုန်းများကား တောင်ကုန်းများသာ မဟုတ်တော့
စစ်သည်နီများ ဖြစ်လာကြပြီ
တောအုပ်များလည်း တောအုပ်များသာ မဟုတ်တော့
လူထုတပ်များ ဖြစ်လာကြပြီ
ကျေးရွာများကား
လက်စားချေရေး စခန်းများမှာ
ညီညာဖျဖျ ရှိနေကြပြီ
သည်မြေ၏ အထွဋ်အထိပ်မှာ
ဝေရတ်သည်လည်း အလံနီများပမာ ဝင်းပလျက် ရှိချေပြီ။
ဂျယ်ဘမ်း
လာဘန်ယမ်း၏ ထိပ်မှာ ရပ်လျက်
သော့ခတ်ထားသည့် တချိန်က အချုပ်ခန်းသည်ကား
စစ်ဆင်ရေး၏ အဦးဆုံး "ချိုတရီ" အလား
တော်လှန်ရေး ကတုတ်ကျင်းသာ ဖြစ်သွားလေပြီ။
အက်ကွဲပွင့်ဟ ဤခေတ်သစ်၏ နှုတ်ခမ်းဝမှာ ရပ်လျက်
ငါ အလေးနီပြုလိုက်သည်
ဂုဏ်ရောင်ပြောင်သည့် စစ်မြေပြင်က အို တပ်နီတော်
အပေါင်းတို့
ငါ အလေးနီပြုလိုက်သည်
အဆုံးသတ်အောင်ပွဲ၏ အလေးနီ။ ။

**ဂျယ်ဘမ်း** – နီပေါနိုင်ငံ ရိုလ်ပါခရိုင်ထဲက သမိုင်းဝင် တော်လှန်ရေးဒေသတခု။ မော်ဝါဒီ ကေဒါ ၅ ယောက် အာဇာနည်အဖြစ် သမိုင်းမော်ကွန်းထိုးရာ အရပ်လည်း ဖြစ်ပါတယ်။

**လာဘန်ယမ်း** – တောင်ပေါ် ခရီးမှာ ထမ်းပိုးလာတဲ့ အထုပ်များချပြီး ခေတ္တနားခိုရာ မြေပြန့်နေရာများ။


**ဂျားမားကတ်ဆလ၊ ဆီရမ်း၊ တေးဘမ်း၊ မီရွတ်၊ ထာဝမ်း** – ရိုလ်ပါ ခရိုင်အတွင်းရှိ ပြည်သူ့စစ်ပွဲ ပိုမိုအားကောင်းသော ကျေးရွာများ။

**ချိုတရီ** – အများပြည်သူ ခရီးတထောက် နားခိုရာ၊ လူထု အစည်းဝေးများ ပြုလုပ်ရာ ညောင်ပင်အောက်က ကွပ်ပျစ်။

**Salute Jelwang**

Krishna Sen "Ichchhuk"

Jelbang
Standing on the peak on the top of Labhanjyang
I'm looking far away
Towards the horizon of liberation
The high hills of sovereignty look
Standing straight silent for the mourning
In respect to the five great warriors right now
The solitary but restless hamlets, hills and plains
Are unified in the procession
Of endless journey to liberation
The deep devoted contemplation
The conscience of progression.
I look with sensibility
At all directions
Recalling the painful stories of the people



I can't control myself, and cry
Like the red morning
The horizon in each side
Looks red–red deep dazzling red
A novel emotional image of a liberated land
Stands like a firm pillar of iron and rock
Not scared of anything
Jaimakasala, Seram and Tebang
Shine like the sharp edge of a sword
Transfigured into new forms
As the heroes of the red class–struggle
Our Mirul and Thawang
Where there's blazing
The fresh fire of innovative people's war
Persistent and the novel history
Of embryonic new era is being written
In those novel page
Reading the new history of the people's war
Standing on the peak of Lalbhanjyang
Like the martyr gate of your bed
I'm blazing warm fire
In my bosoms
The turbulent rays of the new time
Like a womb of fire in the red–red horizon
In an unyielding determination
I'm nurturing the determination of a new era.
The hills are not mere hills now
They are red warriors
The jungles are not jungles now
They are mass of people's army
The villages are unified
In the camps of retaliation
On this peak of the land
Everest 5 is glowing as red flags.
Jelwang,
Standing on the peak of Lalbhanjyang,
Once a locked jail is now
An open trench of revolution like the first chautari
6 of operation
Standing at the crevice of this new epoch
I greet you with a red salute
Oh red armies of the grand battlefield
I offer you the red salute
The red salute of ultimate victory.

1) Name of the place in Rolpa district, also popular as historical palace of People's War, where five Maoist cadres got martyrdom.


2) The plain area in the hill where people wait to take rest for a while taking off their loads. Here, Labhanjyang also refers to the martyrs Lai Bahadur after home the pass was named.


3. The villages of Rolpa district where People's War was more vibrant.

4. The villages of Rolpa district where people's war was more vibrant.

5) The Mt. Everest, the highest mountain that lies in Nepal at the northern Nepal–China border.

6) A public space under banyan trees where people gather to take rest or conduct public gatherings.






# ကွန်မြူနစ်

## အာဇာနည် ကဗျာဆရာ

နီပေါနိုင်ငံမှာ ပဒေသရာဇ် အာဏာရှင်စနစ် ဖျက်သိမ်းဖို့ နီပေါကွန်မြူနစ်ပါတီ (မော်ဝါဒီ) က ဆယ်နှစ်ဆယ်မိုး လက်နက်ကိုင် တော်လှန်ရေး ဆင်နွှဲပါတယ်။ ၂၀၀၆ ခုနှစ်မှာ ဘုရင်စနစ် ဖျက်သိမ်းပြီး ဖက်ဒရယ် ဒီမိုကရေစီ သမ္မတနိုင်ငံ ထူထောင်နိုင်ခဲ့တယ်။ တော်လှန်ရေးအတွင်းမှာ ကွန်မြူနစ် အာဇာနည်တွေ အမြောက်အမြား အသက်ပေးလှူခဲ့ရပါတယ်။ လူသိထင်ရှား ကျဆုံးသွားသူတွေအပြင် သတင်းအစအန ရှာမရဘဲ ပျောက်ဆုံးသွားသူများဟာလည်း ထောင်ဂဏန်း ရှိတယ်လို့ ဆိုပါတယ်။


အဲသလို ဖမ်းဆီးသတ်ဖြတ်ပြီး အလောင်းဖျောက်တာ ခံရသူတွေထဲမှာ ထင်ရှားတဲ့ သတင်းစာဆရာ၊ စာရေးဆရာ ခရစ်ရှ်နားစံ "အစ်ချွတ်" လည်း ပါပါတယ်။ အိန္ဒိယမှာ မွေးဖွားပြီး အသက် ခြောက်နှစ်ခန့်မှာ နီပေါကို သူ့ မိသားစုနဲ့ အတူ ပြန်ရောက်လာပါတယ်။ နီပေါနိုင်ငံမှာပဲ ဆက်လက် ပညာသင်ယူပြီးတဲ့နောက် ကျောင်းသားဘဝမှာ ကွန်မြူနစ်ပါတီဝင် ဖြစ်ခဲ့ပြီး နီပေါနိုင်ငံလုံးဆိုင်ရာ လွတ်လပ်သော ကျောင်းသားများသမဂ္ဂ (ANNFSU) ရဲ့ ဗဟိုကော်မတီ ညှိနှိုင်းရေးမှူးတာဝန် ယူခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ကွန်မြူနစ်ပါတီရဲ့ ရပ္ပတီဒေသဗျူရို အတွင်းရေးမှူး တာဝန် ထမ်းဆောင်ပါတယ်။

ပဒေသရာဇ် အာဏာရှင်စနစ်ကို ဆန့်ကျင်တဲ့ ကျောင်းသားလှုပ်ရှားမှုများမှာ အကြိမ်ကြိမ် ပါဝင်ခဲ့ပြီး၊ အကြိမ်ကြိမ် အကျဉ်းချခံရတယ်။ အကျဉ်းထောင်ထဲမှာ စုစုပေါင်း ဆယ်နှစ်ခန့် ဖြတ်သန်းခဲ့ရတယ်။ အိန္ဒိယကနေ အိုင်အေတန်း

အောင်မြင်ခဲ့သလို ထောင်က လွတ်ပြီးတဲ့နောက်မှာလည်း နီပေါနိုင်ငံ တြိဘူဝမ် တက္ကသိုလ်ကနေ ပညာရေးဘွဲ့ ရပါတယ်။ မဟာတန်း ဆက်ပြီး တက်ရောက်စဉ်မှာပဲ နိုင်ငံရေးလှုပ်ရှားမှုတွေကြောင့် သင်တန်း ပြီးဆုံးအောင် မတက်နိုင်ခဲ့ပါဘူး။

မိခင်ပါတီဖြစ်တဲ့ နီပေါကွန်မြူနစ်ပါတီ (မော်ဝါဒီ) က လက်နက်ကိုင် တော်လှန်ရေး စတင် ဆင်နွှဲကြောင်း ကြေညာတဲ့အခါ သူမြေအောက်ဆင်းသွားပြီး ပါတီလုပ်ငန်းများကို တက်တက်ကြွကြွ လုပ်ကိုင်ပါတယ်။ သူ့ကို အရှင်ရရ၊ အသေရရ ဖမ်းဆီးနိုင်သူကို ရူပီးငွေ သုံးသန်းခွဲ ဆုချမယ်ဆိုပြီး အုပ်စိုးသူအစိုးရက ကြေညာတာ ခံရပါတယ်။

နောက်ဆုံးအကြိမ် ဖမ်းဆီးခံရတဲ့ ၂၀၀၂ ခုနှစ်မှာ သူက “ဂျာနာဒက်ရှ်” အပတ်စဉ် သတင်းစာမှာ စာတည်းလုပ်နေတာပါ။ ဒီသတင်းစာက လက်နက်ကိုင် တော်လှန်ရေးနဲ့ ဆက်စပ်ပြီး ထုတ်ဝေတဲ့ သတင်းစာ ဖြစ်ပါတယ်။ အစိုးရက သတင်းစာတိုက်ကို ဝင်စီးနင်းပြီး သတင်းထောက်တွေ၊ သတင်းစာ ဆရာတွေကို ဖမ်းဆီးတဲ့အခါ ကံကောင်းထောက်မစွာနဲ့ သူ လွတ်မြောက်သွားပါတယ်။ သတင်းစာတိုက် ပိတ်သိမ်းခံရပေမယ့် သူက လျှို့ဝှက်ပြီး ဆက်လက်ထုတ်ဝေပါတယ်။ ၂၀ ရက် မေလ ၂၀၀၂ ခုနှစ်မှာတော့ သူ ပုန်းခိုရာ အိမ်ရှင်ကတဆင့် ရန်သူက သတင်းရသွားတာကြောင့် အဖမ်းခံရပါတယ်။




အဲသလို အဖမ်းခံရပြီး တပတ်အကြာ ၂၇ ရက် မေလ ၂၀၀၂ ခုနှစ်မှာ ရန်သူ့ စစ်ကြောရေး ငရဲခန်းမှာပဲ ကျဆုံးသွားပါတယ်။ သူ့ ကြွင်းကျန်ရစ်တဲ့ အလောင်းကို ပြန်မရပါဘူး။ ကျဆုံးချိန်မှာ အသက် ၄၆ နှစ် ရှိပါပြီ။ ဇနီးနဲ့ သမီးတယောက် ကျန်ရစ်ခဲ့ပါတယ်။ သူ့ ရဲဘော်များက သူ့ကို ပြည်သူ့ ကဗျာဆရာ၊ စာရေးဆရာ၊ စစ်သတင်းထောက်၊ ပြည်သူ့ စစ်ပွဲ သားကောင်း စစ်သည်တဦး အဖြစ် ဂုဏ်ပြုကြပါတယ်။

နီပေါ နိုင်ငံလုံးဆိုင်ရာ ယဉ်ကျေးမှုအသင်းနဲ့ တိုးတက်သော စာရေးဆရာများအသင်းရဲ့ ဗဟို ကော်မတီဝင် တာဝန်များလည်း ထမ်းဆောင်ခဲ့တဲ့ သူ့ကို မိခင်ပါတီဖြစ်တဲ့ ကွန်မြူနစ်ပါတီ (မော်ဝါဒီ) က “အကြီးမြတ်ဆုံးသော ယဉ်ကျေးမှု အာဇာနည်” ဖြစ်တယ်လို့ ကြေညာခဲ့ပါတယ်။ အခုဆိုရင် သူ့ကို ဂုဏ်ပြုတဲ့အနေနဲ့ သူ့နာမည်နဲ့ ဖွင့်လှစ်ထားတဲ့ သင်တန်းကျောင်းတွေလည်း အတော်များများ ရှိပါတယ်။ ဒီထဲက ကျောင်းတကျောင်းကတော့ “အစ်ချွတ် ယဉ်ကျေးမှု အကယ်ဒမီ” ပဲ ဖြစ်ပါတယ်။ ။



# အမေရိကန်နိုင်ငံခြားရေးပေါ်လစီအပေါ် ဩဇာကြီးတဲ့ **နိုင်ငံခြားဆက်ဆံရေးကောင်စီအဖွဲ့**

(၁)

နိုင်ငံခြားဆက်ဆံရေးကောင်စီ (Council on Foreign Relations – CFR) ဆိုတာ အမေရိကန် နိုင်ငံခြားရေး ပေါ်လစီနဲ့ နိုင်ငံတကာ ဆက်ဆံရေးကို အထူးအလေးထားတဲ့ ကျွမ်းကျင်တဲ့ အမေရိကန်နိုင်ငံက ပညာရှင်အဖွဲ့တခု ဖြစ်ပါတယ်။ ဒီအဖွဲ့ကို ၁၉၂၁ ခုနှစ်မှာ စတင်ထူထောင်တယ်။ လွတ်လပ်ပြီး ပါတီစွဲမရှိတဲ့ အမြတ်အစွန်းမရှာတဲ့ အဖွဲ့အစည်း ဖြစ်တယ်လို့ ဆိုပါတယ်။ သူ့အဖွဲ့ဝင်တွေထဲမှာ ဝါရင့်နိုင်ငံရေးသမားတွေ၊ နိုင်ငံခြားရေး ဝန်ကြီးတွေ (ဥပမာ ဟင်နရီ ကစ်ဆင်ဂျား)၊ ဗဟိုထောက်လှမ်းရေး ညွှန်မှူးတွေ၊ ဘဏ်လုပ်ငန်းရှင်တွေ၊ ရှေ့နေတွေ၊ ပါမောက္ခတွေ၊ ကော်ပိုရေးရှင်းညွှန်ချုပ်တွေ၊ အမှုဆောင် အရာရှိချုပ်တွေနဲ့ ဝါရင့်နာမည်ကြီး သတင်း မီဒီယာသမားတွေ ပါဝင်တယ်။ ဒီလောက်ဆိုရင် ဒီအဖွဲ့အစည်း CFR ဟာ ပေါ့ပေါ့တန်တန် အဖွဲ့ မဟုတ်ဘူး ဆိုတာ သိသာနေပါပြီ။ CFR ဟာ လက်ဝါးကြီးအုပ် ဘဏ္ဍာအရင်းရှင်ရဲ့ သုခမိန်အဖွဲ့ တနည်းအားဖြင့် ဝေါလမ်းမရဲ့ သုခမိန်အဖွဲ့လို့ ဆိုနိုင်တယ်။

> နာတန်ယာဟုက သမ္မာကျမ်းစာကို ကိုးကားပြီး “ယောက်ျား၊ မိန်းမ၊ ကလေးနဲ့ မွေးစကလေးအပါ ဘယ်သူ့မှ ချမ်းသာမပေးနဲ့။ အကုန်သာ သတ်ပစ်” လို့ အမိန့်ပေး

၁၉၂၂ ခုနှစ်ကတည်းက နိုင်ငံတကာရေးရာဂျာနယ် (Foreign Affairs) ကို CFR က ၂ လတကြိမ် ထုတ်ဝေတယ်။ အမေရိကန် နိုင်ငံခြားရေး ပေါ်လစီအပေါ် ဩဇာကြီးတဲ့ ဂျာနယ် ဖြစ်တယ်။ ဒါ့အပြင် စာအုပ်စာတမ်းတွေလည်း အများအပြား ထုတ်ဝေတယ်။ နှစ်စဉ်ရာချီတဲ့ နိုင်ငံတကာရေးရာနဲ့ ပတ်သက်တဲ့ ပရိုဂရမ်တွေကိုလည်း အမေရိကန်မှာကော နိုင်ငံတကာမှာပါ ပြုလုပ်တယ်။

ဒီအဖွဲ့ဟာ အမေရိကန် နိုင်ငံခြားရေး ပေါ်လစီအပေါ် ဩဇာကြီးတယ်။ ဒီဆောင်းပါးမှာတော့ လတ်တလော နိုင်ငံတကာရေးရာမှာ ထိပ်တန်းရောက်နေတဲ့ အစ္စရေးလ် - ဂါဇာ စစ်ပွဲဆိုင်ရာ အမေရိကန် ပေါ်လစီအပေါ် CFR ရဲ့ ဩဇာ သက်ရောက်နေပုံ အကြောင်းကိုပဲ ဖောင်းပေးဖော်ပြသွားမှာ ဖြစ်ပါတယ်။

CFR ဟာ အစ္စရေးလ်ရဲ့ ဇီယွန်နိုင်ငံတော်နဲ့ နီးကပ်တဲ့ ဆက်ဆံရေးရှိပြီး အမေရိကန်ရဲ့ အစ္စရေးလ်နိုင်ငံဆိုင်ရာ ပေါ်လစီ ဖော်ဆောင်မှုအပေါ် ဩဇာ သက်ရောက်မှု ကြီးတယ်။ CFR ဟာ အစ္စရေးလ်အတွက် လော်ဘီ (lobby) လုပ်ပေးနေတဲ့ အဖွဲ့ ဖြစ်တယ်။ အစ္စရေးလ်ရဲ့ ပေါ်လစီတွေနဲ့ လုပ်ဆောင်မှုတွေကို ဝေဖန်မှုမှန်သမျှ ဂျူးဆန့်ကျင်ရေး (antisemitism) အဖြစ် CFR က ပုံဖော်လေ့ရှိတယ်။

ဂါဇာမှာ ပါလက်စတိုင်းတွေအပေါ် အစ္စရေးလ်က ရက်ရက်စက်စက် ဖုံးကြဲပစ်ခတ်သတ်ဖြတ်နေတာ၊ အစာရေရိက္ခာ၊ လျှပ်စစ်၊ လောင်စာ စတာတွေ ပိတ်ဆို့ကန့်သတ်ထားတာတွေနဲ့ ပတ်သက်ပြီး အမေရိကန် တက္ကသိုလ်တွေမှာ ကန့်ကွက်ဆန့်ကျင်ဆန္ဒပြမှုတွေ ပျံ့နှံ့နေတယ်။ အခုအခါ ဒီကန့်ကွက်ဆန္ဒပြပွဲတွေဟာ ကမ္ဘာတလွှားက တက္ကသိုလ် အများအပြားဆီ ပျံ့နှံ့သွားနေပြီ ဖြစ်တယ်။ သမ္မတ ဘိုင်ဒင်က လွတ်လပ်စွာ ဆန္ဒပြလို့ ရပေမယ့် ဂျူးဆန့်ကျင်ရေး (antisemitism) လုပ်တာကိုတော့ ခွင့်မပြုနိုင်ဘူးလို့ ပြောတယ်။ CFR နဲ့တလေတည်းပဲလို့ ပြောရမှာပါ။ အဲဒီလိုပြောပြီး တက္ကသိုလ် ကျောင်းသား ဆန္ဒပြပွဲတွေကို ရဲတပ်ဖွဲ့နဲ့ အင်အားသုံး နှိမ်နင်းပါတယ်။

(၂)

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်နေ့က ဂါဇာရှိ ပါလက်စတိုင်း ဟားမတ်စ် (Hamas) အဖွဲ့က အစ္စရေးလ်ကို အလစ်အငိုက် တိုက်ခိုက်လိုက်တယ်။ ထောင်ပေါင်းများစွာသော ဒုံးလက်နက်တွေ အစ္စရေးလ်နိုင်ငံထဲ ပစ်ခတ်ခဲ့တယ်။ ဟားမတ်စ် စစ်သည်တွေလည်း မြေပြင်ကနေ အစ္စရေးလ်ထဲ ထိုးဖောက် ဝင်သွားခဲ့တယ်။ အစ္စရေးလ် စစ်သည်နဲ့ အရပ်သား တထောင်ကျော် အသတ်ခံရတယ်။ ဓားစာခံ ၂၅၂ ယောက် ဖမ်းဆီးလာခဲ့တယ်။ အဲဒီနောက်မှာ အစ္စရေးလ်က ဂါဇာရှိ ပါလက်စတိုင်းများကို ပြင်းပြင်းထန်ထန် တုံ့ပြန်ထိုးနှက် တိုက်ခိုက်တော့တယ်။

အစ္စရေးလ် ဝန်ကြီးချုပ် နာတန်ယာဟု အပါအဝင် ဇီယွန် အစိုးရအဖွဲ့ဝင်တွေ ဘယ်လိုကြိမ်းခဲ့သလဲ ဆိုတာကို အရင်ကြည့်ပါ။

အစ္စရေးလ် ဝန်ကြီးချုပ် နာတန်ယာဟုက သမ္မာကျမ်းစာကို ကိုးကားပြီး “ယောက်ျား၊ မိန်းမ၊ ကလေးနဲ့ မွေးစကလေးအပါ ဘယ်သူ့မှ ချမ်းသာမပေးနဲ့။ အကုန်သာ သတ်ပစ်” လို့ အမိန့်ပေးတယ်။

သမ္မတ အိုင်ဇက်ဟာဂေါ့ကတော့ ပါလက်စတိုင်း အရပ်သားတွေကိုပါ တရားဝင် ပစ်မှတ်အဖြစ် သဘောထားပြီး တိုက်ခိုက်ဖို့ အစ္စရေးလ်စစ်တပ်ကို မီးစိမ်းပြခဲ့တယ်။ “အဲဒီမှာ ရှိနေတဲ့ တမျိုးသားလုံးဟာ တာဝန်ရှိကြတယ်။ အရပ်သားတွေက (ဟားမတ်စ် တိုက်ခိုက်မှုကို) သတိမမူမိလိုက်ကြဘူး၊ ပါဝင်ပတ်သက်မှု မရှိကြဘူးဆိုတာ မမှန်ဘူး။ ထကြွမှုမှာ သူတို့လည်း ပါခဲ့နိုင်တာပဲ”

“အဲဒီ (ဂါဇာ) မှာ လျှပ်စစ်မီးမရှိစေရဘူး။ ရေမရှိစေရဘူး။ ပျက်သုဉ်းခြင်းသာ ရှိစေရမယ်။ မင်းတို့က ငရဲလိုချင်တာဆိုတော့ ငရဲပဲကျစေရမယ်။ ” - အစ္စရေးလ် စစ်ဗိုလ်ချုပ် ဂါဆန်အလီယန်။

“ဂါဇာကမ်းမြောင်ကို လုံးဝဥဿုံသိမ်းပိုက်ဖို့ အမိန့်ပေးလိုက်ပြီ။ အဲဒီမှာ လျှပ်စစ်မရှိရ၊ အစာရိက္ခာမရှိရ၊ လောင်စာဆီ မရှိရ.... ငါတို့ဟာ လူ့တိရစ္ဆာန်တွေကို တိုက်နေတာဖြစ်တယ်။ လူ့တိရစ္ဆာန်တွေနဲ့ ထိုက်တန်တဲ့ တိုက်ခိုက်မှုတွေ လုပ်ရမယ်။ အလုံးစုံဖယ်ရှားပစ်ရမယ်” - အစ္စရေးလ် ကာကွယ်ရေး ဝန်ကြီး ယောဗ့်ဂေါလန့်။

ဒါတွေဟာ အစ္စရေးလ်အစိုးရရဲ့ ထိပ်တန်းခေါင်းဆောင်ကြီးတွေ ကြုံးဝါးခဲ့ကြတာတွေပဲ ဖြစ်တယ်။ အပြောနဲ့အညီ

လက်တွေ့မှာလည်း ဂါဇာကမ်းမြောင်မှာ အစ္စရေးစစ်တပ်က မီးကုန်ယမ်းကုန် ကြမ်းပြရမ်းပြကြတယ်။ မေလကုန်အထိ စာရင်းတွေအရ ပါလက်စတိုင်း ၃,၆၀၀၀ ကျော်သေဆုံးခဲ့ပြီး ၆ သောင်းကျော် ထိခိုက်ဒဏ်ရာရခဲ့ကြတယ်။ ဒီအထဲက တဝက်ကျော်ဟာ အမျိုးသမီးနဲ့ ကလေးငယ်တွေ ဖြစ်ကြတယ်။

ဒီလူမဆန်တဲ့ အစ္စရေးလ်စစ်တပ်ရဲ့ ဂါဇာစစ်ပွဲမှာ အသုံးပြုနေတဲ့ ဗုံး၊ ဒုံး၊ လက်နက်ခဲယမ်းတွေကို အမေရိကန်နဲ့ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီစတဲ့ အနောက် အုပ်စုနိုင်ငံတွေက ထောက်ပံ့ပေးနေတာဖြစ်တယ်။ အစ္စရေးလ် စစ်တပ်က စစ်ရာဇဝတ်မှုတွေပြောင်ပြောင်တင်းတင်းချိုးဖောက်နေတာကို ကမ္ဘာအရပ်ရပ်က ဆန့်ကျင်ရှုတ်ချတာတွေ များနေတဲ့ကြားက ဆက်လက်ပံ့ပိုးထောက်ပံ့ပေးနေကြတာ ဖြစ်ပါတယ်။

(၃)

အမေရိကန်မှာ အစ္စရေးအတွက် လော်ဘီလုပ်ပေးနေတဲ့ အဖွဲ့အစည်းတွေ များပါတယ်။ ဒါပေမဲ့ ဒါတွေထဲမှာ CFR က ဗဟိုအချက်အချာနေရာမှာ ရှိပါတယ်။

၂၀၁၆ ခုနှစ်မှာ ထုတ်ဝေတဲ့ CFR ရဲ့ မဟာဗျူဟာ အစီရင်ခံစာတစောင် အဆိုအရ၊ CFR ဟာ အမေရိကန် – အစ္စရေးလ် ဆက်ဆံရေးကို နက်နက်ရှိုင်းရှိုင်း ဂရုစိုက်ပြီး ရေရှည်ဆက်ဆံရေးအဖြစ်လည်း ထိန်းသိမ်းသွားချင်တယ်လို့ သိရတယ်။ ဒီဆက်ဆံရေးကနေ အမေရိကန်က အောက်ပါ အကျိုးအမြတ်တွေ ရရှိနေတယ်လို့လည်း နိဂုံးချုပ်ပါတယ်။

(က) အစ္စရေးလ်ကို ဝေဖန်ကြသူတချို့ ပြောသလို မဟုတ်ဘဲ ဒီဆက်ဆံရေးကနေ အမေရိကန်က အကျိုးအမြတ် အများကြီး ရရှိတယ်။ ကမ္ဘာ့ တည်ငြိမ်မှုမရှိဆုံးဒေသမှာ အစ္စရေးလ်ဟာ အမေရိကန်ရဲ့ အရင်းနှီးဆုံး မဟာဗျူဟာ ပါတနာ ဖြစ်တယ်။ အကြမ်းဖက်ဝါဒ၊ နယူကလီးယားမပြန့်ပွားရေးနဲ့ ဒေသတွင်းနိုင်ငံရေးတွေနဲ့ ပတ်သက်ပြီး တန်ဖိုးရှိတဲ့ သတင်းအချက်အလက်တွေ အစ္စရေးလ်ဆီက ရတယ်။

(ခ) စစ်ရေးဘက်မှာဆိုလည်း အရေးကြီးတဲ့ အကျိုးအမြတ်တွေ ရရှိတယ်။ စစ်ဘက်ဆိုင်ရာနည်းပညာ၊ ထောက်လှမ်းရေးသတင်း၊ ပူးတွဲသင်တန်းလေ့ကျင့်ရေးနဲ့ ဆိုက်ဘာလုံခြုံရေး ဆိုင်ရာတွေမှာ ဖြစ်တယ်။

(ဂ) အစ္စရေးလ်ဟာ နိုင်းယှဉ်ချက်အရ လူဦးရေနည်းတဲ့ နိုင်ငံဖြစ်ပေမယ့် အမေရိကန်မှာ အရှေ့အလယ်ပိုင်း နိုင်ငံတွေထဲမှာ အကြီးမားဆုံးရင်းနှီးမြှုပ်နှံထားတဲ့ နိုင်ငံဖြစ်တယ်။ အမေရိကန်ရဲ့ တတိယအများဆုံး ကုန်တင်ပို့ရတဲ့ အရှေ့အလယ်ပိုင်းနိုင်ငံလည်း ဖြစ်တယ်။ အမေရိကန်ရဲ့ အဆင့်မြင့်နည်းပညာဆိုင်ရာ သုတေသနနဲ့ ဖွံ့ဖြိုးရေးဆိုင်ရာ အရေးကြီး လုပ်ဖော်ကိုင်ဖက် ဖြစ်တယ်။ ပြည့်ဖြိုးမြဲစွမ်းအင်၊ ရေနဲ့အစာရိက္ခာလုံခြုံရေးစတဲ့ ၂၁ ရာစုရဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့ တီထွင်ဆန်းသစ်တဲ့ အတွေးအမြင်တွေကိုလည်း အစ္စရေးလ်ဆီကနေ ရရှိနေတယ်။

ဒါဟာ CFR ရဲ့ ပဓာနကျတဲ့ ရှုမြင်ချက်ပဲ ဖြစ်တယ်။ အနောက်အာရှနဲ့ အရှေ့အာရှတို့ဟာ သူတို့ရဲ့ ရေနံ၊ သဘာဝဓာတ်ငွေ့နဲ့ အဓိကကျတဲ့ကုန်သွယ်လမ်းကြောင်းတွေကြောင့် ကမ္ဘာ့အင်အားကြီးတွေအတွက် အလွန်အရေးပါတဲ့ဒေသ ဖြစ်တယ်။ CFR နဲ့ အခြား ဩဇာရှိအုပ်စုတွေရဲ့ နိုင်ငံခြားရေးပေါ်လစီတွေဟာ အဲဒီဒေသတွေ ထိန်းချုပ်နိုင်ရေးကို အလေးထားတယ်။ ဒါကြောင့် မိမိရဲ့ အမာခံ မဟာမိတ်နိုင်ငံအဖြစ် အစ္စရေးလ်ကို ထောက်ခံအားပေးရမှာ ဖြစ်တယ်လို့ လော်ဘီလုပ်ကြတယ်။

(၄)

CFR က အစ္စရေးလ်အတွက် လော်ဘီလုပ်ပေးနေတဲ့ အကြောင်းတွေထဲမှာ စီးပွားရေး အကျိုးစီးပွားတွေလည်း ပါဝင်တယ်။ CFR နဲ့ဆက်စပ်နေတဲ့ ဝေါလမ်းမရဲ့ လက်ဝါးကြီးအုပ် ဘဏ္ဍာအရင်း ကော်ပိုရေးရှင်းကြီးတွေ အတော်များများရှိပါတယ်။ ဒီ ကော်ပိုရေးရှင်းကြီးတွေ အတွက်ကတော့၊ အစ္စရေးလ်ဟာ အလွန်အရေးပါတဲ့ ဈေးကွက်ဖြစ်ပြီး အံ့ဖွယ် နည်းပညာဗဟိုချက်တခုလည်း ဖြစ်ပါတယ်။ ဒီအထဲက ဥပမာ ကမ္ဘာ့ထိပ်တန်း ရေနံနဲ့ သဘာဝဓာတ်ငွေ့ ကုမ္ပဏီကြီးတခု ဖြစ်တဲ့ ရှဗရွန် ဟာ CFR ရဲ့ သမနိရှည် အဖွဲ့ဝင်ကော်ပိုရေးရှင်း ဖြစ်တယ်။ ၂၀၁၀ ခုနှစ်က ပါလက်စတိုင်း ကမ်းလွန်မှာ သဘာဝဓာတ်ငွေ့သိုက် ရှာတွေ့ခဲ့တဲ့ အမေရိကန် အခြေစိုက် နိုဘဲလ်စွမ်းအင်ကုမ္ပဏီရဲ့ လုပ်ငန်းတွေကို ရှက်ဗရွန်က ၂၀၂၀ ခုနှစ်မှာ လွှဲပြောင်းရယူခဲ့တယ်။ အဲဒီနောက် အစ္စရေးလ်မှာ သူ့ရဲ့လုပ်ခင်းကိုင်ခင်းတွေ ကြီးမားကျယ်ပြန့်လာခဲ့တယ်။ ”

**CFR က အစ္စရေးလ်အတွက် လော်ဘီလုပ်ပေးနေတဲ့ အကြောင်းတွေထဲမှာ စီးပွားရေး အကျိုးစီးပွားတွေလည်း ပါဝင်**

## အမေရိကန်မှာ ရွေးကောက်ပွဲဝင်မယ်ဆိုရင် ကုန်ကျစရိတ်အလွန်ကြီးတယ်

အမေရိကန်နဲ့ဇီယွန်ဝါဒီအစ္စရေးလ်တို့က ပါလက်စတိုင်းတို့ရဲ့ နယ်မြေကို သိမ်းယူထားတဲ့အပြင် ပါလက်စတိုင်းတွေကို ကိုလိုနီကျွန်ဘဝမှာ ဆက်ထားနေရုံမက ဒီဒေသကနေတောင် မောင်းထုတ်ပစ်ချင်ကြတယ်။ စီးပွားရေးအကျိုးအမြတ်တွေကို ရရှိခံစားနေကြရတာကြောင့် အဲဒီလို လုပ်နေကြတာပဲ ဖြစ်တယ်။

--

### (၅)

အမေရိကန် နိုင်ငံရေးစနစ်မှာ ရွေးကောက်ပွဲ ရန်ပုံငွေဟာ အလွန် အရေးပါတယ်။ အမေရိကန်မှာ ရွေးကောက်ပွဲဝင်မယ်ဆိုရင် ကုန်ကျစရိတ်အလွန်ကြီးတယ်။ ရွေးကောက်ပွဲရန်ပုံငွေ လှူဒါန်းတာတွေအပေါ် စည်းကမ်းကန့်သတ်မှုကလည်း အလွန်နည်းတယ်။ ဒါကြောင့် ရွေးကောက်ပွဲမှာ မဲအများရဖို့အတွက် ပြိုင်ဆိုင်ကြရာမှာ အစ္စရေးလ်အတွက် လော်ဘီလုပ်ပေးနေတဲ့ CFR၊ ကော်ပိုရေးရှင်းကြီးတွေနဲ့ သူကြွယ်ကြီးတွေအတွက် အခွင့်အလမ်းအများကြီး ပိုသာစေတယ်။ ငွေသာမသုံးနိုင်ရင် ရွေးကောက်ပွဲနိုင်ဖို့မဆိုနဲ့ ရွေးကောက်ပွဲတောင် မဝင်နိုင်ပါဘူး။ ငွေများ တရားနိုင်လို့ ဆိုကြတယ် မဟုတ်လား။

ဥပမာအားဖြင့် ၂၀၂၀ ရွေးကောက်ပွဲကို ကြည့်ပါ။ ဒီမိုကရက်ပါတီနဲ့ သမ္မတလောင်းဘိုင်ဒန်ကို ရန်ပုံငွေလှူဒါန်းခဲ့သူတွေထဲမှာ အစ္စရေးလ်လိုလားသူ CFR ကောင်စီဝင်တွေအများစု ဖြစ်ကြတယ်။ ဒီအထဲမှာ အစ္စရေးလ် ဇီယွန်ဝါဒကိုအားကောင်းမောင်းသန် ထောက်ခံသူ၊ CFR ရဲ့ သက်တော်ရှည်ကောင်စီဝင် ဘီလျံနာသူဌေးကြီး မိုက်ကယ်ဘလွန်းဘတ်လည်း ပါဝင်ပါတယ်။ ၂၀၂၀ ရွေးကောက်ပွဲကာလမှာ ဘိုင်ဒန်အတွက် ဘလွန်းဘတ်စက်မှုလုပ်ငန်းအုပ်စုက ဒေါ်လာ ၉၄ သန်းနီးပါးနဲ့ ရန်ပုံငွေအများဆုံးပေးလှူခဲ့တယ်။

### (၆)

ဒီလောက်ဆိုရင် အမေရိကန်အစိုးရက ဘာကြောင့် အစ္စရေးလ်ကို ထောက်ခံနေသလဲဆိုတာ တစုံတရာ ရုပ်လုံးပေါ်လောက်ပြီ ဖြစ်ပါတယ်။ အမေရိကန်မှာ လက်တဆုပ်စာ ဘဏ္ဍာအရင်းရှင်ကြီးတွေရဲ့ ထောက်ခံမှုရမှသာ အစိုးရဖြစ်နိုင်ကြတယ်။ အစိုးရဖြစ်လာရင်လည်း အဲဒီဘဏ္ဍာအရင်း



ရှင်ကြီးတွေရဲ့ အကျိုးစီးပွားကို ကာကွယ်ပေးရတော့တယ်။ အစ္စရေးလ်နဲ့ ပတ်သက်လို့ရှိရင်လည်း စီးပွားရေး၊ ပထဝီနိုင်ငံရေးစတဲ့ အကျိုးအမြတ်တွေကြောင့် ဘဏ္ဍာအရင်းရှင်ကြီးတွေ အလိုကျ အမေရိကန်အစိုးရက အခုလို ပြတ်ပြတ်သားသား ထောက်ခံပေးနေတာ ဖြစ်တယ်။

ဒါပေမဲ့ အစ္စရေးလ်ရဲ့ ပါလက်စတိုင်းပြည်သူတွေအပေါ် ရက်စက်ကြမ်းကြုတ်မှုတွေကို အမေရိကန်ကျောင်းသားပြည်သူတွေက လက်မခံနိုင်ကြပါဘူး။ တက္ကသိုလ်အများမှာ ကန့်ကွက် ဆန္ဒပြပွဲတွေ ဖြစ်နေပါတယ်။ ကမ္ဘာ့နိုင်ငံအများက တက္ကသိုလ်တွေမှာလည်း ကန့်ကွက်ဆန္ဒပြပွဲတွေဖြစ်လာနေပါတယ်။ ကျောင်းသားတင်မကဘဲ အလုပ်သမား၊ လူလတ်တန်းစား စတဲ့ ပိုမိုကျယ်ပြန့်တဲ့ လူတန်းစားပေါင်းစုံပါဝင်တဲ့ ပိုကြီးမားတဲ့ ကန့်ကွက်ဆန္ဒပြပွဲတွေ ဖြစ်လာဖို့ကြိုးစားအားထုတ်ကြရမှာ ဖြစ်ပါတယ်။ ။

၂ - ၆ - ၂၀၂၄

ref:


(1) The Council on Foreign Relations, the Israel Lobby, and the War on Gaza by Laurence H. Shoup (Monthly Review May 2024)

(2) The Influence of the Council on Foreign Relations in American Foreign Policy Initiatives by Walter Kenneth Lovell 1994 (Brigham Young University)



# ကွန်မြူနစ်တို့ရဲ့ ကြီးမြတ်ဂုဏ်ပြောင်တဲ့သမိုင်းကို လက်ဆင့်ကမ်းကြစို့

နိုင်ငံတကာသတင်းတွေမှာ နော်မန်ဒီကမ်းတက်တိုက်ပွဲ (ဒီ–ဒေး) အနှစ် ၈၀ ပြည့် အထိမ်းအမှတ်သတင်းတွေ ဖော်ပြတာ တွေ့ရပါတယ်။ အနောက်အုပ်စု ခေါင်းဆောင်များက ရုရှား–ယူကရိန်းစစ်ပွဲကို အကြောင်းပြပြီး ဒုတိယကမ္ဘာစစ်အတွင်းက ကြီးမြတ်ဂုဏ်ပြောင်တဲ့ ဆိုဗီယက် ယူနီယံရဲ့ အခန်းကို တညီတညွတ်တည်း ချန်လှပ်ဖုံးကွယ် ထားကြတယ်။ သမိုင်းကို ပုံဖျက်ပြောဆိုတာ ဖုံးကွယ်တာတွေ လုပ်လို့ရနိုင်ပေမယ့် ဖြစ်တည်ပြီးခဲ့တဲ့ အရှိတရားကိုတော့ ပြန်ပြင်ချင်လို့ မရပါဘူး။

ဆိုဗီယက် တပ်နီတော်သား အသက်သွေးချွေး အမြောက်အမြား ပေးဆပ်ပြီး မတိုက်ခဲ့ရင် နော်မန်ဒီက အနောက်အုပ်စု စစ်သင်္ချိုင်းဟာ အခုထက် ပိုကြီးမယ့်အပြင် ရှုံးပွဲကြီးအဖြစ် သမိုင်းတွင် ကျန်ရစ်ခဲ့မှာပါ။ စတာလင်က အရှေ့နဲ့အနောက် စစ်မျက်နှာ နှစ်ခုဖွင့်ပြီး ဂျာမနီကို ညှပ်တိုက်ဖို့ အကြိမ်ကြိမ် ပြောခဲ့ပေမယ့် အနောက်အုပ်စု မဟာမိတ်တွေ ကမ်းတက်တိုက်ပွဲ တိုက်ကြတော့ အတော်နောက်ကျပါတယ်။ သူတို့ မတိုက်လည်း ရုရှားတနိုင်ငံတည်းက နာဇီဂျာမနီကို အနိုင်ယူဖို့ လက်တကမ်း ရောက်နေတဲ့ အခြေအနေပါ။ ဂျာမနီ စစ်ရှုံးဖို့ သေချာသလောက် ရှိချိန်မှာ

**ကမ္ဘာကြီးကို ဟစ်တလာ လက်ထဲကနေ ကယ်ခဲ့တာ ဆိုဗီယက်ယူနီယံဆိုတာ မမေ့ကြနဲ့**

နှမ်းဖြူးတာက တချက်၊ ကွန်မြူနစ်လိုင်း တားဆီးရေးက တချက် ဒီနှစ်ချက်နဲ့ ဝင်တိုက်တာပါ။

ဒီ–ဒေးတိုက်ပွဲမှာ မဟာမိတ်တပ်တွေ ကျဆုံးမှုကြီးမားပေမယ့် ဥရောပမှာ နာဇီဂျာမနီကို အပြုတ်တိုက်နိုင်ခဲ့တာ ဆိုဗီယက် ကွန်မြူနစ် တပ်မတော်ကြောင့်ပဲ။ တပ်နီတော်ကွန်မြူနစ်ရဲဘော် ၁၁ သန်းခန့် အသက်ပေးလှူခဲ့ရတယ်။ ရုရှားအရပ်သား သေကြေထိခိုက်မှုတွေပါ ပေါင်းလိုက်ရင် ရုရှားပြည်သူ ၂၆ သန်းခန့် ကြွေပြုန်းခဲ့ရတာပါ။ "ကမ္ဘာကြီးကို ဟစ်တလာ လက်ထဲကနေ ကယ်ခဲ့တာ ဆိုဗီယက်ယူနီယံဆိုတာ မမေ့ကြနဲ့" ဆိုတဲ့ ဆောင်းပါးတပုဒ်ကို လွန်ခဲ့တဲ့ နှစ်အနည်းငယ်က ဝါရှင်တန်ပို့စ် သတင်းစာမှာတောင် ဖော်ပြထားပါတယ်။ သူတို့ မငြင်းဝံ့ပါဘူး။

ဒီသမိုင်းဟာ ဖုံးကွယ်ဖျောက်ဖျက်လို့မရတဲ့ သမိုင်းပါ။ ဆိုဗီယက်ယူနီယံ၊ အမေရိကန်၊ ဗြိတိန် သုံးနိုင်ငံ "မဟာမိတ်အဖွဲ့ကြီး" ရဲ့ ကျဆုံးစစ်သည် ၉၅ ရာခိုင်နှုန်းဟာ ဆိုဗီယက်တပ်နီတော်က ဖြစ်ပါတယ်။ အမေရိကန်နဲ့ ဗြိတိန်ရဲ့ ကျဆုံးစစ်သည်က ၄ သိန်းစီလောက်ပဲ ရှိတယ်။ အရပ်သား သေကြေထိခိုက်မှုကတော့ ထောင်ဂဏန်းပဲရှိတယ်။ အာရှစစ်မြေပြင်မှာ တရုတ်ပြည်က စစ်သည် ၄ သန်းခန့် အသက်ပေးခဲ့ရတယ်။ တရုတ်ပြည်မှာ အရပ်သားနဲ့ စစ်သား စုစုပေါင်း သေကြေထိခိုက်မှု သန်း ၂၀ ခန့်ရှိတယ်။ နိဂုံးချုပ်လိုက်ရင် ဒုတိယ ကမ္ဘာစစ်မှာ ဖက်ဆစ်နာဇီကို စွန့်လွှတ် ပေးဆပ်မှု အကြီးမားဆုံးနဲ့ ဆန့်ကျင် တိုက်ပွဲဝင်သွားတာ ရုရှားနဲ့ တရုတ် ကွန်မြူနစ်တွေပဲ ဖြစ်ပါတယ်။

ကမ္ဘာစစ်ကြီးအတွင်းမှာ အနိုင်နိုင်ငံက ကွန်မြူနစ်များနဲ့ တိုးတက်တဲ့ အင်အားစုများရဲ့ခေါင်းဆောင်မှုအောက်မှာ အဖိနှိပ်ခံ ပြည်သူများက ဖက်ဆစ်တွေကို အပြင်းအထန် ဆန့်ကျင် တိုက်ခိုက်ခဲ့ကြပါတယ်။ ကမ္ဘာစစ်ကြီးပြီးတော့လည်း ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ (ဗီယက်နမ်စစ် ဆန့်ကျင်ရေးလို) နယ်ချဲ့စစ် ဆန့်ကျင်ရေး လှုပ်ရှားမှုတွေမှာ အနိုင်နိုင်ငံက ကွန်မြူနစ်များက ရှေ့တန်းက ဦးဆောင်ပြီး အဖိနှိပ်ခံ ပြည်သူတွေက တက်တက်ကြွကြွနဲ့ ပါဝင်လှုပ်ရှားခဲ့ကြပါတယ်။ အခု အခါမှာလည်း အမေရိကန်နဲ့ နေတိုးတို့က ဦးဆောင် ရန်စထိုးဆွနေတဲ့ စစ်ရိုန်မြှင့်မှုတွေကို အမေရိကန်နဲ့ ဥရောပ အပါအဝင် ကမ္ဘာ့အဖိနှိပ်ခံ ပြည်သူများက ဆန့်ကျင်နေကြပါတယ်။ သူတို့ထက် စစ်ကို ဘယ်သူမုန်းဦးမလဲ၊ ဘယ်သူ နားကြည်းဦးမလဲ။ သူတို့ထက် ငြိမ်းချမ်းရေး လိုလားသူ ဘယ်သူ ရှိဦးမလဲ။ ဒါပေမဲ့ တောမီးလောင်မှ တောကြောင် လက်ခမောင်း ခတ်လို့ရတာမို့ နယ်ချဲ့သမားနဲ့ အပေါင်းပါတွေက စစ်အေးရော၊ စစ်ပူရော မနားတမ်းတိုက်နေတာ ယနေ့ထိတိုင်ပဲ။

ဒုတိယကမ္ဘာစစ်ရဲ့ နှုတ်ခမ်းဝမှာ တည်ထောင်ခဲ့တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီလည်း လာမယ့် ဩဂုတ်လမှာ ၈၅ နှစ် ပြည့်ပါတော့မယ်။ နိုင်ငံတကာ အဖိနှိပ်ခံပြည်သူများ ဆင်နွှဲခဲ့တဲ့ ဖက်ဆစ်ဆန့်ကျင်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေး တိုက်ပွဲတွေမှာ နိုင်ငံတကာ့ ကွန်မြူနစ်ရဲဘော်များနဲ့အတူ ဗမာ့ကွန်မြူနစ်များလည်း ပေးဆပ်စွန့်လွှတ်မှုများစွာနဲ့ သူရဲကောင်းပီသစွာ တိုက်ပွဲဝင်ခဲ့ကြတယ်။ အဖိနှိပ်ခံ ပြည်သူများ အကျိုးအတွက် အထောင်အသောင်းသော အာဇာနည် ရဲဘော်များရဲ့ အဲသလို စွန့်လွှတ်စွန့်စားမှုတွေကြောင့် ပါတီအလံတော်ကို အနှစ် ၈၀ ကျော် မြင့်မြင့်မားမား လွှင့်ထူလာနိုင်ခဲ့တာ ဖြစ်တယ်။ အဆုံးသတ်မှာတော့ စစ်ဖြစ်ပေါ်မှုဆိုင်ရာ အရင်းခံ အကြောင်းအချက်ဖြစ်တဲ့ နယ်ချဲ့စနစ်ရော၊ နယ်ချဲ့စနစ်ရဲ့ လူမှုအခြေခံဖြစ်တဲ့ အရင်းရှင်စနစ်ပါ ကျဆုံးရမှာဖြစ်ပြီး ကွန်မြူနစ်ဝါဒက အောင်ပွဲခံမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကွန်မြူနစ်များဟာ ကမ္ဘာ့အရင်းရှင်စနစ် ကျဆုံးရေးတည်းဟူသော အဆုံးသတ် ဦးတည်ချက်ကို အာရုံပြု တိုက်ပွဲဝင်သွားကြမည့်သူများ ဖြစ်ကြပါတယ်။



ကမ္ဘာ့ကွန်မြူနစ်များရဲ့ ကြီးမြတ်ကာ ဂုဏ်ပြောင်တဲ့ သမိုင်းနဲ့အတူ ဗမာ့ကွန်မြူနစ်များရဲ့သမိုင်းဟာလည်း ထာဝရ ထွန်းပြောင်နေမှာပါ။ ဖက်ဆစ်နာဇီကို အလဲထိုး အပြုတ်တိုက်နိုင်တာ ကွန်မြူနစ်တွေဆိုတဲ့ သမိုင်းအမွေကို ဗမာပြည်ကွန်မြူနစ်ပါတီနဲ့အတူ ပါတီရဲဘော်များက အလေးအမြတ် လက်ဆင့်ကမ်းပြီး သမိုင်းမော်ကွန်းထိုးကြဦးမှာသာ ဖြစ်ပါတယ်။ ။



# မေလ ၉ ရက်
# ဖက်ဆစ်ဆန့်ကျင်ရေးအောင်ပွဲနေ့

၁၉၄၅ မေ ၉ ဒုတိယကမ္ဘာစစ်ပြီးဆုံးတယ်။ နာဇီဂျာမန်တပ်ဖွဲ့များဟာ ဆိုဗီယက်တပ်နီတော်နဲ့ မဟာမိတ်တပ်ဖွဲ့များထံ ၁၉၄၅ မေ ၈ မှာ လက်နက်ချတယ်။ ဂျပန်ဖက်ဆစ်များက ၁၉၄၅ ဩဂုတ် ၁၅ မှာ ဂျပန်ဘုရင့်အမိန့်ဖြင့် လက်နက်ချတယ်။ ဟစ်တလာက ၃၀ ဧပြီ (၁၉၄၅) ကတည်းက ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားတယ်။ မူဆိုလိုနီ ကို အစောပိုင်းကတည်းက လက်ရဖမ်းဆီးမိပြီး အီတလီ ပြောက်ကျားများက ကြိုးပေးကွပ်မျက်ခဲ့တယ် (၁၉၄၅)၊

လူသားသမိုင်းမှာ အဆိုးဝါးဆုံး အကြမ်းကြုတ်ဆုံး အရက်စက်ဆုံးဖြစ်တဲ့ ဖက်ဆစ်ဝါဒ အပေါ် ကမ္ဘာ့ပြည်သူအပေါင်းက အောင်ပွဲဆင်ခဲ့တာ (၇၉) နှစ်တိုင်ခဲ့ပါပြီ။ ဖက်ဆစ် ဆန့်ကျင်ရေးအောင်ပွဲနဲ့အတူ ကိုလိုနီထမ်းပိုးအောက်က အမျိုးသားပြည်သူတွေရဲ့ လွတ်မြောက်ရေး တိုက်ပွဲတွေ အုံကြွပြင်းထန်လာပြီး နိုင်ငံတွေ လွတ်လပ်လာကြတယ်။ ဗမာပြည်မှာလည်း ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေး တပ်ပေါင်းစုကြီး (ဖဆပလ) ရဲ့ ဦးဆောင်မှုနဲ့အတူ လွတ်လပ်ရေးရလာတယ်။ ဒါကြောင့် ဒီတော်လှန်တဲ့ သမိုင်းအတွေ့အကြုံကို မှန်မှန်ကန်ကန် သိမြင်မှ အနာဂတ်မှာ ပိုမိုကြီးမားတဲ့ အောင်ပွဲတွေ ရရှိနိုင်ဖို့ သမိုင်းသင်ခန်းစာ ထုတ်ယူနိုင်မှာဖြစ်ပါတယ်။

**ဖက်ဆစ်ဝါဒ ပေါ်ထွန်းလာခြင်း**

“ဖက်ဆီ “ (Fasci) ဆိုတဲ့ အီတလီစကားဟာ သစ်ကိုင်းသစ်ခက်အစည်း ဆိုတဲ့ အဓိပ္ပာယ်ရတယ်။ ဒီစကားလုံးကို အသုံးပြုပြီး ဘီနီတို မူဆိုလိုနီ (Benito Mussolini) က အီတလီ အမျိုးသားရေးဝါဒကို ကြွေးကြော်ပြီး ဖက်ဆစ်ပါတီ (Fascist Party) ကိုထူထောင်ခဲ့တယ်။

၁၉၂၆ ကစလို့ မူဆိုလိုနီဟာ ဒီမိုကရေစီမှန်သမျှ ဖျက်သိမ်းပြီး နိုင်ငံတဝန်း ဖက်ဆစ်တပ်ဖွဲ့များဖွဲ့စည်းတယ်။ ၁၉၃၀ နောက်ပိုင်း ဂျပန်မှာ စစ်ဝါဒခေါင်းထောင်လာပြီး ဂျပန်နိုင်ငံရေးတွင် စစ်တပ်ဩဇာလွှမ်းမိုးမှု ထိပ်ရောက်လာတယ်။ ဒါထက်ပိုအရေးကြီးတဲ့အချက်က ဂျာမနီမှာလည်း ဖက်ဆစ်ဝါဒ ပေါ်ပေါက်လာတာဖြစ်တယ်။

ဒုတိယကမ္ဘာစစ်အတွက် အစို့အညှောင့်တွေဟာ အစောပိုင်း အတည်းက ရှိနေခဲ့တယ်။

ပထမ ကမ္ဘာစစ်တွင် ရှုံးနိမ့်မှု၊ ဗာဆေးစာချုပ် (၁၉၁၉)၊ စီးပွားပျက်ကပ် (၁၉၂၉)၊ နယ်ချဲ့နိုင်ငံများအတွင်း အထွေထွေအကျပ်အတည်းများ နှင့်အတူ ဖက်ဆစ်ဝါဒ ပေါ်ပေါက်လာ

**နာဇီပါတီဟာ အခြေခံအားဖြင့် လူဆိုးဂိုဏ်းခေါင်းဆောင်များ ကလေကချေများနဲ့ ဖွဲ့စည်းထားတာဖြစ်**

တယ်။ အားပျော့တဲ့ ဂျာမန်ဆိုရှယ်ဒီမိုကရက် ဓနရှင်အစိုးရများဟာ ပြိုကျပျက်စီးနေတဲ့ ဂျာမန်စီးပွားရေးကို မကယ်တင်နိုင်ရုံမက အကျပ်အတည်းဟာ ဆိုးသထက်ဆိုးလာတယ်။ ဒီအခြေအနေကို ချက်ကောင်းယူပြီး ဂျာမနီတွင် အကွက်ချစီစဉ်ထားပြီး ကောင်းစွာစည်းရုံးဖွဲ့စည်းထားတဲ့ ဖက်ဆစ်ပါတီ ဖက်ဆစ်လက်နက်ကိုင်တပ်ဖွဲ့နဲ့ ဖက်ဆစ်လှုပ်ရှားမှုတို့ပေါ်ပေါက်လာပါတယ်။

## နာဇီပါတီထူထောင်ခြင်း

အဒေါ့ဖ် ဟစ်တလာ က နာဇီပါတီကို ၁၉၂၄ မှာထူထောင်တယ်။ နာမည်အပြည့်အစုံက ဂျာမန်အမျိုးသား ဆိုရှယ်လစ်အလုပ်သမားပါတီ National Socialist Workers' Party of Germany ဖြစ်တယ်။ Nazi သို့မဟုတ် Nasti ဆိုတာ စာလုံးများရဲ့ အတိုကောက်အက္ခရာများကို စုစည်းထားတာဖြစ်ပြီး၊ (ကံမကောင်းအကြောင်းမလှစွာ သရုပ်ဖျက်ခြင်းခံရတဲ့) အမျိုးသား ဆိုရှယ်လစ်ဝါဒ လူသိများလာတာဖြစ်တယ်။ (မဆလ ပါတီကို သတိရစရာပါ)

နာဇီပါတီဟာအခြေခံအားဖြင့် လူဆိုးဂိုဏ်းခေါင်းဆောင်များ ကလေကချေများနဲ့ ဖွဲ့စည်းထားတာဖြစ်ပြီး၊ စီးပွားပျက်ကပ်နဲ့ အထွေထွေ အကျပ်အတည်း နောက်ပိုင်း မကြုံစဖူးတိုးပွားလာတဲ့၊ အလုပ်လက်မဲ့လူငယ်တွေ ဒုက္ခရောက်နေတဲ့ လူလတ်တန်းစား ဈေးဆိုင်ပိုင်ရှင်ကလေးတွေနဲ့ မကျေမချမ်း ဖြစ်နေတဲ့ ဓနရှင်ပေါက်စတွေ ပါဝင်လာတယ်။ အများစုဟာ နာဇီပါတီရဲ့ ဓနရှင်အမျိုးသားရေး ရှော်ဗင်ဝါဒ ကြွေးကြော်သံအောက်မှာ ဖမ်းစားခံရပြီး ပါဝင်လာတာဖြစ်တယ်။ (ရှော်ဗင်ဝါဒ Chauvinsim ဆိုတာ၊ ၁၈၃၁ တွင် နပိုလီယံ တပ်မှ တပ်မှူးတဦးဖြစ်တဲ့ N.Chauvin ကို အစွဲပြု ခေါ်ဝေါ်ခြင်းဖြစ်ပြီး၊ မိမိအမျိုးသားသာ အမွန်မြတ်ဆုံးလို့ ယူဆပြီး ကျန်အမျိုးသားများအပေါ် ရန်လိုမုန်းတီးသော ဖောက်ပြန်တဲ့ ဓနရှင်အမျိုးသားရေးဝါဒ ဖြစ်တယ်)

ဟစ်တလာက သည်းခြေကြိုက် ကြွေးကြော်သံ နှစ်ရပ်ဖြင့် လှုံ့ဆော်စည်းရုံးတယ်။ တခုက အမျိုးသားရေး ရှော်ဗင် ဝါဒဖြစ်ပြီး၊ နောက်တခုက ဆိုရှယ်လစ်ဝါဒ ဖြစ်တယ်။ ဟစ်တလာက ဂျာမန်လူမျိုးဟာ အာရိယန်မျိုးနွယ်အစစ်ဆုံး လူမျိုးဖြစ်ပြီး တခြားလူမျိုးများကို ဖယ်ကြဉ်ရမယ် တိုက်ခိုက်ရမယ် သုတ်သင်ရမယ် နိုင်ငံမှနှင်ထုတ်ပစ်ရမယ် ဆိုတဲ့ လွဲမှားတဲ့ အလွန်အကျွံ သဘောတရားများကို ထုတ်ဖော်လာတယ်။ ဒါဟာ အဓိကအားဖြင့် ဂျူးများနဲ့ ကွန်မြူနစ်များကို ရည်ရွယ်တယ်။ ဒါ့အပြင် နာဇီပါတီရဲ့ အတုအယောင် အရင်းရှင်စနစ်ဆန့်ကျင်ရေး နယ်ချဲ့ ဆန့်ကျင်ရေးကို ဖြစ်နိုင်သမျှနည်းနဲ့ ကြွေးကြော်ပြီး ဂျာမန်အရင်းရှင်အုပ်ချုပ်ရေးရဲ့ ညှဉ်းဖွင်းမှုများကို တိုက်ခိုက်ပြပြီး အခွင့်အရေးရယူတယ်။ ပထမကမ္ဘာစစ်ရှုံးနိမ့်မှုနဲ့ ဗာဆိုင်းစာချုပ် တို့ကိုအပြစ်တင်ပြီး ဆိုဗီယက်ပြည်ထောင်စု နဲ့ အနောက်နိုင်ငံများ (အင်္ဂလန်၊ ပြင်သစ်၊ အမေရိကန် စသည်) ကို တိုက်ခိုက်တယ်။ နာဇီပါတီဟာ ဓနရှင်ပေါက်စများ အသေးစား ကုန်သွယ်လုပ်ငန်းရှင်များ အလုပ်လက်မဲ့များ လူငယ်များနဲ့ ကလေချေများအပေါ် အခြေခံထားသော်လည်း၊ ဒီပါတီရဲ့ လူတန်းစားလက္ခဏာဟာ လက်ယာစွန်းရောက် လက်ဝါးကြီးအုပ် နယ်ချဲ့အရင်းရှင်လက္ခဏာ ဆောင်ပါတယ်။

ဖက်ဆစ်နာဇီပါတီရဲ့ လှုပ်ရှားမှုဟာ ကျယ်ပြန့်လာပြီး လူထုလှုပ်ရှားမှု အသွင်ဆောင်လာတယ်။ ဟစ်တလာဟာလည်း လူထုခေါင်းဆောင် ဖြစ်လာတယ်။ သူက နာဇီပါတီရဲ့ လက်နက်ကိုင် အဖွဲ့အစည်း နှစ်ရပ်ကို ဖွဲ့စည်းတယ်။ နာဇီအထူးရဲတပ်ဖွဲ့ (S.S) နဲ့ နာဇီအရံစစ်တပ်ဖွဲ့ (S.A) တို့ဖြစ်တယ်။ ဒီအဖွဲ့အစည်းနှစ်ရပ်ဟာ အဆင့်မြင့်မြင့်ဖွဲ့စည်းထားတဲ့ လက်နက်ကိုင် ဂိုဏ်းကြီးများဖြစ်ကြပြီး လူငယ်လူလတ်သန်းပေါင်းများစွာ ပါဝင်တယ်။ သူတို့ဟာ ဂျူးဆန့်ကျင်ရေး၊ အလုပ်သမားလူတန်းစား ဆန့်ကျင်ရေး၊ ကွန်မြူနစ်ဆန့်ကျင်ရေး၊ ဆိုရှယ်ဒီမိုကရက် (အစိုးရဟောင်း) ဆန့်ကျင်ရေး အတွက် ဂျာမန်နိုင်ငံတဝန်း အစုလိုက်အပြုံလိုက် သုတ်သင်တာ ဂိုဏ်းဖွဲ့သတ်ဖြတ်တာ တိုက်ခိုက်လုယက်ဖျက်စီးတာတွေ လုပ်ကြတယ်။

## ကွန်မြူနစ် နဲ့ ဆိုရှယ်ဒီမိုကရက်

ဟစ်တလာရဲ့ ဖက်ဆစ်ဝါဒက ဂျာမန်ပြည်သူတရပ်လုံးကို ဆွဲဆောင် စည်းရုံးထားနိုင်တာ မဟုတ်ဘူး။ ဟစ်တလာ အာဏာရလာတဲ့ ရွေးကောက်ပွဲ ကာလအထိ ရွေးကောက်ပွဲတိုင်းမှာ ဂျာမန်ကွန်မြူနစ်ပါတီ (CPG) နဲ့ ဆိုရှယ်ဒီမိုကရက်ပါတီ (SDP) တို့ရရှိတဲ့ စုစုပေါင်းမဲဟာ နာဇီပါတီထက် များပါတယ်။ သမ္မတက ဟစ်တလာကို အစိုးရဖွဲ့ဖို့ ဖိတ်ခေါ်တဲ့ ၁၉၃၂ ရွေးကောက်ပွဲမှာပင်လျှင် ကွန်မြူနစ်နဲ့ ဆိုရှယ်ဒီမိုကရက်များရဲ့ အားဟာ ဟစ်တလာပါတီထက် များပါတယ်။ ဒါပေမဲ့သူတို့ဟာ တသီးတခြားစီ တိုက်နေကြတာဖြစ်တဲ့အတွက် ဟစ်တလာ အာဏာရလာတယ်။

ကွန်မြူနစ်များက ပြင်းပြင်းထန်ထန်တိုက်တယ်။ ကွန်မြူနစ်တွေရဲ့ တုံ့ပြန်တိုက်ခိုက်မှုဟာ ပေးဆပ်ရမှု ကြီးမားပါတယ်။ ဆိုရှယ်ဒီမိုကရက်တွေကလည်း တိုက်ပါတယ်။ ဒါပေမဲ့ တကွဲတပြားစီ ဖြစ်နေတယ်။ ဖက်ဆစ်ဝါဒ ကြီးထွားလာခြင်းဟာ တော်လှန်ရေး မဆင်နွှဲခြင်းကြောင့် ဒဏ်ခတ်ခံရခြင်းပဲဖြစ်တယ်လို့ သမိုင်းဆရာများက နိဂုံးချုပ်ထားတာ ရှိပါတယ်။

## ဒီမီထရော့ အစီရင်ခံစာ

ဂျော်ဂျီ ဒီမီထရော့ Georgi Dimitrov ဟာဘူဂေးရီးယား ကွန်မြူနစ်ပါတီ ခေါင်းဆောင်တဦးဖြစ်ပြီး ၁၉၃၀ ခုနှစ် အစောပိုင်း ကာလမှာ ကွန်မြူနစ် အင်တာနေရှင်နယ် (Comintern) ရဲ့အထွေထွေ အတွင်းရေးမှူးချုပ် ဖြစ်လာတယ်။ ၁၉၃၅ ကိုမင်တန် သတ္တမ အကြိမ်မြောက် ကမ္ဘာ့ကွန်ဂရက်တွင် ဖက်ဆစ်ဝါဒ နှင့် ဖက်ဆစ်ဆန့်ကျင်ရေး နယ်ချဲ့ဆန့်ကျင်ရေး တပ်ပေါင်းစု ဆိုတဲ့ ထင်ရှားကြော်ကြားတဲ့ အစီရင်ခံစာတစောင် တင်သွင်းတယ်။ (အလွယ်တကူပဲ ဖက်ဆစ်ဝါဒ သို့မဟုတ် တပ်ပေါင်းစု အစီရင်ခံစာ လို့ခေါ်တယ်) ဒါဟာ ကမ္ဘာ့ကွန်မြူနစ် လှုပ်ရှားမှု အတွက် သမိုင်းဝင် စာတမ်းတစောင်ဖြစ်ပြီး ကွန်မြူနစ်တိုင်း လေ့လာကြရတယ်။ ဖက်ဆစ်ဝါဒရဲ့ အတွင်းသဘောကို နားလည်ပြီး ဘယ်လိုတိုက်ရမယ် ဆိုတာကို ရှင်းပြတယ်။

ဖက်ဆစ်ဝါဒဆိုတာ နယ်ချဲ့စနစ် အကျပ်ဆိုက်မှုမှ ပေါက်ဖွားလာတာဖြစ်ပြီး၊ လက်ဝါးကြီးအုပ် ဘဏ္ဍာအရင်းရဲ့ ပြောင်အကျဆုံး အတိအလင်းအဖြစ်ဆုံး လက်ယာစွန်းအရောက်ဆုံး အဖောက်ပြန်ဆုံး အာဏာရှင်စနစ်ဖြစ်တယ်။ သူ့မှာ မကျေမချမ်း မနှစ်မမြို့ဖြစ်နေတဲ့ ဓနရှင်ပေါက်စတွေ ကုန်သည်တွေ လူလတ်တန်းစားတွေ အလုပ်လက်မဲ့တွေ အသေးစား ပိုင်ဆိုင်သူလေးတွေ လူငယ်တွေ စသဖြင့် လူမှုအခြေခံရှိတယ်။ သူတို့ဟာ ယဉ်ကျေးမှု အတုအယောင် အမျိုးသားရေးဝါဒ ရှော်ဗင်ဝါဒ လူမျိုးရေးဝါဒ ဘုံဝါဒ စတာတွေကို အကာအကွယ်ယူပြီး သူတို့ရဲ့ အတွင်းသရုပ်ကို ဖုံးကွယ်ထားကြတယ်။

ဒီမီထရော့က ဆက်လက်တင်ပြရာမှာ ဖက်ဆစ်ဝါဒကို ခုခံကာကွယ်ဖို့ တိုက်ခိုက်ဖို့နဲ့ သုတ်သင်ချေမှုန်းဖို့ တခုတည်းသော နည်းလမ်းကတော့၊ ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုများ ဖက်ဆစ်မဟုတ်သော အင်အားစုများ အားလုံးနဲ့ အဖြစ်နိုင်ဆုံး အကျယ်ပြန့်ဆုံး တပ်ပေါင်းစုကြီး ဖွဲ့စည်းရမယ်။ ဘာဒွိဟသံသယမှ ဖြစ်စရာမလိုဘူး။ ဖက်ဆစ်ဆန့်ကျင်ရေး တပ်ပေါင်းစု နည်းပရိယာယ်လမ်းစဉ် ကျင့်သုံးတဲ့ နိုင်ငံတွေ ကွန်မြူနစ်ပါတီတွေဟာ ဖက်ဆစ်ဝါဒကို တားဆီးနိုင်တယ် (ပြင်သစ် စသည်)၊ မကျင့်သုံးတဲ့ နိုင်ငံတွေ ကွန်မြူနစ်ပါတီတွေဟာ မတားဆီးနိုင်ဘူး (ဂျာမနီ စသည်)၊ ဒါကြောင့် ဖက်ဆစ်ဆန့်ကျင်ရေး နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲအတွက် အကျယ်ပြန့်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်မှုနဲ့ တပ်ပေါင်းစု ဖွဲ့ကြရမယ်။

ဖက်ဆစ်ဝါဒ အကြောင်းရှင်းပြတဲ့ နောက်ထပ်ထင်ရှားတဲ့ စာတမ်းကတော့ အီတလီ ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူး ပါလ်မီရို တိုဂလီယာတီ Palmiro Togliattiရဲ့ စာတမ်းပဲ ဖြစ်ပါတယ်။ အတွင်းသဘောကတော့ ဒီမီထရော့ အစီရင်ခံစာအတိုင်းပါပဲ။ (ဗမာပြည်ကွန်မြူနစ်ပါတီ ရဲ့ ဖက်ဆစ်ဆန့်ကျင်ရေး လမ်းစဉ်ဆိုင်ရာစစ်တမ်းတွေဖြစ်တဲ့ အင်းစိန်စစ်တမ်း မြင်းခြံစစ်တမ်းတို့ဟာ ဒီမီထရော့အစီရင်ခံစာပေါ် အခြေခံပြီး ဗမာပြည်လက်တွေ့နဲ့ ပေါင်းစပ်ထားတာ ဖြစ်ပါတယ်။ ဒီလမ်းစဉ်ပေါ်ကနေ “ ဖဆပလ “ တပ်ပေါင်းစုအဖွဲ့ကြီး ပေါ်ပေါက်လာတာ ဖြစ်ပါတယ်)

## ဒုတိယကမ္ဘာစစ်

ဟစ်တလာ ဂျာမနီ၊ မူဆိုလိုနီ အီတလီနဲ့ တိုဂျို ဂျပန်တို့ပေါင်း၍ ကမ္ဘာ့ဖက်ဆစ်ဝင်ရိုးတန်း အင်အားစုကို ဖွဲ့စည်းတယ်။ ဆိုဗီယက်ယူနီယံ အမေရိကန်ပြည်ထောင်စု အင်္ဂလန် ပြင်သစ် စသည်တို့က မဟာမိတ်အင်အားစုကိုဖွဲ့စည်းတယ်။

ဖက်ဆစ်အင်အားစုက တကမ္ဘာလုံးကို သိမ်းပိုက်ပြီးနောက် သူတို့အတွင်း ခွဲဝေယူကာ ကမ္ဘာကြီးကို ရောမ အကျဉ်းစခန်းကြီးအဖြစ် ပြောင်းလဲပစ်မှာဖြစ်တယ်။ နှစ်စဉ် လူသန်းနဲ့ချီပြီး အသုတ်သင် ခံကြရမှာဖြစ်တယ်။ အကယ်၍ ဖက်ဆစ်ဝါဒသာ အနိုင်ရခဲ့ရင် ယနေ့ကမ္ဘာကြီးဟာ မျက်မှောက် အခြေအနေနဲ့ လုံးလုံးလျားလျား ခြားနားတဲ့ အခြေအနေဆိုးနဲ့ ကြုံကြရမှာဖြစ်တယ်။

နာဇီဂျာမနီရဲ့ နည်းပရိယာယ်က ဦးစွာအားဖြင့် ဥရောပ တတိုက်လုံး သို့မဟုတ် တတိုက်လုံးနီးပါးကို သိမ်းပိုက်ဖို့ ရည်ရွယ်တယ်။ ၁၉၃၄ မှာ နယ်မြေတိုးချဲ့ရေး ရည်ရွယ်ချက်နဲ့ ဩစတြီးယားကို တဖက်သတ် ဝင်တိုက်တယ်။ အီတ

**ဗမာပြည် ကွန်မြူနစ် ပါတီ ရဲ့ ဖက်ဆစ်ဆန့်ကျင် ရေး လမ်းစဉ် ဆိုင်ရာ စစ်တမ်း တွေဖြစ် တဲ့ အင်းစိန် စစ်တမ်း မြင်း ခြံစစ်တမ်း တို့ဟာ ဒီ မီထရော့ အစီရင်ခံစာ ပေါ် အခြေခံ**

**နယ်ချဲ့ အချင်းချင်း တိုက်နေတဲ့စစ်ပွဲမှ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့စစ်ပွဲအဖြစ် ပြောင်းလဲ**

လီက အာဖရိက အဘီဆီးနီးယားကို ဝင်သိမ်းတယ် (၁၉၃၅)၊ ဂျပန်က တရုတ်ကို ဝင်တိုက်တယ် (၁၉၃၆)၊ နာမည်ဆိုးနဲ့ ကျော်ကြားတဲ့ မြူးနစ်စာချုပ် Munich Pact (ဂျာမနီက ဩစထြီးယားကို သိမ်းပိုက်တာကို အလျှော့ပေး ကျေအေးတဲ့ စာချုပ်) နောက်ပိုင်း၊ ချက်ကိုစလိုဗက် ပိုလန်နဲ့ အရှေ့ဥရောပနိုင်ငံ အများအပြားကို နာဇီတပ်များက ဝင်ရောက်သိမ်းပိုက်တယ်။ ပြင်သစ်ကို (၁၉၄၀) သိမ်းတယ်။ ဗြိတိသျှတပ်များကို ဘယ်လ်ဂျီယန်မှ မောင်းထုတ်ပြီး ဖင်လန်နဲ့ ဘောလ်တစ်နိုင်ငံများကို ဆက်လက်သိမ်းတယ်။

၁၉၃၉ စက်တင်ဘာ ၁ ပိုလန်ကို သိမ်းပိုက်တဲ့နေ့ဟာ ဒုတိယကမ္ဘာစစ် စတင်တဲ့နေ့ဖြစ်တယ်။ နာဇီဂျာမနီ ပိုလန်ကိုသိမ်းပြီးမှ အနောက်နိုင်ငံတွေနဲ့ အပြန်အလှန် စစ်ကြေညာကြလို့ဖြစ်တယ်။ ဟစ်တလာဟာ နိုင်းယှဉ်ခြင်းအားဖြင့် ဥရောပကို အလွယ်တကူ သိမ်းပိုက်ရရှိသွားတယ်။ ဆိုဗီယက် ဂျာမန် မကျူးကျော်ရေး စာချုပ်ကို ၁၉၃၉ မှာချုပ်ဆိုတယ်။ ဒီစာချုပ်ဟာ ဆိုဗီယက် ပြည်ထောင်စုအဖို့ အသက်ရှူပေါက် ရစေတယ်။ လန်ဒန်ကိုဗုံးကြဲ (၁၉၄၀) ခြင်းဖြင့် ဗြိတိသျှကို ငြိမ်သွားစေတယ်။

### ဆိုဗီယက်ယူနီယံကိုဝင်တိုက်ခြင်း

ဥရောပတိုက်လုံးနီးပါးကို သိမ်းပိုက်ပြီး အရင်းအမြစ် လူလက်နက် ရိက္ခာ တပ်အင်အား အလုံးစုံ ဖြည့်ဆည်းပြီးနောက်၊ ၁၉၄၁ ဂျွန် ၂၂ မှာ ဆိုဗီယက်ယူနီယံကို အလုံးအရင်းနဲ့ ထိုးစစ်ကြီး စတင်တယ်။ စစ်ပွဲရဲ့ အဆုံးအဖြတ် တိုက်ပွဲတွေဟာ အဲဒီမှာ တိုက်ခဲ့ကြတယ်။ ထိုနေ့ညမှာ ငါးသန်းနီးပါးရှိတဲ့ ဂျာမန်နဲ့ သူ့မဟာမိတ်တပ်များ (အီတလီ ဟန်ဂေရီ စတဲ့ ) ဟာကီလိုမီတာ ၄၅၀၀ ရှည်လျားတဲ့ နယ်နိမိတ်တလျှောက် ထိုးစစ်ကြီးစတင်တယ်။ ဒါဟာသမိုင်းမှာ အကြီးမားဆုံးသော ထိုးစစ်ကြီးဖြစ်တယ်။

ဒီအချိန်ကစလို့ စစ်ပွဲရဲ့ အသွင်အပြင်နဲ့ လက္ခဏာဟာ ပြောင်းလဲသွားတယ်။ နယ်ချဲ့အချင်းချင်း တိုက်နေတဲ့စစ်ပွဲမှ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့စစ်ပွဲအဖြစ် ပြောင်းလဲသွားတယ်။

ဥရောပနဲ့ ကမ္ဘာတခုလုံးရဲ့ ကံကြမ္မာဟာ ဖက်ဆစ်ဂျာမနီနဲ့ ဆိုဗီယက်ယူနီယံ ဘယ်သူနိုင်မလဲဆိုတဲ့အပေါ် တည်လာတယ်။ ကမ္ဘာတဝန်းရှိ ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုများ နဲ့ ပြည်သူများဟာ ကူညီထောက်ခံ လက်တွဲလုပ်ဆောင်လာကြတယ်။

၁၉၄၂ ထဲရောက်တော့ စစ်ပွဲရဲ့ရှေ့တန်း မျဉ်းကြောင်းဟာ လီနင်ဂရက် မော်စကို စတာလင်ဂရက် စည်းကြောင်းတလျှောက် ရောက်ရှိလာတယ်။ ပြင်းထန်တဲ့ တိုက်ပွဲများ ဒီမျဉ်းကြောင်း တလျှောက် ဖြစ်ပွားတယ်။ ဂျာမန်ထိုးစစ်ဟာ ဒီနေရာမှာ ရပ်တန့်သွားတယ်။ သူတို့ဟာ စတာလင်ဂရက်တဝိုက်မှ ဖောက်ထွက်ပြီး အာရှသို့ ထိုးဖောက်ဖို့ အစီအစဉ်ရှိတယ်။ အာရှကို သိမ်းပိုက်ထားတဲ့ ဂျပန်တပ်များနဲ့ အိန္ဒိယတနေရာမှာ ပူးပေါင်းဖို့ဖြစ်တယ်။ အာရှကိုလည်း ဝန်ရိုးတန်းဖက်ဆစ်များက ခွဲဝေယူကြဦးမယ်။

### အဆုံးအဖြတ်တိုက်ပွဲများ

ရက်ပေါင်း ၉၀၀ ကြာ လီနင်ဂရက် ကို ဝိုင်းပတ်ပိတ်ဆို့တိုက်ခိုက်တယ်။ မော်စကိုမြို့ပြင် ဆင်ခြေဖုံးဒေသတွေမှာ ဂျာမန်ထိုးစစ် တန့်သွားအောင် ထိန်းထားနိုင်ခဲ့တယ်။ စစ်ပွဲဟာစတာလင်ဂရက်ရဲ့ အိမ်တိုင်းလမ်းတိုင်းမှာ ဖြစ်ပွားတယ်။ စတာလင်ဂရက်တိုက်ပွဲဟာ ၁၉၄၂ နှစ်လည်မှ ၁၉၄၃ ဖေဖော်ဝါရီ အထိ ကြာတယ်။ ဒီတိုက်ပွဲဟာ ဒုတိယကမ္ဘာစစ်ကြီးရဲ့ အဆုံးအဖြတ် တိုက်ပွဲကြီးပဲဖြစ်ပါတယ်။ လူသားတွေရဲ့ ကံကြမ္မာဟာ ဒီတိုက်ပွဲပေါ်မှာတည်နေတယ်။

ဘာကြောင့်လဲဆိုတော့ ရှုံးနိမ့်ခဲ့ရင် ဂျာမန်တပ်တွေကို လမ်းပေါက်အသွယ်သွယ် ဖွင့်ပေးလိုက်သလို ဖြစ်မှာမို့ပဲ။

၁၉၄၃ ဖေဖော်ဝါရီ နဲ့ မတ် မှာ နာဇီဂျာမန်များဟာ ဒုတိယကမ္ဘာစစ်အတွင်း ပထမဆုံးအကြိမ် ရှုံးနိမ့်မှုအဖြစ် စတာလင်ဂရက်တိုက်ပွဲမှာ အချေမှုန်းခံကြရတယ်။ ၁၉၄၃ မှစ၍ စစ်မျက်နှာအနှံ့ ဆိုဗီယက်တပ်များက ထိုးစစ် နာဇီတပ်များက ခံစစ်ဖြစ်လာတယ်။

### ကာရပ်စ်တိုက်ပွဲ

The Battle of Kursh ဟာ နောက်ထပ် အဓိကတိုက်ပွဲကြီးတပွဲဖြစ်တယ်။

ဒါပေမဲ့ အချေမှုန်းခံလိုက်ရတဲ့ ဂျာမန်တပ်များဟာ အကြီးအကျယ် လုယက်ရမ်းကား ဖျက်စီးခဲ့ကြတယ်။ ဂျာမန်

အထူးရဲတပ်ဖွဲ့ SS နဲ့ လျှို့ဝှက်ပုလိပ်တပ်ဖွဲ့ (Gestapo ဂက်စတာပို) တို့ ဦးဆောင်ပြီး ဥရောပနဲ့ ဆိုဗီယက်ယူနီယံ အနှံ့ ဘူချန်ဝေါလ် Buchenwald အော့စဝတ်စ် Auschwitz ကဲ့သို့သော လူမဆန်တဲ့ နှိပ်စက်ညှဉ်းပန်းရေး အကျဉ်းစခန်းများ အနှံ့အပြား ထူထောင်တယ်။

၁၉၄၄ မှာတပ်နီတော်ဟာ နယ်စပ်ကိုဖြတ်ကျော်ပြီး ဥရောပနိုင်ငံများထဲသို့ အဓိက စစ်ကြောင်းကြီး သုံးကြောင်းခွဲ၍ ဝင်ရောက်တယ်။ တချိန်တည်းမှာ ဒေသခံပြောက်ကျားတပ်ဖွဲ့များက ဂျာမန်စစ်တပ်ရဲ့နောက်ပိုင်းမှာ အရှိန်မြှင့်တိုက်ခိုက်တယ်။

### ဒုတိယစစ်မျက်နှာ

ဗြိတိသျှ ပြင်သစ်နဲ့ အမေရိကန်တပ်များကို ဒုတိယစစ်မျက်နှာဖွင့်ပြီး ဂျာမန်များကို တပြိုင်တည်း နှစ်ဖက်ညှပ်တိုက်ကာ အလျင်အမြန် ချေမှုန်းဖို့ တကမ္ဘာလုံးက တောင်းဆိုမှု ရှိသော်လည်း၊ အနောက် အင်အားစုများဟာ နှောင့်နှေးနေကြတယ်။ သူတို့က ဆိုဗီယက်ပြည်ထောင်စု အထိနာပြီး အားပျော့သထက်ပျော့ လာတာကို မြင်တွေ့လိုကြတယ်။ ဒါပေမဲ့ တပ်နီတော်ဟာ သူတို့ဖာသာ နာဇီတပ်များကို ချေမှုန်းသုတ်သင်ပြီး ဥရောပသို့ တိုးဝင်လာနိုင်တာကို မြင်တွေ့လာတဲ့အခါ၊ သူတို့ဟာ ဒုတိယစစ်မျက်နှာဖွင့်ဖို့ ဆုံးဖြတ်တယ်။

၁၉၄၄ ဂျွန် ၆ အနောက်နိုင်ငံတပ်ဖွဲ့များ ပြင်သစ် နော်မန်ဒီ ကမ်းခြေသို့ ကမ်းတက်ဝင်ရောက်ပြီး ဒုတိယစစ်မျက်နှာဖွင့်လိုက်တယ်။ အနောက်တပ်ဖွဲ့များ ဟာဂျာမန်တပ်များကိုတိုက်ပြီး ဘာလင်ကို သိမ်းဖို့ အမြန်ချီတက်တယ်။ ဆိုဗီယက် တပ်နီတော်ဟာ ၁၉၄၄–၄၅ မှာအရှေ့ဥရောပနိုင်ငံ တသီတတန်းကြီးကို လွတ်မြောက်စေခဲ့ပြီး ဩစထြီးယားကိုရောက်လာတယ်။ သူတို့ဟာ ပိုလန် ဟန်ဂေရီ ချက်ကိုစလိုဗေးကီးယား ရိုမေးနီးယား ဘူဂေးရီးယား စတဲ့နိုင်ငံတွေကို လွတ်မြောက်စေခဲ့တယ်။ ဖက်ဆစ် အကျဉ်းစခန်းများမှ အသက်မသေဘဲ ကျန်ရစ်သူများကို ကယ်တင်နိုင်ခဲ့တယ်။

ဟစ်တလာက သူရှုံးနိမ့်လိမ့်မယ်လို့ လုံးဝမျှော်လင့်မထားဘူး။ ကမ္ဘာကို စိုးမိုးဖို့ဆိုတဲ့ ဖက်ဆစ်ဝါဒ အိပ်မက်ဟာ ပြိုပျက်သွားခဲ့ပါပြီ။ ဟစ်တလာဟာ ကိုယ့်ကိုယ်ကို သတ်သေသွားခဲ့တယ်။ နာဇီတပ်မှူးများဟာ ဘာလင်ကို ဝင်ရောက်လာတဲ့ ဆိုဗီယက်တပ်နီတော်ထံ လက်နက်ချတယ်။ ဂျာမန် ရိုင်း (ချ်) လွှတ်တော်ခန်းမ Reich’s Building ထက် အောင်လံနီ လွှင့်ထူနိုင်ခဲ့ပါပြီ။ ဖက်ဆစ်ဝါဒ နိဂုံးချုပ်သွားပါပြီ။

### သမိုင်းသင်ခန်းစာ

ဖက်ဆစ်တပ်ဖွဲ့များနဲ့ အကြိတ်အနယ် တိုက်ခိုက်ခဲ့ကြတဲ့ ဒီတိုက်ပွဲများဟာ သန္ဓိဋ္ဌာန်ပြင်းပြပြီး သူရဲကောင်းပီသစွာ သူသေကိုယ်ရှင် တိုက်ခိုက်ခဲ့တဲ့ တိုက်ပွဲများအဖြစ် သမိုင်းတင်ခဲ့တဲ့ တိုက်ပွဲများဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်း လူသားသန်းပေါင်း ၅၀ သေဆုံးခဲ့တဲ့အနက် ဆိုဗီယက်ပြည်သူ သန်း ၂၀ သေဆုံးခဲ့ကြပါတယ်။ ထောင်သောင်းချီတဲ့ မြို့ ရွာ စက်ရုံ စိုက်ခင်း လုပ်ခင်းကိုင်ခင်းတွေ ပျက်စီးဆုံးရှုံးခဲ့တယ်။ ယဉ်ကျေးမှု အနုပညာတွေ အဖျက်ဆီး ခံရတယ်။ ပြည်သူတွေရဲ့ စိတ်ဓာတ်တွေ ထိခိုက်ခဲ့တယ်။ ဒဏ်ရာဒဏ်ချက်တွေဟာ ယခုထက်တိုင် ကျန်ရှိနေပါသေးတယ်။

ဖက်ဆစ်ရဲ့ ပင်ကိုယ်လက္ခဏာကို စောစောသိမြင်ပြီး ဆန့်ကျင်နိုင်ခဲ့ရင် ဖက်ဆစ်စနစ်ကို ရှောင်လွှဲနိုင်ပါလိမ့်မယ်။ ဆိုရှယ်ဒီမိုကရက် နဲ့ လစ်ဘရယ်တွေ အမျိုးသားရေးပါတီတွေဟာ ဖက်ဆစ်စနစ်ကို သိမြင်ဖို့ အချိန်အများကြီးယူခဲ့ရတယ်။ ကွန်မြူနစ်တွေမှာလည်း အမှားရှိတာပဲ။

တညီတညွတ်တည်း လှုပ်ရှားမှ ဖက်ဆစ်ဆန့်ကျင်သူများ ဖက်ဆစ်မဟုတ်သူများ နဲ့ပူးပေါင်းဆောင်ရွက်နိုင်ဖို့ တပ်ပေါင်းစုဖွဲ့နိုင်မှ ဥရောပနဲ့ တကမ္ဘာလုံးကို ဖက်ဆစ်တွေရဲ့ မကြုံစဖူးအောင် ဖျက်ဆီးမှုမှ ကာကွယ်နိုင်မှာဖြစ်ပါတယ်။

ဖက်ဆစ်ဝါဒအပေါ် အောင်ပွဲဆင်မှုဟာ အာရှနဲ့ ကမ္ဘာတလွှား အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲအတွက် လမ်းပွင့်စေခဲ့ပါတယ်။ ။

ကိုးကား။ Source: May 9:Anniversary of Victory over Fascism by Anil Rajimwale. New Age/May 10 – 16, 2009

**ဆိုရှယ်ဒီမို ကရက် နဲ့ လစ် ဘရယ်တွေ အမျိုးသားရေး ပါတီတွေဟာ ဖက်ဆစ်စနစ် ကို သိမြင်ဖို့ အချိန်အများ ကြီးယူခဲ့ရ တယ်**



# တော်လှန်တဲ့ **အကောင်းမြင်ဝါဒ** ကိုင်စွဲကြ

အခက်အခဲနဲ့ ကြုံတွေ့ရတဲ့အခါမှာ..အောင်မြင်ချက်ကို လှမ်းမြင်နိုင်တာ....

သိပ်သည်းတဲ့ အမှောင်ထုထဲ ကျရောက်နေရချိန်မှာ.. တောက်ပတဲ့ အလင်းရောင်ကို တွေ့အောင်ရှာနိုင်တာ....

ပြင်းထန်တဲ့ စိန်ခေါ်ချက်တွေနဲ့ ရင်ဆိုင်ရချိန်မှာ...ဖောက်ထွက်ဖို့ အခွင့်အလမ်းကို ညွှန်ပြနိုင်တာ....

ဒါတွေဟာ တော်လှန်တဲ့ အကောင်းမြင်ဝါဒရဲ့ အတွင်းသဘောတွေပဲ ဖြစ်ပါတယ်။

တော်လှန်ရေးဟာ ဖိနှိပ်သွေးစုပ်တဲ့ စနစ်ဟောင်းကိုဖြိုချတာဖြစ်လို့ လူ့သမိုင်းမှာ အကြီးကျယ်ဆုံးနဲ့ အခမ်းနားဆုံး အရေးတော်ပုံကြီးဖြစ် ပါတယ်။ ဖောက်ပြန်တဲ့ ဖိနှိပ်သူ လူတန်းစားကလည်း ခေါင်းမာမာနဲ့ မီးကုန်ယမ်းကုန်ခုခံမှာဖြစ်လို့ ပြင်းထန်သည်းသန်တဲ့ ရန်ငါပဋိပက္ခတိုက်ပွဲအတွင်းမှာ မိမိဖက်ကလည်း ကြီးမားတဲ့ ပေးဆပ်ရမှုတွေ စွန့်လွှတ်ရတာတွေ မုချရှိပေလိမ့်မယ်။ကြိုတင် မျှော်လင့်မထားတဲ့ ဆုံးရှုံးမှုတွေ တွေ့ကြုံရနိုင်တယ်။ အတက်အဆင်း အကွေ့အကောက်တွေများတဲ့ ရေရှည်ခရီးကြမ်းဖြစ်လို့ သားစဉ်မြေးဆက် တဗိုလ်ကျ တဗိုလ်တက် တိုက်ပွဲဆင်သွားကြရမှာ ဖြစ်တယ်။ တော်လှန်ရေး ခရီးကြမ်းကြီးမှာ တည်တည်ငြိမ်ငြိမ် ကြံ့ကြံ့ခိုင်ခိုင်နဲ့ နောက်ဆုံးအောင်ပွဲရတဲ့အထိ ချီတက်သွားနိုင်ဖို့ မလွဲသာ မရှောင်သာ ရင်ဆိုင်ရမယ့် စိန်ခေါ်ချက်တွေကို တော်လှန်တဲ့အကောင်းမြင်ဝါဒနဲ့ ကျော်လွှားသွားကြရမှာဖြစ်တယ်။

**(၁) တော်လှန်တဲ့အကောင်းမြင်ဝါဒကို ကိုင်စွဲဖို့အတွက် ဘာတွေလိုအပ်သလဲ.......**

၁။ ခိုင်မာပြတ်သားတဲ့ သန္နိဋ္ဌာန်နဲ့ ပိုင်းဖြတ်ချက်ရှိရမယ်..။ တော်လှန်ရေးအတွက် အရာရာကို စွန့်လွှတ်မယ်ဆိုတဲ့ ပိုင်းဖြတ်ချက် ရှိရမယ်။

၂။ ပါတီစိတ်ဓာတ် ခိုင်မာရမယ်..။ ပါတီဗဟိုဝန်းရံရေး စိတ်ဓာတ်နဲ့အတူ ပါတီရဲ့ အနာဂတ်ကို လေးလေးနက်နက် ယုံကြည်ရမယ်။ ပါတီကို ယုံကြည်ရမယ်။ ပြည်သူကို ယုံကြည်ရမယ်။ အရင်းခံမူနှစ်ရပ်ကို ယုံကြည်မှုမှတဆင့် တော်လှန်ရေးကို ယုံကြည်မှာ ဖြစ်တယ်။

၃။ မာ့က်စ်ဝါဒအဘိဓမ္မာကိုလမ်းညွှန်သဘောတရားအဖြစ်ကိုင်စွဲရမယ်။ အနုပဋိလောမရုပ်ဝါဒ သမိုင်းရေးရုပ်ဝါဒတို့နဲ့ ပြဿနာအရပ်ရပ်ကို ချဉ်းကပ်အဖြေရှာရမယ်။ (ဆိုလိုတာက....လက်တွေ့က အစချီတာ...ဘက်ပေါင်းစုံကြည့်မြင်တာ...ဆန့်စွဲကင်းတာ..ဖြစ်ပေါ်ပြောင်းလဲမှုတွေကို သတိထားတာ .. တော်လှန်ပြောင်းလဲနေတဲ့ အတွင်းသဘောနဲ့ကြည့်တာ..အရေအတွက်ပြောင်းလဲခြင်းနဲ့ အရည်အချင်းပြောင်းလဲမှု.. ဆန့်ကျင်ဘက်တွေရဲ့ ဒွန်တွဲနေမှုနဲ့ အတိုက်အခံဖြစ်မှုမှ တဆင့် တိုးတက်ဖြစ်ထွန်းလာမှု စတဲ့အချက်တွေကို အလေးထား

ပြီး စဉ်းစားတွေးခေါ် ဖို့ဖြစ်ပါတယ်) ချုပ်ပြောရရင် တွေးခေါ်ရာမှာ.. (ရပ်တည်မှု အမြင်နည်းနာ) ဆိုတဲ့ သော့ချက် သုံးရပ်ကို ကိုင်စွဲသွားကြရမှာ ဖြစ်တယ်။

### (၂) တဖက်သတ်အကောင်းမြင်မှု ဆိုတဲ့အမှား မဖြစ်အောင်လည်း သတိထားရမယ်.....

ဒီမှားယွင်းတဲ့ တွေးခေါ်နည်းရဲ့ ဇာစ်မြစ်က ဆန္ဒစွဲကျမှု တဖက်သတ် ကြည့်မြင်မှုတို့ပဲ ဖြစ်တယ်။ ပြဿနာကို ကြည့်မြင်ရာမှာ ကောင်းတဲ့ဖက်တွေကိုချည်းပဲ မြင်ပြီး သုံးသပ်တာ..အကောင်းနဲ့အဆိုးနဲ ဒွန်တွဲနေတယ် ဆိုတာကို လျစ်လျူရှုတာတွေကြောင့် လက်တွေ့ဘဝနဲ့ ကင်းကွာပြီး အကဲဖြတ်ချက်တွေ တလွဲတချော်ဖြစ်ပြီး..လက်တွေ့ ကျင့်သုံးရာမှာ လက်ဝဲအမှားတွေ ကျူးလွန်မိပြီး ဆုံးရှုံးမှုတွေနဲ့ကြုံ တွေ့ရတယ်။

### (၃) အဆိုးမြင်ဝါဒကို ပြတ်ပြတ်သားသားဆန့်ကျင်ရမယ်။

အဆိုးမြင်ဝါဒရဲ့အဓိက အတွေးအခေါ် ဇာစ်မြစ်ကတော့ ခိုင်မာပြတ်သားတဲ့ သန္နိဋ္ဌာန်နဲ့ ပိုင်းဖြတ်ချက်မရှိတဲ့ ဓနရှင်ကိုယ်ကျိုးကြည့် အတွေးအခေါ်ဖြစ်တယ်။ ဒီကတဆင့် ပါတီစိတ်ဓာတ်မရှိတာ ပါတီနဲ့တော်လှန်ရေးရဲ့ အနာဂတ်ကို ယုံကြည်မှု ကင်းမဲ့လာပြီး တော်လှန်ရေးနဲ့ ဆန့်ကျင် ဘက်ကို ရောက်သွားကြတယ်။ အဆိုးမြင်ဝါဒသမားတွေဟာ ပြဿနာတွေကို ဘက်ပေါင်းစုံ မကြည့်ဘဲ အဆိုးဘက် ဒါမှမဟုတ် မိမိအတွက် ချည့်နဲ့ချက်ကိုပဲ တဖက်သတ် ကြည့်တယ်...အဆိုးတွေကို အကောင်းဘက် ရောက်အောင် တော်လှန်ပြောင်းလဲတဲ့ အမြင် မစိုက်ထူနိုင်ဘူး... စွန့်လွှတ်ရမယ် စွန့်စားရမယ်ဆိုတဲ့ ပိုင်းဖြတ်ချက်လည်း မရှိကြတော့ နောက်ဆုံး အရှုံးပေးရေးဘက်ကိုပဲ ဦးတည်သွားပြီး ပါတီနဲ့ ကင်းကွာသွားကြတယ်။ ပါတီနဲ့ တော်လှန်ရေးရဲ့ သမိုင်းထဲက အလှည့်အပြောင်း ကာလတချို့မှာ ဒီလို အဆိုးမြင်ဝါဒသမားတွေရဲ့ ပါတီဆန့်ကျင်တဲ့ လုပ်ရပ်တွေ ရှိခဲ့ဖူးတယ်။

### (၄) ပါတီရဲ့ သမိုင်းကို တော်လှန်တဲ့အကောင်းမြင်ဝါဒနဲ့ ဘယ်လိုကြည့်မြင်မလဲ....

ပါတီဟာ ဗမာပြည်ပစ္စည်းမဲ့ လူတန်းစားရဲ့ လှုပ်ရှားမှုနဲ့ တော်လှန်တဲ့ အဘိဓမ္မာဖြစ်တဲ့ မာ့က်စ်ဝါဒတို့ ပေါင်းစပ်မှုမှ မွေးဖွားလာတဲ့ သမိုင်းရဲ့ ရတနာဖြစ်တယ်။ သမိုင်းဖြစ်ပေါ်တိုးမှုချတရားအရ ပေါ်ပေါက်လာတဲ့ နိုင်ငံရေး အဖွဲ့အစည်းဖြစ်တယ်။ (လူတဦးတယောက် ဒါမှမဟုတ် လူတချို့ရဲ့ စိတ်ကူးကြောင့်၊ တီထွင်ဖန်တီးမှုကြောင့် ရှောင်တခင် ပေါ်လာတာလုံးဝမဟုတ်ဘူး-- ဗမာပြည် လူ့အဖွဲ့အစည်းရဲ့ လိုအပ်ချက်အရပေါ်လာတာ ဖြစ်တယ်ဆိုတဲ့အချက်တွေကိုမြင်ရမယ်.။

ပါတီဟာ...ဗမာပြည် ပစ္စည်းမဲ့ လူတန်းစားရဲ့ တပ်ဦးဖြစ်တယ်။ မာ့က်စ်ဝါဒ လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ်ကို လမ်းညွှန်သဘောတရား အဖြစ် ကိုင်စွဲတယ်။ ဒီမိုကရေစီ ဗဟိုချုပ်ကိုင်မှုကို သံမဏိစည်းရုံးရေး စည်းကမ်းအဖြစ် တင်းတင်းကျပ်ကျပ် လိုက်နာဖို့ သတ်မှတ်ထားတယ်။

ပြည်သူ့အကျိုးကို ထာဝရဦးထိပ်ထားတယ်။ ဦးတည်ရန်သူဘယ်တော့မှမပျောက်ခဲ့ဘူး..ဆိုတဲ့အချက်တွေကိုမြင်ရမယ်။

ပါတီနဲ့ တော်လှန်ရေးရဲ့သမိုင်းမှာ အတက်အကျတွေ အကွေ့အကောက်တွေ ရှိခဲ့ပေမယ့် သမိုင်းက ပေးအပ်လာတဲ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ခဲ့တဲ့ သမိုင်းအစဉ်အလာ ကြီးမားတဲ့ ပါတီဖြစ်တယ်။ ဖက်ဆစ်ဂျပန်တော်လှန်ရေး၊ အင်္ဂလိပ်နယ်ချဲ့ ဆန့်ကျင်ရေး တိုက်ပွဲနဲ့ ပြည်တွင်းက ဖောက်ပြန်တဲ့ အစိုးရ အဆက်ဆက်ကို တော်လှန်ခုခံတဲ့ တိုက်ပွဲတွေဟာ ပါတီက စိုက်ထူခဲ့တဲ့ သမိုင်းမှတ်တိုင်တွေပဲ ဖြစ်တယ်။ ပါတီသမိုင်းမှာ လမ်းစဉ်အမှားတချို့ ချမှတ်ကျင့်သုံးခဲ့လို့ တော်လှန်ရေးအတွက် ထိခိုက်ဆုံးရှုံးရတာတွေ ရှိခဲ့ဖူးပါတယ်။ ဒါပေမဲ့ ပါတီအနေနဲ့ အမှားကိုမြင်နိုင်အောင် ကြိုးစားပြီး ပြုပြင်ခဲ့တယ်ဆိုတဲ့ အချက်တွေကို မြင်ရမယ်။ အဆိုးမြင်သမားတွေက ပါတီရဲ့သမိုင်းကို အမှားတွေရဲ့သမိုင်း အဖြစ်သမုတ်တယ်.။

(တော်လှန်တဲ့အကောင်းမြင်ဝါဒကတော့ ပါတီသမိုင်းဟာ အမှားနဲ့ အမှန်ရဲ့တိုက်ပွဲ သမိုင်း...၊ အမှန်က အမှားကို တိုက်ခိုက် အောင်မြင်ခဲ့တဲ့သမိုင်းအဖြစ် သဘောထားပါတယ်။ )

### (၅) အဆိုးဆုံး အခြေအနေကို တော်လှန်တဲ့အကောင်းမြင်ဝါဒနဲ့ကျော်ဖြတ်ပြီး ပြန်လည်ရှင်သန်ခဲ့တဲ့ ပါတီသမိုင်းထဲက မှတ်တိုင်တခု......

၁၉၈၉ ခုနှစ်က ကြုံတွေ့ခဲ့ရတဲ့ ပါတီတွင်း ပုန်ကန်မှုအရေးအခင်းဟာ ပါတီသမိုင်းမှာ အကြီးမားဆုံးနဲ့ အနက်ရှိုင်းဆုံး

**ဒီမိုကရေစီ ဗဟိုချုပ်ကိုင်မှုကို သံမဏိ စည်းရုံးရေး စည်းကမ်း အဖြစ် တင်းတင်း ကျပ်ကျပ် လိုက်နာဖို့ သတ်မှတ်ထား တယ်။**

**၁၉၈၉ ခုနှစ်က ကြုံတွေ့ခဲ့ရတဲ့ ပါတီတွင်း ပုန်ကန်မှုအရေးအခင်းဟာ ပါတီသမိုင်းမှာ အကြီးမားဆုံးနဲ့ အနက်ရှိုင်းဆုံး အထိနာမှုကြီး ဖြစ်**

အထိနာမှုကြီး ဖြစ်ပါတယ်။ သေလောက်တဲ့ ဒဏ်ရာလို့ တချို့က မှတ်ချက်ပေးကြပါတယ်။ တပ်ရဲ့ အဓိက ခေါင်းဆောင်တွေက ဦးဆောင်ပြီး ပုန်ကန်တာဖြစ်လို့ ပါတီဗဟိုဟာ တပ်မရှိ ဒေသမရှိတော့တဲ့ဘဝ ရောက်ခဲ့ရတယ်။ အရင်းလဲတော့ အဖျားထင်းဖြစ် ဆိုသလို အစွန်အဖျားဒေသရှိ မိမိ အင်အားတွေလည်း ဖရိုဖရဲဖြစ်ပြီး ပျက်သုဉ်းသွားကြတယ်။

ဗဟိုခေါင်းဆောင်တချို့နဲ့ ပါတီစိတ်ဓာတ်ခိုင်မာတဲ့ လူငယ်ရဲဘော်အနည်းစုသာ ကျန်တော့တဲ့ လက်တွေ့အခြေအနေမှာ ပါတီဟာ ....ဆက်လက်ရှင်သန်ရေး. ပါတီအလံမလှဲရေးအတွက်.. သေရေးရှင်ရေးတမျှ အရေးကြီးတဲ့စိန်ခေါ်ချက်တွေနဲ့ ရင်ဆိုင်ခဲ့ရတာဖြစ်တယ်။

အဲ့ဒီကာလ.. နိုင်ငံတကာအခင်းအကျင်းမှာတော့...

စစ်အေးခေတ် ကုန်ဆုံးတာနဲ့တချိန်တည်း အမေရိကန်နယ်ချဲ့ရဲ့ ကမ္ဘာတခုလုံး လက်ဝါးကြီးအုပ်ချုပ်ကိုင်ရေး ဗိုလ်ကျစိုးမိုးရေး ခြေလှမ်းတွေနဲ့အတူ (အမေရိကကို ဗဟိုပြုတဲ့ ဝင်ရိုးတခု ထည်းကမ္ဘာ) ဆိုတဲ့အသံက ကျယ်လောင်လာတယ်။ လက်တံတွေ ရှည်လာတယ်။ ပိုပြီး လက်ရဲ ဇက်ရဲ လုပ်လာတယ်။

ဆိုဗီယက်ယူနီယံ ကျရှုံးပြိုကွဲသွားတာ ..ဆိုရှယ်လစ်နိုင်ငံတွေ အသွေးအရောင် ပြောင်းသွားကြတာတွေကြောင့် ဆိုရှယ်လစ်စနစ် ပျက်သုဉ်းသွားပြီ.. ကွန်မြူနစ်ဝါဒ ပြိုလဲသွားပြီ....အရင်းရှင်ဝါဒက အောင်ပွဲခံလိုက်ပြီ.. သမိုင်းနိဂုံးချုပ်သွားပြီဆိုတဲ့ သဘောတရားကို အကျယ်အပြန့် ဝါဒဖြန့် လာကြတယ်။ ဒီဂယက်တွေဟာ ပြည်တွင်းမှာလည်း ထိုးဝင် ရိုက်ခတ်လာတယ်။

ပြည်တွင်းအခြေအနေမှာတော့...

ပါတီရဲ့ အတ္တဘာဝ အင်အားဟာ အတော်ချည့်နဲ့သွားပြီး... လက်တွေ့အရ တစ်ကပြန်စရမဲ့ဘဝ....ယခင်က လက်တွဲခဲ့တဲ့ မဟာမိတ်ဆိုသူများ တချို့လည်း သူစိမ်းဆန်ကုန်ကြပြီ ဖြစ်တယ်။

စစ်အာဏာရှင်ဆန့်ကျင်ရေး တိုက်ပွဲမှာ လစ်ဘရယ်နိုင်ငံရေး အင်အားစုတွေက စင်ပေါ်ရောက်နေ ကြတယ်။ ဒါပေမဲ့ နိုင်ငံရေးသန္ဓေ မမှန်တော့ လူထုကို လမ်းမှန်မပြနိုင်ဘူး... မှန်ကန်တဲ့ တိုက်ပွဲလမ်းကြောင်းကို မပြနိုင်ဘူး ရန်ငါမပြတ်ဘူး ..လူထုကို ရန်သူနဲ့ စေ့စပ်ရေး လမ်းကိုပဲ ဆွဲခေါ်နေတယ်။

စေ့စပ်ရေးအတွေးအခေါ် အလုပ်မဖြစ်တာ ရှင်းနေပါတယ်။ ဗမာပြည် လွတ်လပ်ရေး တိုက်ပွဲက စလို့ ဒီမိုကရေစီတိုက်ပွဲအဆက်ဆက် နယ်ချဲ့ပေါင်းစုံပေါ် မှီခိုရပ်တည် ကြီးထွားလာတဲ့ စစ်အာဏာရှင်စနစ် (စစ်သုံးစစ်) ကို အမြစ်ပြတ်အောင် မတိုက်နိုင်ရင် ဗမာပြည်အနာဂတ် ထွန်းပြောင်နိုင်မှာ မဟုတ်ပါ။

လူထုကတော့ စစ်ဗျူရိုကရက်အရင်းရှင်စနစ်ရဲ့ ဖိနှိပ်သွေးစုပ်မှု.စစ်အာဏာရှင်စနစ်ရဲ့ ရက်ရက်စက်စက် ဖိနှိပ်မီးရှို့ သတ်ဖြတ်မှုတွေကြောင့် ဆင်းရဲတွင်း နစ်သည်ထက် နစ်လာနေတယ်။ လက်တွေ့ဘဝအရ ရန်သူအပေါ်ပြတ်သားတယ် .နိုင်ငံရေးနိုးကြားမှု ရေချိန်မြင့်ပြီး အုံကြွပေါက်ကွဲဖို့ ဦးတည်နေတယ်.။

လူနည်းစု အမျိုးသားတွေရဲ့ လက်နက်ကိုင် တော်လှန်ပုန်ကန်မှုတွေလည်း ပိုပြီး ပြင်းထန်ကျယ်ပြန့်လာတယ်။

ရန်သူကတော့ ရွေးကောက်ပွဲအတုနဲ့ နိုင်ငံရေး လှည့်ဖြားတာကို တဖက်ကလုပ်ရင်း တဖက်ကလည်း ပြည်တွင်းစစ်အရှိန် တိုးချဲ့နေတယ်။

ဒီလို..ကြီးမားတဲ့အခက်အခဲတွေ..သည်းသန်ပြင်းထန်တဲ့ စိန်ခေါ်ချက်တွေနဲ့ ရင်ဆိုင်ရချိန်မှာ ပါတီအနေနဲ့ တည်တည်ငြိမ်ငြိမ် ကြံ့ကြံ့ခိုင်ခိုင်နဲ့ ရှေ့ဆက်နိုင်ဖို့အတွက် မြေအောက် စည်းရုံးရေး သဏ္ဍာန်နဲ့ ဆက်သွားဖို့ ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်တယ်. လက်တွေ့ဘဝကို ဆန္ဒစွဲကင်းစွာ ရှုမြင်ပြီး ဘက်ပေါင်းစုံ ပြဿနာတွေကို တော်လှန်တဲ့ အကောင်းမြင်ဝါဒနဲ့နဲ့ ခွဲခြမ်းစိတ်ဖြာပြီး ရှေ့လုပ်ငန်းတွေချပါတယ်.

ဆိုရှယ်လစ် နိုင်ငံတချို့ရဲ ကျရှုံးမှုဟာ ဆိုရှယ်လစ်အရေးတော်ပုံ ယာယီနောက်ဆုတ်ရတာသာ ဖြစ်တယ်. ပါဝင် ဆောင်ရွက်ခဲ့ကြသူတွေရဲ့ အမှားတွေကသာ အဓိကအကြောင်းရင်းဖြစ်တယ်။ မာ့က်စ်ဝါဒ တကျော့ပြန်လာမှာ မုချဖြစ်တယ်.လို့ အခိုင်အမာ ယုံကြည်ခဲ့တယ်။

၁၉၉၂–ခုနှစ်မှာ.... ၈၉–ခုနှစ်ပါတီရဲ့ဆုံးရှုံးမှုကြီးနဲ့ပါတ်သက်ပြီး လေးလေးနက်နက် ဝေဖန်ဆွေးနွေးတာ နိဂုံးချုပ်တာ လုပ်ပါတယ်။ နိဂုံးချုပ်ချက်ကို ၁၉၉၃ ခုနှစ်မှာ ပါတီဗဟိုက တရားဝင်ထုတ်ပြန်ပါတယ်။

၁၉၉၄–ခုနှစ်မှာ ပါတီရဲ့ ခေါင်းဆောင်မှုအဖွဲ့ကို လက်တွေ့ဘဝနဲ့လျော်ညီတဲ့ စည်းရုံးဖွဲ့စည်းမှု လုပ်ပါတယ်။ ရဲဘော်ကြင်မောင် ခေါင်းဆောင်ပြီး မျိုးဆက်သစ် လူငယ်များနဲ့ အားဖြည့်ကာ ဗဟိုစည်းရုံးရေးကော်မတီ (COC) ကို ပါတီဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်း ပုဒ်မ (၃၃) အရ ဖွဲ့ပါတယ်။

ရေရှည်မြုပ်နှံ အခွင့်အခါကောင်းစောင့်ဆိုတဲ့ ယူဂျီလမ်းညွှန်အတိုင်းဆက်သွားပြီး လူထုရဲ့ နိုင်ငံရေး လှုပ်ရှားမှုအတွင်းမှာ နက်နက်ရှိုင်းရှိုင်း ဝင်ရောက်ကာ နည်းသဏ္ဍာန်မျိုးစုံနဲ့ စည်းရုံးလှုပ်ရှားသွားဖို့ ဆုံးဖြတ်ပါတယ်.။ လက်နက်ကိုင်တော်လှန်ရေး (AS) က ရှုံးသွားပြီဖြစ်ပေမယ့် ပြည်သူ့ ဒီမိုကရေစီ တော်လှန်ရေး (PDR) ကတော့ ဆက်ရှိနေမှာ ဖြစ်ပါတယ်။

ရန်သူက လက်နက်နဲ့ ဖိနှိပ်နေသမျှ..လူထုကလက်နက်နဲ့ ခုခံတာ တရားတယ်ဆိုတဲ့ ရပ်တည်မှုကို မြဲမြဲကိုင်စွဲထားပြီး လူမျိုးပေါင်းစုံ ပြည်သူတွေရဲ့ တရားတဲ့ လက်နက်ကိုင်တော်လှန်ခုခံမှုကို ထောက်ခံသွားမှာဖြစ်တယ်။ မိမိအဖွဲ့အစည်းရဲ့ အတ္တဘာဝ အခြေအနေအရ ယူဂျီစည်းရုံးရေး သဏ္ဍာန်နဲ့ လှုပ်ရှားနေရပေမယ့် အခွင့်အလမ်းပေါ်လာတဲ့အချိန်မှာ AS ပြန်ဖော်နိုင်ဖို့ လိုအပ်တဲ့ စည်းရုံးပြင်ဆင်မှုတွေလုပ်သွားဖို့ ရှေ့လုပ်ငန်း ချမှတ်ထားခဲ့တယ်။

ဗမာပြည်ရဲ့ ပထဝီနိုင်ငံရေး နဲ့ မိမိတိုင်းပြည်ရဲ့ ပကတိ အခြေအနေရဲ့ လက်တွေ့ဘဝအရ ပြည်ချစ်ဝါဒလမ်းစဉ်ကိုချပါတယ်။ ဒါဟာ.. မိမိတို့ရဲ့အတ္တဘာဝ အခြေအနေ အရ ..ကိုယ်ထူးကိုယ်ချွန် ချမှတ်လိုက်တဲ့ အမှီခိုကင်းတဲ့ လမ်းစဉ်ဖြစ်ပါတယ်။

ချုပ်ရင် ၁၉၈၉–ခုနှစ်က ကြီးမားတဲ့ ထိခိုက်ဆုံးရှုံးမှုကြောင့် လဲကျမသွားဘဲ ပြန်လည်ရှင်သန်လာနိုင်တာဟာ...ပါတီ စိတ်ဓာတ် မြင့်မားတဲ့ ရဲဘော်တွေရဲ့ ပါတီဗဟိုဝန်းရံရေး စိတ်ဓာတ်ကြောင့် ဖြစ်သလို.... အခက်အခဲတွေကြားက အောင်မြင်ချက် အလင်းရောင်ကို တွေ့အောင်ရှာခဲ့တဲ့ .ပါတီ ဗဟိုရဲ့ တော်လှန်တဲ့ အကောင်းမြင်ဝါဒကြောင့် ဖြစ်ပါတယ်။

## (၆) မျက်မှောက်အခြေအနေနဲ့ တော်လှန်တဲ့အကောင်းမြင်ဝါဒ

ဗမာပြည်ရဲ့ မျက်မှောက်အခြေအနေကို ကြည့်ရင် ..ကြီးမားတဲ့အခက်အခဲတွေနဲ့ စိန်ခေါ်ချက်တွေရှိသလို အခွင့်အလမ်းနဲ့ အောင်မြင်ချက် အလားအလာတွေလည်း ဒွန်တွဲတည်ရှိနေပါတယ်။ အခြေအနေက အလွန်ကျယ်ပြန့် ရှုပ်ထွေးနက်ရှိုင်းပါတယ်။ ဒါကြောင့် ပကတိအခြေအနေကို ဆန္ဒစွဲကင်းစွာနဲ့ လက်ခံပြီးတော်လှန်တဲ့ အကောင်းမြင်ဝါဒနဲ့ သေသေချာချာ သုံးသပ် ဝေဖန် အဖြေရှာဖို့လိုပါတယ်။

ရန်သူ (စစ်အာဏာရှင်စနစ်) ဟာ တခုလုံးအနေအထားနဲ့ ကြည့်ရင်.... ခနအင်အား၊ စစ်တပ် (လူ၊ လက်နက်) အင်အားကြီးတယ်၊ ဒါပေမဲ့ သူဟာ စစ်ဗျူရိုကရက် လက်ဝါးကြီးအုပ်အရင်းရှင်စနစ်ဆိုးကို ကိုယ်စားပြုပြီး ဖိနှိပ်နေတဲ့အစိုးရဖြစ်လို့ လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးတရပ်လုံးရဲ့ အုံကြွဆန့်ကျင်မှုကို ခံနေရတဲ့ ဖောက်ပြန်တဲ့ အစိုးရဖြစ်တယ်။ ဆုတ်ယုတ်နေတဲ့ ရုပ်သဏ္ဍာန် ဖြစ်တယ်။ ဒါကြောင့် ရန်သူကို စက္ကူကျားအဖြစ် သဘောထားရမယ်။ မိမိတို့ဖက်မှာတော့ လက်ရှိမှာ အင်အားနည်းနေပေမယ့် အဖိနှိပ်ခံပြည်သူလူထုကြီး တရပ်လုံးရဲ့ အားပေးထောက်ခံမှုကိုရရှိထားတဲ့ တပ်ဖွဲ့ဖြစ်လို့ တိုးတက်နေတဲ့ အင်အားစု အဖြစ်မြင်ရမယ်။ ၂၀၂၁–ခုနှစ်ဖေဖော်ဝါရီလက စတင်ခဲ့တဲ့ နိုင်ငံရေး ဒီရေမြင့်ကြီးနဲ့အတူ တပြည်လုံးအနှံ့အပြား အုံကြွပေါက်ကွဲလာနေတဲ့ လူထုရဲ့လက်နက်ကိုင် ပုန်ကန်မှုအရေးတော်ပုံကြီးက တော်လှန်ရေးရဲ့အောင်ပွဲအတွက် အာမခံချက်ပဲ ဖြစ်ပါတယ်။ ဒါကတော့ မျက်မှောက် တော်လှန်ရေးအပေါ် တော်လှန်တဲ့ အကောင်းမြင်ဝါဒနဲ့ ရှုမြင်ချက်ပဲ ဖြစ်ပါတယ်။

ချုပ်ရင်...ပကတိဘာဝ အချက်အလက်တွေကို ဆန္ဒစွဲကင်းစွာနဲ့လက်ခံပြီး တော်လှန်ပြောင်းလဲတဲ့ အမြင်နဲ့ချဉ်းကပ်တာဟာ တော်လှန်တဲ့ အကောင်းမြင်ဝါဒရဲ့ အတွင်းသဘောပဲဖြစ်ပါတယ်။ ရှေ့မှာ အခက်အခဲတွေနဲ့ စိန်ခေါ်ချက်တွေ များစွာ ရှိနေဆဲဖြစ်ပါတယ်။ အခက်အခဲနဲ့ အောင်ပွဲဟာ အမြွှာညီနောင်ဖြစ်ပါတယ်..။ အောင်ပွဲနီးလေ အခက်အခဲကြီးလေ သွေးပိုထွက်လေ အသက်ပိုစွန့်ရလေ ဖြစ်ပါတယ်။ သန္နိဋ္ဌာန်ချ ..အခက်အခဲကို ကျော်လွှား..တိုက်ပွဲဝင် ..အောင်ပွဲအရယူ ဆိုတဲ့လမ်းကြောင်းအတိုင်း တည်တည်ငြိမ်ငြိမ်နဲ့ ရှေ့ဆက်သွားကြရမှာဖြစ်ပါတယ်။ ။

**စစ်ဗျူရိုကရက် လက်ဝါး ကြီး အုပ် အရင်း ရှင်စနစ်ဆိုးကို ကိုယ်စားပြု ပြီး ဖိနှိပ်နေတဲ့ အစိုးရ ဖြစ်လို့ လူမျိုးပေါင်းစုံ ပြည်သူလူထု ကြီးတရပ် လုံးရဲ့ အုံကြွ ဆန့်ကျင်မှု ကို ခံနေရတဲ့ ဖောက်ပြန် တဲ့ အစိုးရဖြစ် တယ်**

# ဗမာပြည်ကွန်မြူနစ်ပါတီ

## မွေးဖွားပေါ်ထွန်းစေတဲ့

# သမိုင်းဆိုင်ရာ အခြေခံအကြောင်းရင်း ၃ ရပ်

ဗမာပြည်ကွန်မြူနစ်ပါတီဟာ

(၁) ကိုလိုနီခေတ်ဗမာပြည် နယ်ချဲ့ဆန့်ကျင်ရေးအမျိုးသား လွတ်မြောက်ရေး တိုက်ပွဲနဲ့ လူတန်းစား တိုက်ပွဲတွေ သည်းသန်ပြင်းထန်မှုရဲ့ လိုအပ်ချက်အရ ပေါ်ပေါက်လာတယ်။

(၂) ဗမာပြည်နိုင်ငံရေးသမိုင်းစဉ်မှာ ရှေ့တန်းရောက်လာတဲ့ အလုပ်သမားလှုပ်ရှားမှု ရှေ့တဆင့်ဖြစ်ပေါ်တိုးပွားရေးအတွက် သမိုင်းတောင်းဆိုချက်အရ ပေါ်ထွက်လာခြင်းဖြစ်တယ်။

(၃) ဗမာပြည် နိုင်ငံရေး လက်တွေ့ကို မာ့က်စ် လီနင်ဝါဒ နဲ့ ပေါင်းစပ်ကျင့်သုံးမှု၊ တိုက်ပွဲဝင်မှုများရဲ့ အကျိုးရလဒ် အဖြစ် ပေါ်ထွက်လာခြင်း ဖြစ်တယ်။

ဒါဟာ ဗမာပြည် ကွန်မြူနစ်ပါတီ မွေးဖွားပေါ်ပေါက်လာခြင်းရဲ့ တခုနဲ့တခု ဆက်စပ်နေတဲ့ အခြေခံ အကြောင်းတရား သုံးပါးဖြစ်တယ်။

(၁)

ကိုလိုနီခေတ် အနှစ် ၁၀၀ ကျော် ဗမာပြည် သမိုင်းဟာ အမျိုးသားစုံ အဖိနှိပ်ခံပြည်သူတွေရဲ့ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသား လွတ်မြောက်ရေး၊ ဖိနှိပ်သူ ဖောက်ပြန်တဲ့ အုပ်စိုးသူ လူတန်းစား အဆက်ဆက်ကို တွန်းလှန်တိုက်ပွဲဝင်တဲ့ သမိုင်းဖြစ်တယ်။

၁၉၀၆ ခုနှစ်မှာ ဗုဒ္ဓဘာသာ ကလျာဏယုဝသင်းကြီး (YMBA) ကို ထူထောင်ခဲ့ကြတယ်။ (ကိုလိုနီခေတ် ပထမဆုံး လူထုအသင်းအဖွဲ့)၊ ၁၉၂၀ စက်တင်ဘာမှာ ဒီအသင်းကို ဝံသာနုအဖွဲ့ချုပ်ကြီး (GCBA) အဖြစ်ပြောင်းဖွဲ့ခဲ့တယ်။ (ဗမာပြည်ရဲ့ ပထမဆုံး အမျိုးသားလွတ်လပ်ရေး ညီညွတ်ရေး တပ်ပေါင်းစု)၊ အဲဒါနဲ့အတူ ၁၉၂၀ မှာပဲ ရန်ကုန်တက္ကသိုလ်ကျောင်းသားများနဲ့ ယုဒသန် ကောလိပ်ကျောင်းသားများရဲ့ ပထမ ကျောင်းသား သပိတ်ပေါ်တယ်။ ၁၉၃၀ မေလမှာ တို့ဗမာ အစည်းအရုံး ပေါ်တယ်။ ၁၉၃၁ မှာ ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သမဂ္ဂဟာ သမဂ္ဂအဆောက်အအုံနဲ့အတူ ပေါ်တယ်။ ၁၉၃၆ မေလ ၈ ရက်နေ့မှာ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် ပေါ်တယ်။

ဒါတွေက ဘာကို ဖော်ပြသလဲ။ ဗမာပြည်မှာ ကိုလိုနီစနစ်ဆန့်ကျင်ရေးနဲ့ အမျိုးသားရေး လှုပ်ရှားမှုတွေ ဆောင်ရွက်တဲ့ အသင်းအဖွဲ့တွေဟာ ကုမ္မာရီလိုမျိုး အသင်းအဖွဲ့ကအစ ဗုဒ္ဓဘာသာ ကလျာဏ ယုဝကနေ တို့ဗမာအစည်းအရုံးအထိ၊ ရတဲ့အခွင့်အလမ်းမှာ ရတဲ့နည်းနဲ့ ပုံစံမျိုးစုံ အသင်းအဖွဲ့တွေ တိုးတိုးပြီးဖွဲ့လာကြတယ်။ ဒ့ါအပြင် လူတန်းစားအသင်းအဖွဲ့များပါ စတင်ဖွဲ့စည်းပြီး အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲများနဲ့ လူတန်းစား တိုက်ပွဲများကို ပေါင်းစပ် ဆင်နွှဲလာကြတယ်။

ဒီတိုက်ပွဲများဟာ အဆက်မပြတ် ဖြစ်ပေါ်လာနေပြီး ပိုမိုသည်းသန် ပြင်းထန်လာတာကို မြင်ဖို့လိုတယ်။

ဥပမာ–ပထမအကြိမ် ကျောင်းသားသပိတ် (၁၉၂၀) ဟာ ဒုတိယအကြိမ် ကျောင်းသားသပိတ် (၁၉၃၆) မှာ ပိုမိုအားကောင်း၊ ပိုအရှိန်အဟုန် မြင့်၊ ပိုကျယ်ပြန့်လာတယ်။ အလုပ်သမား၊ လယ်သမား၊ ဓနရှင်ပေါက်စနဲ့ အမျိုးသားဓနရှင်များ ရဟန်းရှင်လူများ ပူးပေါင်းပါဝင်လာကြတယ်။

အလုပ်သမား လူတန်းစားအနေနဲ့ ချောက်ရေနံမြေ အမေရိကန် ရေနံတွင်းတူး အလုပ်သမားများသပိတ် (၁၉၁၅) ရေနံချောင်း ဘီအိုစီရေးသပိတ် (၁၉၁၇)၊ သံလျင် ရေနံချက်စက်ရုံ ဖယောင်းချက်စက်ရုံ အလုပ်သမားများသပိတ် (၁၉၂၀ ဒီဇင်ဘာ)၊ ၁၉၂၁ ရေနံမြေ အလုပ်သမား ၂၀၀၀ ပါဝင်တဲ့ သပိတ်၊ ၁၉၂၅ ရန်ကုန် ဆိပ်ကမ်း အလုပ်သမား ၂၅၀၀ နဲ့ လုပ်ငန်းအလိုက် အခြား အလုပ်သမားများ ၁၅၀၀၀ ကျော် ပူးပေါင်း ပါဝင်ခဲ့တဲ့ သပိတ်ကြီး။ ၁၉၂၅ ဩဂုတ်လမှာ ရောဝတီ ရေကြောင်း ကုမ္ပဏီက အိန္ဒိယ အလုပ်သမား ၃၀၀၀ ပါဝင်တဲ့ ၅ လကြာ သပိတ်၊ ၁၉၂၆ ရေနံမြေက အင်အား ၄၀၀၀ ရဲ့ ၃ ပတ်ကြာ အလုပ်သမားသပိတ်၊ ၁၉၃၀ မှာ ထပ်မံပေါ်ခဲ့တဲ့ ဆိပ်ကမ်းအလုပ်သမား ၅၀၀၀ ရဲ့ သပိတ်၊ ၁၉၃၆ အင်းစိန် စဥ့်ငူ တယော စွပ်ကျယ်စက် အလုပ်သမားသပိတ်၊ ၁၉၃၇ မေ ၁၅ ကမာရွတ် ရာဘာစက်ရုံ အလုပ်သမားသပိတ် စတဲ့ ဒီသပိတ်တွေဟာ အဆက်မပြတ် တိုးတိုး ပေါ်နေတာဖြစ်တယ်။ တိုးပြီး သည်းသန်ပြင်းထန်လာတယ်ဆိုတာကိုလည်း ၁၃၀၀ ပြည့် အလုပ်သမား အရေးတော်ပုံကြီး (၁၉၃၈) ဖြစ်ပေါ်လာတဲ့အထိ ကြီးထွားသည်းသန်လာမှုက အထင်အရှား ပြသလိုက်တယ်။

၁၉၂၉–၃၀ ကမ္ဘာ့စီးပွားပျက်ကပ်ရဲ့ ဂယက်ရိုက်မှု–ဗမာပြည်မှာ စပါးဈေး ဒလဟောကျသွားမှုနဲ့အတူ လူခွန်တော်၊ သဿမေဒအခွန်၊ လယ်ခွန်တော်တွေကို အဓမ္မ ဖိနှိပ်ကောက်ယူတဲ့ ကိုလိုနီအစိုးရကို ဆရာစံ ခေါင်းဆောင်တဲ့ လယ်သမားများဟာ ဆက်လက်ခေါင်းငုံ့ မခံနိုင်တော့ဘဲ ဂဠုန်သူပုန်အဖြစ် ရရာလက်နက် ကိုင်စွဲကာ တော်လှန်တယ်။ လူတန်းစား တိုက်ပွဲတွေ ပိုမိုသည်းသန် လာတာကို ပြတယ်။ လက်နက်နဲ့ လူသူအင်အား မယှဉ်သာဘဲ တိုက်ခိုက်ရတဲ့ တော်လှန်စစ်ဖြစ်တာမို့ လယ်သမားတွေ ၂၀၀၀ ကျော် သေကြေခဲ့ရတယ်။ ၁၉၃၀ ကနေ ၁၉၃၂ အတွင်း ကြိုးပေး အသတ်ခံရသူ ဆရာစံ အပါအဝင် လယ်သမား ၃၀၂ ဦး။ တသက်တကျွန်း ပစ်ဒဏ်ပေးခြင်းခံရသူ ၈၉၀ ဦးထိ ရှိခဲ့တယ်။ (ကိုလိုနီခေတ် ၁၉၃၁ ဥပဒေပြု လွှတ်တော်မှတ်တမ်းများမှ)၊ လယ်သမား တော်လှန်ရေး ရှုံးခဲ့ပေမယ့် လယ်သမားတွေရဲ့ ကိုယ်ကျိုးစွန့် အသက်စွန့်ပြီး တော်လှန်ခဲ့တဲ့ စိတ်ဓာတ်ဟာ ဂုဏ်ရောင်ပြောင်ခဲ့တယ်။ ဒါပေမဲ့ ဗမာပြည် နိုင်ငံရေးအင်အားတွေရဲ့ ထောက်ခံမှု ပူးပေါင်းမှု အင်မတန်နည်းခဲ့တယ်။ ထိုစဉ်က တိုက်ပွဲဝင်နေဆဲ တရုတ်ပြည် ကွန်မြူနစ်ပါတီကတော့ ပစ္စည်းမဲ့ အောင်လံနီတလက် သာယာဝတီအရှေ့ဘက် ရန်ကင်းတောင် လယ်သမားသူပုန်အခြေခံ

**တရုတ်ပြည် ကွန်မြူနစ် ပါတီကတော့ ပစ္စည်းမဲ့ အောင်လံနီတ လက် သာယာ ဝတီအရှေ့ ဘက် ရန်ကင်း တောင် လယ်သမား သူပုန်အခြေခံ စခန်းအထိ အ ရောက်ပို့ပေး ပြီး ထောက်ခံ**

**ဆရာစံ လယ်သမားသူပုန်နည်းတူ ၁၃၀၀ ပြည့် အလုပ်သမားအရေးတော်ပုံကြီးကလည်း ထပ်မံပြီး သင်ခန်းစာများ ပေးအပ်ခဲ့ပါတယ်**

စခန်းအထိ အရောက်ပို့ပေးပြီး ထောက်ခံခဲ့တယ်။ ဗမာပြည် နိုင်ငံရေးလောကမှ ဒီလယ်သမားတော်လှန်ရေးကို ပေါ်ပေါ်ထင်ထင် အသိအမှတ်ပြုသူဆိုလို့ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ လွှတ်တော်အမတ် သခင်မြနဲ့ ဗမာပြည်သား ဗမာပြည် ကွန်မြူနစ်ပါတီ မထူထောင်မီက မာ့က်စ်ဝါဒီ ကွန်မြူနစ်တဦးဖြစ်သူ ဦးကျော်တို့သာ ရှိခဲ့တယ်။ အဖိနှိပ်ခံလူတန်းစားများ တော်လှန်ရေးတိုက်ပွဲတွင်းသို့ ပါဝင်လာအောင် ဦးဆောင်နိုင်စွမ်းရှိတဲ့ ဦးဆောင်လူတန်းစားနဲ့ ပါတီတရပ် ပေါ်ပေါက်ရေးဟာ ပြင်းထန်လာနေတဲ့ ဗမာပြည်လူတန်းစား တိုက်ပွဲများရဲ့ တောင်းဆိုချက် ဖြစ်လာတယ်။

အုပ်စိုးသူ ကိုလိုနီ နယ်ချဲ့သမားတွေဘက်ကလည်း လူထုအုံကြွမှုတွေကို တိုးတိုးပြီး ဖိနှိပ်လာတယ်။ ရဟန်းရှင်လူ အဖိနှိပ်ခံပြည်သူတွေ တခဲနက် ပါဝင်ခဲ့တဲ့ ၁၃၀၀ ပြည့် အရေးတော်ပုံကြီးကိုလည်း ကိုလိုနီ နယ်ချဲ့သမားရဲ့ လက်နက်ကိုင် တပ်သားတွေက အလုပ်သမား လယ်သမားနဲ့ ကျောင်းသားတွေ စုစည်းမိတဲ့ ရွှေတိဂုံစေတီတော်အထိ ဖိနပ်မချွတ်ဘဲ တက်ရောက်ကာ လက်နက်နဲ့ပစ်ခတ်သတ်ဖြတ်ဖမ်းဆီးတာတွေ လုပ်ပြီး နှိမ်နင်းပစ်ခဲ့တယ်။

ဒီလို သည်းသန်ပြင်းထန်တဲ့ အမျိုးသား လွတ်မြောက်ရေးတိုက်ပွဲတွေနဲ့ လူတန်းစားတိုက်ပွဲတွေ ရန်သူရဲ့ ရက်စက်လှတဲ့ သတ်ဖြတ်ဖမ်းဆီး ဖိနှိပ်မှုကြောင့် ရှုံးနိမ့်ပြိုကွဲသွားရခြင်းအပေါ် ဘယ်လို သုံးသပ်နိဂုံးချုပ်မလဲ။ အမျိုးသားလွတ်မြောက်ရေးနဲ့ လူတန်းစားတိုက်ပွဲတွေကို ခေါင်းဆောင်နိုင်စွမ်းရှိပြီး ပြတ်ပြတ်သားသား တော်လှန်တိုက်ခိုက်သွားနိုင်မယ့် စစ်မှန်တဲ့ပါတီတရပ် ထူထောင်ရေးဟာ အဆက်မပြတ် သည်းသန်ပြင်းထန်နေတဲ့ တိုက်ပွဲတွေရဲ့ လိုအပ်ချက် ဖြစ်လာတယ်။

(၂)

တော်လှန်တဲ့ ဦးဆောင်ပါတီတရပ်ဟာ ဘယ်လို ပါတီမျိုး ဖြစ်ရမလဲ။

ဆရာစံ လယ်သမားတွေရဲ့ လက်နက်ကိုင် တော်လှန်ရေးက သင်ခန်းစာတချို့ ပေးခဲ့ပါတယ်။

ဆရာစံ လယ်သမားသူပုန်တွေဟာ အင်မတန် ရဲစွမ်းသတ္တိရှိကြတယ်။ ရရာလက်နက်နဲ့ အသက်ပေး တိုက်ခိုက်သွားကြတယ်။ ဒါပေမဲ့ သူတို့ဟာ တပြည်လုံးက အဖိနှိပ်ခံလူမျိုးစုံ ပြည်သူတွေကို လက်နက်ကိုင် တော်လှန်ရေးအတွင်း ပါဝင်လာအောင် မစည်းရုံးနိုင်ခဲ့ဘူး။ ခေါင်းမဆောင် နိုင်ခဲ့ဘူး။ မှန်ကန်တဲ့ တော်လှန်ရေး လမ်းစဉ်တရပ်ကို ချမှတ်ထားတာ မရှိခဲ့ဘူး။ မှန်ကန်ထက်မြက်ပြီး သိပ္ပံနည်းကျတဲ့ တော်လှန်ရေး သဘောတရားတရပ်ကို လက်နက်တရပ်အဖြစ် တပ်ဆင်ကိုင်စွဲနိုင်ခြင်း မရှိခဲ့ဘူး။ ခေတ်မီလက်နက်များ တပ်ဆင်ပြီး စနစ်တကျ ဖွဲ့စည်းထားတဲ့ ခေတ်မီ အမျိုးသား တပ်မတော်တရပ်ကို ထူထောင်ဖွဲ့စည်းနိုင်ခြင်းမရှိခဲ့ဘူး။

ဆရာစံ လယ်သမားသူပုန်နည်းတူ ၁၃၀၀ ပြည့် အလုပ်သမားအရေးတော်ပုံကြီးကလည်း ထပ်မံပြီး သင်ခန်းစာများ ပေးအပ်ခဲ့ပါတယ်။

မျက်မှောက် အရင်းရှင်ခေတ်မှာ အရင်းရှင်လူတန်းစားနဲ့ အတူ မွေးဖွားလာတဲ့ ပစ္စည်းမဲ့ လူတန်းစားက ကျန်အဖိနှိပ်ခံ လူတန်းစားတွေ ပြည်သူတွေကို စည်းရုံးကာ အရင်းရှင်စနစ်ကို သုတ်သင်ပြီး သချိုင်းတူး မြေမြှုပ်ပေးသူ ဖြစ်လိမ့်မယ်လို့ မာ့က်စ်ဝါဒက သင်ကြားပေးခဲ့တယ်။ ၁၃၀၀ ပြည့် အရေးတော်ပုံကြီးမှာ အလုပ်သမား လူတန်းစားဟာ အရေးတော်ပုံကြီးကို စတင်သူ၊ အခြား အဖိနှိပ်ခံ လူတန်းစားများ အရေးတော်ပုံကြီးအတွင်း ပါဝင်လာအောင် စည်းရုံးသူ။ ဝါဒဖြန့်သူနဲ့ ရှေ့တန်းတပ်ဦးမှ ဦးဆောင်တိုက်ပွဲဝင်သူ ဖြစ်ခဲ့တယ်။ ဒါပေမဲ့ အရေးတော်ပုံကြီးဟာ အဖြိုခွဲခံလိုက်ရတယ်။

ဗမာပြည်သမိုင်းမှာ ၁၃၀၀ ပြည့်အရေးတော်ပုံကြီး ပေါ်ပေါက် လာခြင်းနဲ့ အုပ်စိုးသူ ကိုလိုနီနယ်ချဲ့သမားတို့က လက်နက်ကိုင်ပြီး ဖိနှိပ်ဖြိုခွဲလိုက်ခြင်းက အောက်ပါ သမိုင်း သင်ခန်းစာများကို ပေးအပ်လိုက်တယ်။

၁။ လက်နက်ကိုင် ဖိနှိပ်အုပ်စိုးတဲ့ အုပ်စိုးသူရန်သူ လူတန်းစားကို အောင်ပွဲရသည်အထိ တိုက်ခိုက်နိုင်ဖို့ဆိုရင် တော်လှန်တိုက်ပွဲဝင်တဲ့ အလုပ်သမားလူတန်းစားနဲ့ အဖိနှိပ်ခံပြည်သူတွေဟာ ခေတ်မီလက်နက်ကိုင် တပ်မတော်တရပ် ဖွဲ့စည်းတည်ထောင်ထားဖို့လိုတယ်။

၂။ ဗမာပြည်အလုပ်သမားလူတန်းစားဟာ ရန်သူကို တိုက်ပွဲဝင်ရာမှာ လူတန်းစားပေါင်းစုံ၊ ဂိုဏ်းပေါင်းစုံ ရောနှောပါဝင်နေတဲ့ တို့ဗမာအစည်းအရုံးလို

အဖွဲ့အစည်းရဲ့ ခေါင်းဆောင်မှုအောက်က တိုက်ပွဲဝင်ရုံနဲ့ နောက်ဆုံးပိတ်အောင်ပွဲကို မရနိုင်။ ရန်သူကို ဆုံးခန်းတိုင်တိုက်ပြီး အလုပ်သမားလူတန်းစား လွတ်မြောက်ရေး အောင်ပွဲရဖို့ဆိုရင် အလုပ်သမားလူတန်းစားဟာ မှန်ကန်တဲ့ တော်လှန်ရေးသဘောတရားကို လက်နက်အဖြစ် ကိုင်စွဲထားတဲ့ မိမိလူတန်းစား ကိုယ်တိုင်ရဲ့ တိုက်ပွဲဝင်ရှေ့ဆောင် တပ်ဦးပါတီတရပ် ဖွဲ့စည်းတည်ထောင်သွားဖို့ လိုတယ်။

ဒီ ၂ ချက်ဟာ သမိုင်းသင်ခန်းစာများ ဖြစ်သလို သမိုင်းရဲ့ လိုအပ်ချက် သမိုင်းရဲ့ တောင်းဆိုချက်လည်း ဖြစ်ပါတယ်။

(၃)

၁၉၁၇ ခုနှစ် ဆိုဗီယက် အောက်တိုဘာ တော်လှန်ရေး အောင်ပွဲခံပြီးနောက် ဗမာပြည်ကို မာ့က်စ်ဝါဒ တစတစ ရောက်ရှိလာတယ်လို့ သမိုင်းအထောက်အထားများ တွေ့ရှိရပါတယ်။ မာ့က်စ်ဝါဒ၊ လီနင်ဝါဒနဲ့ ဖော်ရှီဘစ်ပါတီ အကြောင်းတွေ တိုးတက်တဲ့ လူငယ်တွေ စတင်သိရှိလာတယ်။ ပညာ့အလင်း၊ နေပြည်တော်ဂျာနယ်၊ ဗန္ဓုလဂျာနယ်၊ ကြွေးကြော်သံမဂ္ဂဇင်းတို့မှာ ဆောင်းပါးရှင် ဒဂ်ီး၊ ရွှေလှံ၊ တင်းဘုတ်၊ ကြေးအား၊ အငြိမ်းစား အရေးပိုင် ဦးရွှေသား၊ ဂျီစီဘီအေခေါင်းဆောင် ဂျာမနီပြန် ဦးစု၊ မောင်မျိုးညွန့် စတဲ့ ဆောင်ပါးရှင်တွေက မာ့က်စ် လီနင်ဝါဒ ဆိုင်ရာတို့ကို စတင်ရေးသား ဖြန့်ချိလာကြပါတယ်။ ဗမာပြည်ထဲ လီနင် လက်ရွေးစင်ကျမ်း ၁၂ တွဲ ဝယ်ယူ တင်သွင်းလာတဲ့ ဒေါက်တာ သိန်းမောင်ကလည်း မာ့က်စ်ဝါဒကို နယူးဘားမား သတင်းစာမှာ ဆက်တိုက်ရေးသား ဖြန့်ချိခဲ့ပါတယ်။ နိုင်ငံရေးသမား လူငယ်တွေ အဖတ်အများဆုံးဟာ အရင်းကျမ်းနဲ့ (တရုတ်ပြည်ပေါ်က ကြယ်နီ) ဆိုတဲ့ စာအုပ်တွေဖြစ်တယ်လို့ ဆိုတယ်။ မာ့က်စ် လီနင်ဝါဒ စာအုပ်များ ဝယ်ယူပြီး ဖတ်ခွင့်ပေးတဲ့ စာကြည့်တိုက်များလည်း ရှိလာတယ်။ ဆရာစံရဲ့ ပေးလှူငွေနဲ့ တည်ထောင်တဲ့ ဆရာစံ စာအုပ်တိုက်မှာလည်း မာ့စ်လီနင်ဝါဒစာအုပ်များ ထားရှိတယ်။ ဒ့ါအပြင် မာ့က်စ်ဝါဒကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဖြန့်ဖြူးသူတွေလည်း ရှိလာတယ်။

၁၉၂၉ မေလမှာ ရှန်ဟဲကနေ ဗမာပြည်ရောက်လာတဲ့ ဝူဝေဆိုင်နဲ့ ဇနီးတိုကလည်း ကွန်မြူနစ်ဝါဒ ပြန့်ပွားရေးကို အာရုံစိုက် လုပ်ခဲတယ်လို့ ဆိုပါတယ်။ ရန်ကုန် တရုတ်တန်းမှာ ကွန်မြူနစ် ကလပ်စည်းတခုကို ထူထောင်ခဲ့တယ်။ အခြားတရုတ် အမျိုးသားများရဲ့ ကွန်မြူနစ် ကလပ်စည်းတခုကိုလည်း ပျဉ်းမနားမှာ ထူထောင်ခဲ့သေးတယ်။

နောက်ထပ် ဗမာပြည်မှာ ကွန်မြူနစ် ဝါဒကို ဖြန့်ဖြူးပေးသူ တဦးက အသျှင်ကျော် (ခေါ်) ဦးတင်အေး (ခေါ်) ဦးကျော်ပါ။ သူက သူက ဟသ်ာတခရိုင်၊ အင်္ဂပူမြို့နယ်၊ လူကြီးကျေးရွာသား။ ၁၉၂၀ ပထမ ကျောင်းသား သပိတ်ဖြစ်ချိန် ကိုလံဘိုသွား ကျောင်းတက်တယ်။ နောက်တော့ အင်္ဂလန်မှာ ဆေးပညာသင်ဖို့ ကျောင်းတက်တယ်။ အဲဒီနောက် ဥပဒေ ဘာသာရပ် ပြောင်းယူတယ်။ ၁၉၂၈ မှာ လန်ဒန်မှာ ဖွဲ့တဲ့ ဗမာကျောင်းသားသမဂ္ဂ (ဗဟိုစည်းရုံးရေး) အဖွဲ့ရဲ့ အတွင်းရေးမှူးပါ။ နောက်တော့ ဗြိတိသျှ ကွန်မြူနစ်ပါတီဝင် ဖြစ်လာတယ်။ သူက အင်္ဂလန်ရှိ နယ်ချဲ့ဆန့်ကျင်ရေး အဖွဲ့ချုပ်ထဲမှာလည်း ပါတယ်။

ဦးကျော်ကပဲ တို့ဗမာအစည်းအရုံးက သခင်သိမ်းမောင်၊ သခင်ဘသောင်းနဲ့ သခင်ထွန်းရွှေတို့ကို အင်္ဂလန် ကွန်မြူနစ်ပါတီနဲ့ ဆက်သွယ်ပေးခဲ့တယ်။ တို့ဗမာအစည်းအရုံးဟာလည်း အင်္ဂလန်ကွန်မြူနစ်ပါတီနဲ့ အဆက်အသွယ်ရသွားတယ်။ အင်္ဂလန် ကွန်မြူနစ်ပါတီက လစဉ်ထုတ်တဲ့ စာအုပ်တွေ၊ အခါအားလျော်စွာ ထုတ်တဲ့စာအုပ်တွေ တို့ဗမာအစည်းအရုံးက တောက်လျှောက်ရနေတယ်။

ဦးကျော်ဟာ ၁၉၃၂ မှာ ကမ္ဘာ့နယ်ချဲ့ဆန့်ကျင်ရေး အဖွဲ့ချုပ်ရဲ့ အမှုဆောင်တဦး ဖြစ်လာတယ်။ ၁၉၃၃ မှာ အိန္ဒိယကျောင်းသားများ လျှို့ဝှက်ကွန်မြူနစ်အစု ရဲ့ အစုဝင်ဖြစ်လာတယ်။ ၁၉၃၃ ခုနှစ် – နှစ်ကုန်ပိုင်းမှာတော့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ၊ဗမာနိုင်ငံလုံးဆိုင်ရာ လူငယ်များအသင်းတို့နဲ့ အဆက်အသွယ်လုပ်ပြုလုပ်ခဲ့တယ်။ ဗမာနိုင်ငံလုံးဆိုင်ရာ လူငယ်များအသင်းကိုတော့ အင်္ဂလိပ်အစိုးရက ကွန်မြူနစ် အဖွဲ့အစည်းဖြစ်သွားပြီလို့ သူ့ရဲ့ရန်သူတော်မှတ်တမ်းစာထဲမှာ မှတ်တမ်းတင်ထားခဲ့ပါတယ်။ ၁၉၃၄ ခုနှစ်မှာ ဦးကျော်နဲ့ သခင်လေးမောင် စတင်ဆက်သွယ်မိပါတယ်။ စာအစောင်စောင်ရေးသား ဆွေးနွေးကြတာ ရှိပါတယ်။ သခင်လေးမောင်ဟာ ၁၉၃၆ ခုနှစ် သခင်ညီလာခံမှာ တို့ဗမာအစည်းအရုံးကြီးရဲ့ ဥက္ကဋ္ဌ ဖြစ်လာခဲ့ပြီး မြင်းခြံမှာ ကျင်းပတဲ့ တို့ဗမာအစည်းအရုံး ဒုတိယအကြိမ်မြောက်ညီလာခံမှာ မာ့က်စ်ဝါဒကို ထည့်သွင်း ဟောပြောခဲ့တယ်။

**အင်္ဂလန် ကွန်မြူနစ် ပါတီက လစဉ်ထုတ်တဲ့ စာအုပ်တွေ၊ အခါအားလျော်စွာ ထုတ်တဲ့ စာအုပ်တွေ တို့ ဗမာ အစည်း အရုံး က တောက် လျှောက် ရနေ တယ်။**

**ရေနံမြေကို တို့ဗမာအစည်းအရုံးက သခင်လူငယ်များ သွားရောက်ကာ မာ့က်စ် လီနင်ဝါဒ အကြောင်း သွားရောက်ဟောပြော**

ဒီအချက်အလက်များအရ ၁၉၃၈ အလုပ်သမားအရေးတော်ပုံကြီး ပေါ်ပေါက်မလာမီ ကတည်းက ဗမာပြည် လုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်၊ ဗမာပြည်လုံးဆိုင်ရာ လူငယ်များအသင်း၊ တို့ဗမာအစည်းအရုံးတို့ထံ မာ့စ်လီနင်ဝါဒ စတင်ရောက်ရှိကာ ပြန့်ပွားနေပြီ ဖြစ်ကြောင်း ထင်ရှားပါတယ်။

ဆက်လက်ပြီး ဗမာပြည်က တို့ဗမာ အစည်းအရုံးက ခေါင်းဆောင်တွေနဲ့ မာ့က်စ် လီနင်ဝါဒ လိုလားကြတဲ့ လူငယ်တွေ နိုင်ငံရေးသမားတွေက မာ့က်စ် လီနင်ဝါဒကို ဗမာပြည် တော်လှန်ရေး လက်တွေ့နဲ့ ပေါင်းစပ်ကျင့်သုံးကြဖို့ ကြိုးပမ်းခဲ့ကြပုံအကြောင်း ဆက်လက်တင်ပြလိုတယ်။

၁၉၃၆ ခုနှစ်မှာ တို့ဗမာအစည်းအရုံးနဲ့ ဗမာပြည်လုံးဆိုင်ရာ လူငယ်များအသင်းတို့က ဗမာပြည် အလုပ်သမား လယ်သမားထုထဲ မာ့က်စ် လီနင်ဝါဒကို စဖြန့်တယ်။ ရေနံအလုပ်သမားတွေရဲ့ ဗဟိုချက်မ ဖြစ်နေတဲ့ ရေနံမြေကို တို့ဗမာ အစည်းအရုံးက သခင်လူငယ်များ သွားရောက်ကာ မာ့က်စ် လီနင်ဝါဒ အကြောင်း သွားရောက် ဟောပြောကြတယ်။ ဒ့ါအပြင် တို့ဗမာအစည်းအရုံးဝင် သခင်ခေါင်းဆောင်များ ကိုယ်တိုင် ရေနံမြေသို့ ဆင်းပြီး ရုရှားပြည် တော်လှန်ရေး အကြောင်း မာ့က်စ် လီနင်ဝါဒအကြောင်း ဟောပြောပို့ချတာတွေလည်း လုပ်ခဲ့တယ်။ ထို့ပြင်သာမက တို့ဗမာအစည်းအရုံးမှ မာ့က်စ်ဝါဒီခေါင်းဆောင်များက အလုပ်သမားများကို မာ့က်စ် လီနင်ဝါဒဖြင့် စည်းရုံးရန် ရှေးဦးစွာ သခင်တင်၊ သည့်နောက် သခင်လွင်တို့ကို တာဝန်ခံအဖြစ် စေလွှတ်ပေးခဲ့တယ်။ သူတို့က ဦးသံဗျင် အလွတ်ပညာသင်ကျောင်းမှာ စခန်းချကာ အလုပ်သမားများကို မာ့က်စ် လီနင်ဝါဒဖြင့် စည်းရုံးတာ ဟောပြောပို့ချတာ လုပ်ပါတယ်။ ချောက်မြို့က အလုပ်သမား စည်းရုံးရေးမှူး သခင်သင်ကလည်း ဦးသံဗျင်ကျောင်းမှာ ဝင်ပြီး အလုပ်သမားများအတွင်း မာ့က်စ် လီနင်ဝါဒ သင်ကြားပေးပါတယ်။ ဒီတော့ အလုပ်သမား လူတန်းစားဟာ မာ့က်စ် လီနင်ဝါဒ စတင်အမြစ်တွယ်လာပေမယ့် ကျေညက်အောင် နားမလည်နိုင်ကြပါ။ ဒီတော့ ရေနံတပ်တွင် ဗိုလ်လုပ်ရန် ရွေးချယ်ထားသော လူငယ်များအား မော်လမြိုင်စရပ်မှာ သင်တန်းပေးကာ အလုပ်ဌာန အသီးသီးကို စည်းရုံးရန် စေလွှတ်ပါတယ်။ ဒ့ါအပြင် မာ့က်စ် လီနင်ဝါဒကို အလုပ်သမား လယ်သမားများ နားလည်အောင် ဘာသာပြန် ထုတ်ဝေပေးနိုင်ဖို့ဆိုတာကို ရည်ရွယ်ချက်တခုအဖြစ် ထားပြီး နဂါးနီစာအုပ်အသင်းကို ၁၉၃၇ ခုနှစ်မှာ တည်ထောင်လိုက်တယ်။ တိုးတက်တဲ့ လူငယ်ပညာတတ်များက မာ့က်စ် လီနင်ဝါဒ စာအုပ်များကို အများအပြား ဘာသာပြန်ကာ ထုတ်ဝေဖြန့်ချိခဲ့ကြပါတယ်။

အဲသလို ရေနံမြေမှ အလုပ်သမားများကို မာ့က်စ် လီနင်ဝါဒနဲ့ စည်းရုံးရင်း အလုပ်သမားတိုက်ပွဲတွေကို မာ့က်စ် လီနင်ဝါဒနဲ့ ကိုက်ညီတဲ့ တောင်းဆိုချက်များတင်ပြီး တိုက်ပွဲဝင်စေပါတယ်။ အရင်ကထက် အောင်မြင်မှုများ တိုးရလာပါတယ်။

၁၃၀၀ ပြည့် အလုပ်သမား အရေးတော်ပုံကြီးအတွက် လုပ်ငန်းစဉ် တခုလုံးကို မာ့က်စ် လီနင်ဝါဒကို ယုံကြည်သက်ဝင်တဲ့ မာ့က်စ်ဝါဒီများက ရေးဆွဲခဲ့ပြီး တို့ဗမာအစည်းအရုံးထံ ကြိုတင်တင်ပြခဲ့တာ ဖြစ်ပါတယ်။ တို့ဗမာအစည်းအရုံးက ဒီလုပ်ငန်းစဉ် တခုလုံးကို လက်ခံပြီး တာဝန်အသီးသီး ခွဲဝေပေးထားပါတယ်။

ချောက်မြို့က ရေနံမြေမှာ ၁၉၃၈ ဇန်နဝါရီလ ၈ ရက်နေ့မှာ ဘီအိုစီသပိတ် စတင်ပေါ်တာပါ။ ၁၉၃၈ နိုဝင်ဘာ ၃၀ ရောက်မှ ချောက်၊ စဉ့်ကူ၊ လမ်းရွာ၊ ရေနံချပ်နဲ့ ရေနံချောင်း စတဲ့ ရေနံမြေမှ တပ်အသွင် ဖွဲ့ထားတဲ့ တိုက်ပွဲဝင် အလုပ်သမား ၂၀၀၀ ကျော်ဟာ ရန်ကုန်အထိ မိုင် ၄၀၀ ခရီးရှည် ချီတက်ပွဲကို စတင်လိုက်ကြပါတယ်။ သပိတ်ကြီးရဲ့ အကြောင်းရင်းခံက ဘီအိုစီကုမ္ပဏီနဲ့ အစိုးရရဲ့ ဖိနှိပ်မှုများကြောင့် ဖြစ်ပါတယ်။ တောင်းဆိုချက်နဲ့ ရည်မှန်းချက်က အလုပ်သမားထုရဲ့ အခွင့်အရေးများ ရရှိရေးကနေ ဒေါက်တာ ဗမော် အစိုးရ ဖြုတ်ချရေးအထိ ဖြစ်ပါတယ်။ ခေါင်းဆောင်က သခင်ဖိုးလှကြီး၊ တို့ဗမာအစည်းအရုံးဝင် သခင်များနဲ့ မာ့က်စ်ဝါဒီများ ဖြစ်ပါတယ်။

တိုက်ပွဲဝင် ကြွေးကြော်သံတွေဟာ မာ့က်စ်ဝါဒီတွေရဲ့ ကြွေးကြော်သံတွေဖြစ်ကြောင်း အများက အသိအမှတ်ပြုကြပါတယ်။ အလုပ်သမားထု လွှင့်ထူလိုက်တဲ့ အလံတော်ဟာ တူတံစဉ် အမှတ်အသား အလံတော်ဖြစ်ပါတယ်။ ၁၉၃၈ ဒီဇင်ဘာ ၅ ရက်နေ့မှာ အလုပ်သမားတပ်ကြီး မကွေးမြို့က မဲထီးကျောင်းတိုက်ရှေ့မှာ စခန်းချ ရပ်နားပါတယ်။ အဲဒီအချိန်မှာပဲ အစိုးရက ပုဒ်မ (၁၄၄) ကို ထုတ်ပြန်လိုက်တယ်။ ဒီအခါ စားနပ်ရိက္ခာ အခက်အခဲကြောင့် အလုပ်သမား တဝက်နီးပါး နောက်ကြောင်း ပြန်လှည့်ရတယ်။ ကျန်အလုပ်သမား တွေက ပုဒ်မ ၁၄၄ ကို အစာငတ်ခံ တိုက်ပွဲဆင်ပြီး တုံ့ပြန်ကြတယ်။ ဒီအချိန်မှာ အစာငတ်ခံဆန္ဒ

**အဖိနှိပ်ခံ လူတန်းစားတွေကို လက်နက်နဲ့ အကြမ်းဖက် ဖိနှိပ်တဲ့ ရန်သူ လူတန်းစားကို လက်နက်နဲ့ တုံ့ပြန်ခုခံနိုင်ဖို့ လို**



ပြတာထက် အာဏာဖီဆန်ကာ ဆက်လက်ချီတက်ခြင်းက ပိုခရီးရောက်မယ်လို့ မာ့က်စ်ဝါဒီများက သုံးသပ်ကြတယ်။ နဂိုအစီအစဉ်အတိုင်း လယ်သမားထုကလည်း ရန်ကုန်ချီတက်ကြမှာပါ။ အလုပ်သမား လယ်သမား ကျောင်းသား တိုက်ပွဲတွေ ပေါင်းစည်းဖို့ လိုနေတာပါ။ ဒါကြောင့် ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ ကိုဗဟိန်း အတွင်းရေးမှူး ကိုဗဆွေနဲ့ အခြား ၂ ယောက်တို့ မကွေးကို ညတွင်းချင်းရောက်လာကာ အလုပ်သမားတွေကို ပုဒ်မ ၁၄၄ ကိုဖီဆန်ပြီး ရန်ကုန်အထိ ချီတက်ဖို့ ဟောပြောခဲ့ကြတာပါ။ မြင်းခွာတချက်ပေါက်ရင် ဗမာပြည်ကြီး မီးဟုန်းဟုန်းတောက်စေမယ်ဆိုတဲ့ ကိုဗဟိန်းရဲ့ ကျော်ကြားတဲ့မိန့်ခွန်းစကားကို အဲဒီမှာ ပြောခဲ့တာပါ။

ကိုဗဟိန်း ကိုဗဆွေအပါ ကျောင်းသား ၄ ဦးစလုံး အဖမ်းခံလိုက်ရပါတယ်။ အလုပ်သမား သပိတ်တပ်ကြီး ရန်ကုန်ဆက်ချီတက်ပါတယ်။

မာက်စ်ဝါဒီများ လုပ်ငန်းစဉ်အတိုင်းပဲ အချိန်ကိုက် ဒီဇင်ဘာ ၁၄ မှာ ပဲခူးခရိုင်နဲ့ သထုံခရိုင်က လယ်သမား ၂ သောင်းခန့် ရန်ကုန်ကို ချီတက်ပါတယ်။ ဒီဇင်ဘာ ၁၉ မှာ ရန်ကုန်ရွှေတိဂုံရင်ပြင်ကို ရောက်ပါတယ်၊ ဒီဇင်ဘာ ၂၀ မှာ ရန်ကုန် တက္ကသိုလ်ကျောင်းအပါ ကျောင်းပေါင်းစုံက ကျောင်းသားများ အတွင်းဝန်ရုံးကို ဝိုင်းပြီး ဆန္ဒပြပါတယ်။ တာဝန် ခွဲဝေယူထားတဲ့ မာ့က်စ်ဝါဒီ ကိုသိန်းဖေအပါအဝင် ကျောင်းသားခေါင်းဆောင်တွေ ဦးစီးတာပါ။ နယ်ချဲ့ လက်ပါးစေ မြင်းစီးပုလိပ်တွေရိုက်နှက်မှုကြောင့် ကျောင်းသား ကိုအောင်ကျော် ၂၂ ရက်နေ့ ဆေးရုံမှာ ကျဆုံးတယ်။ ၁၉၃၉ ဇန်နဝါရီ ၈ ရက်နေ့ကျမှ အလုပ်သမား သပိတ်တပ်ကြီး ရန်ကုန်ရွှေတိဂုံ ရင်ပြင်ကို ရောက်ပါတယ်။ တာဝန်ခွဲဝေထားတဲ့အတိုင်း ရွှေတိဂုံရင်ပြင်တော်မှာ သခင်သန်းထွန်းနဲ့ သခင်စိုးတို့ ရောက်ရှိလာပြီး အလုပ်သမားထုနဲ့ လယ်သမားထုကို ဟောပြောစည်းရုံးကာ ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမား အစည်းအရုံးနဲ့ ဗမာနိုင်ငံ အလုပ်သမား အစည်းအရုံးတို့ကို ဇန်နဝါရီလ ၉ ရက်နေ့မှာ ဖွဲ့စည်းလိုက်နိုင်ပါတယ်။

ဒီလို အလုပ်သမား လယ်သမား ကျောင်းသား အဖိနှိပ်ခံပြည်သူတွေရဲ့ အရေးတော်ပုံကြီးတရပ် ပေါ်ပေါက်လာအောင် စနစ်တကျ လုပ်ငန်းစဉ်ရေးဆွဲပြီး မာ့က်စ်ဝါဒီလူငယ်များ ကြိုးပမ်းခဲ့တာပါ။ ဒါဟာ မာ့က်စ်ဝါဒကို ဗမာပြည် တော်လှန်ရေးလက်တွေ့နဲ့ ပေါင်းစပ်ကျင့်သုံးခဲ့တဲ့ သမိုင်းဆိုင်ရာ အဖြစ်မှန်ပါ။ တို့ဗမာအစည်းအရုံးမှာ မာ့က်စ် ဝါဒီတွေရှိခဲ့ပေမယ့် နိုင်ငံရေးအယူအဆ မတူညီတဲ့ လူတန်းစားပေါင်းစုံ ဂိုဏ်းပေါင်းစုံ ဂိုဏ်းအုပ်စုများနဲ့ မာ့က်စ်ဝါဒအပေါ် ယုံကြည်ချက် မတူသူများ ပါဝင်နေလို့ (နောက်ပိုင်းမှာ ဒေါက်တာဘမော် အစိုးရကို ဖြုတ်ချနိုင်ခဲ့ပေမယ့်) အရေးတော်ပုံ ကာလအတွင်းမှာပဲ စည်းလုံးညီညွတ်မှု ပြိုကွဲပြီး အရေးတော်ပုံကြီး လက်နက်နဲ့အကြမ်းဖက်ဖြိုခွဲခံလိုက်ရပါတယ်။ ၁၃၀၀ ပြည့် အရေးတော်ပုံကြီးရဲ့ လှုပ်ရှားမှုတခုဖြစ်တဲ့ မန္တလေးက ပြည်သူလူထုရဲ့ လှုပ်ရှားမှုကိုလည်း သေနတ်နဲ့ ပစ်ခတ်နှိမ်နင်းလို့ ရဟန်းရှင်လူ ၁၇ ဦး သေဆုံးခဲ့ရတယ်။ (၁၀–၂–၃၉) အောင်လံမှာလည်း တဦးသေဆုံးပြန်တယ်။

ထပ်မံသင်ခန်းစာ ရယူနိုင်တာက အဖိနှိပ်ခံ လူတန်းစားတွေကို လက်နက်နဲ့ အကြမ်းဖက်ဖိနှိပ်တဲ့ ရန်သူလူတန်းစားကို လက်နက်နဲ့ တုံ့ပြန်ခုခံနိုင်ဖို့ လိုတယ်။ ဒီလို ခုခံတွန်းလှန်ဖို့ တမျိုးသားလုံးရဲ့ ခေတ်မီလက်နက်ကိုင် တပ်မတော်တရပ် ထူထောင်ဖွဲ့စည်းသွားဖို့လိုတယ်။

၁၃၀၀ ပြည့် အရေးတော်ပုံကြီးအတွင်း မာ့က်လီနင်ဝါဒကို တော်လှန်ရေးလက်တွေ့နဲ့ ပေါင်းစပ်ဆောင်ရွက်ရင်း သင်ယူရရှိလိုက်တဲ့ သင်ခန်းစာတရပ်ကတော့ အလုပ်သမား လူတန်းစား လွတ်မြောက်ရေးနဲ့ အဖိနှိပ်ခံလူတန်းစားတွေရဲ့ လွတ်မြောက်ရေးအတွက် အောင်ပွဲဆီအရောက် ချီတက်ဖို့ဆိုရရင် မာ့က်စ် လီနင်ဝါဒကို လမ်းညွှန်သဘောတရားအဖြစ် ခံယူထားတဲ့ ပါတီတရပ်၊ အလုပ်သမား လူတန်းစားကို ကိုယ်စားပြုပြီ တပ်ဦးရှေ့ဆောင်အခန်းမှ တော်လှန်ရေးတိုက်ပွဲတာဝန်တွေကို ထမ်းဆောင်သွားမယ့် ကွန်မြူနစ်ပါတီတရပ် ဖွဲ့စည်းထူထောင်သွားဖို့ လိုအပ်တယ် ဆိုတာပါပဲ။ ။

# ဆရာ သန်းထိုက်အောင် ပြုစုထားတဲ့
# ၂၁– စာစဉ်အညွှန်း



### အပိုင်း (၁)

### ၁။ နိဒါန်း

ဗမာပြည်ကွန်မြူနစ်ပါတီက ထုတ်ဝေခဲ့တဲ့၊ ထုတ်ဝေနေဆဲ စာစောင်ဂျာနယ် သုံးခုရှိပါတယ်။ ပြည်သူ့အာဏာဂျာနယ်၊ အရေးတော်ပုံဂျာနယ်နဲ့ ၂၁– စာစဉ်တို့ ဖြစ်ပါတယ်။ ပြည်သူ့အာဏာနဲ့ အရေးတော်ပုံဂျာနယ်တို့ကတော့ ထုတ်ဝေနေဆဲ ဂျာနယ်တွေ ဖြစ်ပါတယ်။ ၂၁– စာစဉ်ကတော့ ၂၀၁၀ ခုနှစ်ကတည်းက ထုတ်ဝေမှု မရှိတော့ပါ။

ဂျာနယ်သုံးခုစလုံးဟာ သူ့ဟန်သူ့သဏ္ဍာန်နဲ့ ရပ်တည်နိုင်ကြပါတယ်။ ပြည်သူ့အာဏာဂျာနယ်ဟာ ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ အာဘော်နဲ့အညီ မူဝါဒခိုင်ခိုင်မာမာ ရင့်ကျက်ပြည့်ဝတဲ့ဟန်နဲ့ ဣန္ဒြေရှိရှိ ရပ်တည်နေပါတယ်။ အရေးတော်ပုံဂျာနယ်ကလည်း ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏ ကြွေးကြော်သံဆိုတဲ့အတိုင်း လှုပ်ရှားရုန်းကန် တော်လှန်တဲ့အသွင် ဆောင်ပါတယ်။ ၂၁– စာစဉ်ကတော့ နိုင်ငံတကာနဲ့ ရင်ဘောင်တန်းနိုင်

မယ့် အသိပညာဖြန့်ဖြူးပေးတဲ့ ပညာရပ်ဆိုင်ရာ စာစောင်တခုနဲ့ အလားသဏ္ဍာန် တူပါတယ်။ ဂျာနယ် တစောင်ချင်းစီ အလိုက် ထုတ်ဝေထားတဲ့ စာစောင်စာအုပ်တွေ များလာတာနဲ့အမျှ အညွှန်းစာအုပ် တအုပ်စီလည်း ရှိသင့်တယ်လို့ယူဆပါတယ်။

အညွှန်းဆိုတာ စာတအုပ်၊ ကျမ်းတစောင် (ဒါမှမဟုတ်) စာအုပ်ပေါင်း ကျမ်းပေါင်းများစွာထဲမှာ ပါရှိတဲ့ အမည်၊ ဝေါဟာရ၊ ပညာရပ်၊ နေရာနဲ့ တခြားအကြောင်းအရာအချက်အတွေကို အက္ခရာစဉ်အတိုင်း စီစဉ်ပြီး စာမျက်နှာနံပါတ်နဲ့ တကွ တိတိကျကျ ဖော်ညွှန်းထားတဲ့ အသေးစိတ်စာရင်းဖြစ်ပါတယ်။ အညွှန်းကို ကျမ်းစာအုပ်ထဲမှာ ထည့်သွင်းပြီးတွဲလျက်လည်း ပြုစုတတ်ကြသလို သီးခြားခွဲထုတ်ပြီးလည်း ပြုစုထုတ်ဝေလေ့ရှိပါတယ်။ ကျမ်းတစောင် ပေတဖွဲ့ဟာ ဘယ်လောက်ပင် ကောင်းနေပါစေ အညွှန်းမပါရင် ပါဝင်တဲ့ အကြောင်းအရာတွေကို အလွယ်တကူ တွေ့နိုင်ဖို့ရာ ခက်ခဲပါတယ်။ ပြည့်စုံမှုလည်း မရှိနိုင်ပါ။ အညွှန်းမပါရင် လေ့လာစာဖတ်သူတွေ ပင်ပန်းဆင်းရဲမှုနဲ့ ကြုံတွေ့ရတတ်ပါတယ်။ သုတေသနပြုရေးမှာလည်း နှောင့်နှေးကြန့်ကြာတတ်ပါတယ်။ အညွှန်းပါရင် အညွှန်းကောင်းရင် လိုရာကို အချိန်တိုတိုနဲ့ သိရှိနိုင်ပြီး လေ့လာသူတွေအတွက် အချိန်ကုန်လူပန်း သက်သာစေပါတယ်။ တကယ်တော့ အညွှန်းဟာ လိုရာခရီးကို သက်သောင့်သက်သာ လျှင်မြန်ကောင်းမွန်စွာ ပို့ဆောင်ပေးနိုင်တဲ့ လမ်းညွှန်တခု ဖြစ်ပါတယ်။

ဒီနှစ်ဟာ ဗမာပြည်ကွန်မြူနစ်ပါတီ ထူထောင်ခြင်း ၈၅ နှစ်မြောက်နှစ် ဖြစ်တဲ့တွက် အမှတ်တရ အနေနဲ့ ပါတီက ထုတ်ဝေတဲ့ ဂျာနယ်သုံးခုကို အညွှန်းပြုလုပ်ဖို့ ရည်မှန်းထားခဲ့ပါတယ်။ အရေးတော်ပုံ ဂျာနယ်အညွှန်းကိုတော့ ပြီးခဲ့တဲ့ ဇွန်လကုန်ပိုင်းက ပြုစုပြီးခဲ့ပါပြီ။ ပါတီရဲ့မွေးနေ့ဖြစ်တဲ့ ၁၅ ဩဂုတ် ၂၀၂၄ မတိုင်မီ အချိန်နည်းနည်းရသေးတာနဲ့ နောက်ထပ်အညွှန်းတခု လုပ်ပေးဖို့ ဆန္ဒရှိလာပါတယ်။ ကျန်တဲ့ စာစောင်နှစ်ခုထဲက ပြည်သူ့အာဏာဂျာနယ်အညွှန်းလုပ်ပေးဖို့တော့ အချိန်မလုံလောက်တော့ပါ။ ဒ့ါကြောင့် ရရှိတဲ့ အချိန်အတွင်းမှာ ပြီးစီးနိုင်လောက်တဲ့ ၂၁–စာစဉ်အညွှန်းကို ပြုစုဖြစ်ခဲ့ပါတယ်။

၂၁– စာစဉ်ဟာ ထုတ်ဝေနေဆဲ စာစောင်မဟုတ်တာက သူ့ရဲ့ ထူးခြားချက်ဖြစ်ပြီး အညွှန်းတရပ် အနေနဲ့ ထပ်ဖြည့်စရာမလိုဘဲ ပြီးစီးပြည့်စုံအောင် ဆောင်ရွက်ထားနိုင်တဲ့ အခွင့်ထူး ရရှိစေပါတယ်။ စာအုပ် အရေအတွက်အရ သီးခြားအညွှန်း စာတအုပ်အနေနဲ့ ပြုစုဖို့အတွက်လည်း မနည်းလွန်း မများလွန်း အလိုက်သင့် အခြေအနေတရပ် ဖြစ်ပါတယ်။ သီးခြားစာတအုပ်အဖြစ် ပြုစုထားပေမယ့် ရှိနှင့်ပြီးဖြစ်တဲ့ အရေးတော်ပုံ ဂျာနယ်အညွှန်းနဲ့လည်း ကွဲပြားခြားမှု မရှိစေဖို့နဲ့ အဆက်အစပ်ရှိရှိ လေ့လာနိုင်စေဖို့ရာ စီစဉ်ထားရှိပုံ၊ အသုံးပြုသည့် အတိုကောက် စာလုံးများ၊ အက္ခရာစဉ်စနစ် အစရှိတာတွေကို တူညီအောင် ဆောင်ရွက်ထားပါတယ်။

၂၁– စာစဉ်အညွှန်းဟာ သုတေသီ သောတုဇနတွေအတွက် ရှိသင့်ရှိထိုက်တဲ့ စာစောင်အညွှန်းတခုလို့ ယူဆတဲ့အတွက် ပြုစုဖြစ် ပါတယ်။ အညွှန်းပြုစုသူ ကိုယ်တိုင်ကလည်း ဗမာပြည်ကွန်မြူနစ်ပါတီဝင် မဟုတ်တဲ့အပြင် ပါတီနဲ့ တစုံတရာ ပတ်သက်ဆက်နွှယ်မှု မရှိခဲ့တာကလည်း ဒီအညွှန်းတွေ လုပ်ဖြစ်စေခဲ့တဲ့ အကြောင်းရင်းတခုဖြစ်ပါတယ်။ ပညာရပ်ဆိုင်ရာ လုပ်ငန်းတခုအနေနဲ့သာ လုပ်ဖြစ်ခဲ့တာပါ။ ဘာအကျိုးအမြတ်မှလည်း မမျှော်ကိုးခဲ့သလို ရရှိမှုလည်း မရှိခဲ့ပါ။ ပါတီရဲ့ ဂျာနယ်မှာ ဖော်ပြပေးပြီး အသိအမှတ်ပြုခံရတာကိုသာ ဆုလာဘ်တခုလို့ ခံယူထားပါတယ်။ ဂျာနယ်မှာ ဖော်ပြပေးတာကို ကြိုးပမ်းအားထုတ်ထားတာအတွက် ထိုက်တန်တဲ့ အသိအမှတ်ပြုမှုလို့သာ ခံယူထားပြီး တက္ကသိုလ်က ချီးမြှင့်တဲ့ ဘွဲ့လက်မှတ်ထက် တန်ဖိုးထားပါတယ်။ ပြည်သူ့အာဏာဂျာနယ်ကိုလည်း အခါအခွင့်သင့်တဲ့အခါ အညွှန်းပြုစုပါဦးမယ်။ အချိန်ကာလနဲ့ တခြားအခက်အခဲ အကန့်အသတ်တွေ ကြားက ပြုစုခဲ့ရတာကြောင့် လိုအပ်ချက်တွေရှိနေမှာ သေချာပါတယ်။ တွေ့ရှိသူ ပညာရှင်များက ဖြည့်စွက်ပြင်ဆင် သွားကြပါရန်လည်း တိုက်တွန်းနှိုးဆော် လိုက်ပါတယ်။

### ၁၊ ၁။ ၂၁– စာစဉ် နောက်ခံသမိုင်းအကျဉ်း

ဗမာပြည်ကွန်မြူနစ်ပါတီက ထုတ်ဝေတဲ့ ၂၁– စာစဉ် သမိုင်းကိုပြောရင် တခြားဂျာနယ်တွေဖြစ်တဲ့ ပြည်သူ့အာဏာဂျာနယ်နဲ့ အရေးတော်ပုံဂျာနယ်တို့ အကြောင်းကိုလည်း အနည်းငယ် တွဲဖက်ပြောမှ ပြည့်စုံပြီး ဇာတ်ရည်လည်ပါလိမ့်မယ်။

ဗမာပြည်ကွန်မြူနစ်ပါတီကို ၁၅ ဩဂုတ် ၁၉၃၉ မှာ စတင်တည်ထောင်ခဲ့လေတော့ ဗမာပြည် ကွန်မြူနစ်ပါတီကို တည်ထောင်ပြီးစ ၁၉၃၉ ခုနှစ် အတွင်းမှာပဲ အရေးတော်ပုံ

ဗမာပြည်
ကွန်မြူနစ်
ပါတီကို
တည်ထောင်
ပြီးစ ၁၉၃၉ ခု
နှစ် အတွင်း
မှာပဲ
အရေးတော်ပုံ
ဂျာနယ်ကို
မရေးမနှောင်း
ထုတ်ဝေနိုင်ခဲ့

**အာဏာလက်ရှိဆိုရှယ်လစ်တွေက သတင်းစာတိုက်တွေကို ရည်ရွယ်ချက်ရှိရှိနဲ့ အစီအစဉ်တကျ ဖျက်ဆီးခဲ့ကြ**

ဂျာနယ်ကို မရေးမနှောင်း ထုတ်ဝေနိုင်ခဲ့တယ် (တာရာ ၂၀၂၄၊ ၉၆)၊ အရေးတော်ပုံဂျာနယ်ကို ဖက်ဆစ်ဂျပန်တို့ ဗမာပြည်တွင်း ရောက်မလာသေးခင်က ဗမာပြည် ကွန်မြူနစ်ပါတီက လျှို့ဝှက် ထုတ်ဝေခဲ့တာ ဖြစ်ပါတယ်။ များများ ထုတ်ခွင့်မရခဲ့ဘဲ ဂျပန်တွေ ဝင်ရောက်လာတဲ့အခါ ဂျာနယ်ထုတ်ဝေတာကို ရပ်ဆိုင်းလိုက်ရပါတယ် (ဗကပ ၂၀၁၀၊ ၂)၊

ဖက်ဆစ်တော်လှန်ရေးကြီး အောင်မြင်ပြီးဆုံးခါနီး ၃ မေ ၁၉၄၅ မှာ ဗမာပြည်ကွန်မြူနစ်ပါတီဟာ မြေအောက်လျှို့ဝှက်ပါတီအဖြစ်ကနေ ပြောင်လူပ်ရှားနိုင်တဲ့ပါတီအဖြစ် တရားဝင် ပေါ်ထွက်လာခဲ့တယ် (ဝင်းတင့်ထွန်း ၂၀၁၃၊ ၆၈–၇၀)၊ တရားဝင် လှုပ်ရှားနိုင်လာခဲ့တဲ့ ဗမာပြည် ကွန်မြူနစ်ပါတီဟာ ပြည်သူ့အာဏာဂျာနယ်ကို ပါတီရဲ့ အာဘော်အနေနဲ့ ၂၉ စက်တင်ဘာ ၁၉၄၅ မှာ စတင်ထုတ်ဝေခဲ့တယ် (ဝင်းတင့်ထွန်း ၂၀၁၇၊ ၄၇)၊

၁၉၄၈ ခုနှစ် ဆန်းပိုင်းမှာ ကွန်မြူနစ်ဆိုရှယ်လစ် ပဋိပက္ခဟာ ပိုမိုပြင်းထန်လာတယ်။ အာဏာလက်ရှိဆိုရှယ်လစ်တွေက သတင်းစာတိုက်တွေကို ရည်ရွယ်ချက်ရှိရှိနဲ့ အစီအစဉ်တကျ ဖျက်ဆီးခဲ့ကြတယ်။ အိုးဝေ၊ ပြည်သူ့ဟစ်တိုင်နဲ့ စီးပွားရေးသတင်းစာတိုက်ကြီး ၃ တိုက်ကို ၁၂ မတ် ၁၉၄၈ မှာ ဆိုရှယ်လစ်ခေါင်းဆောင်တချို့ဦးစီးပြီး အတင်းဝင်ရောက် ရိုက်ချိုးဖျက်ဆီးခဲ့တယ်။ ၂၅ မတ် ၁၉၄၈ မှာ ပြည်သူ့အာဏာ ဂျာနယ်တိုက် ချိတ်ပိတ်ခံလိုက်ရတယ် (ဝင်းတင့်ထွန်း ၂၀၁၃၊ ၇၁–၇၃)၊

ဖက်ဆစ်တော်လှန်ရေးနှစ်ပတ်လည်နေ့ (၂၇ မတ် ၁၉၄၈) ညသန်းခေါင်ကျော်မှာ ကွန်မြူနစ်ခေါင်းဆောင်တွေ လူစုံနေတုန်း ကွန်မြူနစ်ပါတီဌာနချုပ်ရုံးကိုဝိုင်းပြီး ဗ.က.ပ ခေါင်းဆောင်တွေအားလုံးကို ဖမ်းဆီးထောင်ချနှိမ်နင်းဖို့ ဆိုရှယ်လစ်ဝန်ကြီးဦးကျော်ငြိမ်းက အကွက်ချကြိုတင်ပြင်ဆင် လိုက်လံဖမ်းဆီးခဲ့ပါတယ်။ ကွန်မြူနစ်ခေါင်းဆောင်တချို့သာ ဗိုလ်သက်ထွန်းရဲ့ အချိန်မီကြိုတင်သတိပေးချက်အရ လက်မတင်ကလေး ရှောင်တိမ်းနိုင်ခဲ့ကြတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီဟာ အကြမ်းဖက်နှိပ်စက်လာတဲ့ အုပ်ချုပ်သူအစိုးရကို လက်နက်ကိုင်နည်းနဲ့ ပြန်လည်တွန်းလှန်တိုက်ခိုက်သွားဖို့ဆုံးဖြတ်ခဲ့ရပြီး ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးကြီးကို ၂၈ မတ် ၁၉၄၈ မှာ စတင်ကြောင်းကြေညာတိုက်ပွဲဝင်ခဲ့ပါတယ် (ဝင်းတင့်ထွန်း ၂၀၁၇၊ ၉၀–၉၁)၊



လက်နက်ကိုင်တော်လှန်ရေးရဲ့အစမှာတော့ပြည်သူ့အာဏာဂျာနယ်ကို မထုတ်ဝေနိုင်ခဲ့ပါ။ ၁၉၅၀–၅၁ ခုနှစ်အတွင်းမှာ ပြည်သူ့အာဏာဂျာနယ်ကို လစဉ်ထုတ် သဘောတရားရေးဂျာနယ်အနေနဲ့ ထုတ်ဝေခဲ့တယ်။ ဒုတိယအကြိမ် ထုတ်ဝေခဲ့တဲ့ ဒီဂျာနယ်ရဲ့ သက်တမ်းဟာ တနှစ်လောက်ပဲခံခဲ့တယ်။ ၁၉၅၄ ခုနှစ်မှာ တတိယအကြိမ် ထပ်မံထုတ်ဝေခဲ့တယ်။ သက်တမ်းကာလ တပတ်လောက်ပါပဲ။ ၁၉၆၆ ခုနှစ် ဇန်နဝါရီလ မှာ စတုတ္ထအကြိမ်ထုတ်ဝေခဲ့သေးတယ်။ ၁၉၈၇ ခုနှစ်ရောက်မှ ပြည်သူ့အာဏာဂျာနယ်ကို ပဉ္စမအကြိမ်အနေနဲ့ ပြန်လည်ထုတ်ဝေနိုင်ခဲ့တော့တယ် (စာတည်းအဖွဲ့ ၂၀၁၄၊ ၂၇၇)၊ ပဉ္စမအကြိမ်အဖြစ် ပြန်လည်ထုတ်ဝေခဲ့တဲ့ ပြည်သူ့အာဏာဂျာနယ် အမှတ် ၁ ကို ၁၅ ဩဂုတ် ၁၉၈၇ ရက်စွဲနဲ့ စတင်ထုတ်ခဲ့ပါတယ်။

၁၉၉၉ ခုနှစ်အတွင်းမှာ ပြည်သူ့အာဏာဂျာနယ် အမှတ် ၁၇ နဲ့ ၁၈ ကိုထုတ်ဝေခြင်းနဲ့အတူ ၂၁ – စာစဉ်ကိုလည်း တပြိုင်နက်တည်း ထုတ်ဝေနိုင်ခဲ့ပါတယ်။ ၂၁–စာစဉ် အမှတ် ၁ ကို ၁၉၉၉ ခု မေလမှာ စတင်ထုတ်ဝေခဲ့ပါတယ်။ ၂၁–စာစဉ်ဆိုတဲ့ နာမည်နဲ့ စာစောင်ထုတ်ဝေရခြင်းရဲ့ ရည်ရွယ်ချက်ကို “၂၁–စာစဉ်ထုတ်ဝေခြင်းနှင့်ပတ်သက်သည့် အမှာ” ထဲမှာ တိတိပပဖော်ပြရေးသားထားခဲ့တယ်။

“၂၁–ရာစုကို ရည်စူးပြီး ဤအမည်ကို ယူပါသည်။ ၂၁–စာစဉ်၏ ရည်ရွယ်ချက်မှာ တိုင်းပြည်အတွက် ၂၁–ရာစု အမြော်အမြင်နှင့် ဦးတည်ချက် ရရှိရေးဖြစ်ပါသည်။ ကမ္ဘာကြီး၏အခြေအနေကို မသိလျှင် မှန်ကန်သည့် အမြော်အမြင်နှင့် ဦးတည်ချက် ရမည်မဟုတ်ပါ။ ထို့ကြောင့် ၂၁– စာစဉ်သည် ကမ္ဘာကြီး၏ ပကတိအခြေအနေ မည်သို့ရှိနေသည်၊ နောင် မည်သို့ရှိလိမ့်မည်၊ ယခု မည်သည့်တွေးခေါ်မြော်မြင်

မှုများ ရှိနေကြသည် စသည်တို့ကို ရှာဖွေကာ အရင်းအတိုင်း တင်ပြမည် ဖြစ်ပါသည်” (၂၁–စာစဉ် စာတည်းအဖွဲ့ ၁၉၉၉)။

၂၁– စာစဉ်ကို နှစ်စဉ်မပျက် ထုတ်ဝေခဲ့ရာ ၂၀၀၁ ခုနှစ် အမှတ် ၅ ထုတ်ဝေပြီးတဲ့နောက် ၃ နှစ်ခန့် ခေတ္တရပ်ဆိုင်း ထားခဲ့တယ်။ ၂၀၀၅ ခုနှစ် မေလကျမှ ပြန်လည်ထုတ်ဝေနိုင်ခဲ့တယ်။ ၂၁– စာစဉ် အမှတ် ၅ အထိ နိုင်ငံတကာ ရေးရာ ကောင်းနိုးရာရာတွေကို ဘာသာပြန်တင်ဆက်ခဲ့ပေမယ့် စာစဉ် အမှတ် ၆ ကစပြီး မူဝါဒပြောင်းလာတာ တွေ့ရပါတယ်။ ပိုမိုတိုးတက်ကောင်းမွန်လာတဲ့ ပြောင်းလဲမှုလို့လည်း ဆိုနိုင်ပါတယ်။

၂၁– စာစဉ် အမှတ် ၁ မှ ၅ အထိ တင်ပြခဲ့ရာမှာ မာ့က်စ်ဝါဒီပညာရှင်တွေရဲ့အမြင်သာမက တခြားပညာရှင်တွေ၊ နိုင်ငံရေးခေါင်းဆောင်၊ နိုင်ငံရေးသုခမိန်တွေရဲ့ အမြင်တွေကို အရင်းအတိုင်း ဘာသာပြန်တင်ဆက်ပေးခဲ့တာ ဖြစ်ပါတယ်။ စာစဉ် အမှတ် ၆ ကနေစတင်ပြီး ပြောင်းလဲလာတဲ့မှုကို အထွေထွေအတွင်းရေးမှူး ရဲ့ အမှာထဲမှာ အခုလို ရေးသားထားပါတယ်။

“၂၁– စာစဉ်က ဘာသာပြန်ဆောင်းပါး ထည့်မှာမဟုတ်ပါ။ နိုင်ငံတကာပညာရှင်တွေရဲ့ မူရင်းဆောင်းပါးတွေကို လေ့လာပြီး၊ မိမိရဲ့ ရရှိချက်ကို တင်ပြတဲ့ ဆောင်းပါးကိုပဲ



ထည့်ပါမယ်။ ဆောင်းပါးရှင်ကလောင်အမည်နဲ့ ဖော်ပြပါမယ်” (အထွေထွေအတွင်းရေးမှူး ၂၀၀၅၊ ၂)။

“နိုင်ငံတကာ့ရေးရာကို လေ့လာ၊ ဗမာပြည်လက်တွေ့နဲ့ ပေါင်းစပ်ကြရလိမ့်မယ်” လို့လည်း တပါတည်း လမ်းညွှန်ထားခဲ့ပါတယ် (အထွေထွေအတွင်းရေးမှူး ၂၀၀၅၊ ၂)။

နှစ်အနည်းငယ် ခေတ္တရပ်ဆိုင်းထားခဲ့ရတဲ့ ၂၁ – စာစဉ်ကို ၂၀၀၅ ခုနှစ်ကစပြီး ဆက်လက်ထုတ်ဝေခဲ့ရာ ၂၀၀၉ ခုနှစ်ကုန်မှာ ထုတ်ဝေမှု ထပ်မံရပ်ဆိုင်း သွားခဲ့တယ်။ စာစဉ် အမှတ် ၁၄ အထိ ထုတ်ဝေနိုင်ခဲ့တယ်။ ၂၁ – စာစဉ် ထုတ်ဝေမှုရပ်ဆိုင်းသွားပေမယ့် ၂၀၁၀ ခုနှစ်မှာ ပြန်လည်ထုတ်ဝေလာတဲ့ အရေးတော်ပုံဂျာနယ်ထဲမှာ “နိုင်ငံတကာ့ရေးရာ” ကဏ္ဍကို ဂရုတစိုက် ထည့်သွင်းဖော်ပြမြဲဖြစ်လို့ အသွင်သဏ္ဍာန်သာ ပြောင်းလဲသွားပေမယ့် အနှစ်သာရကတော့ ကျန်ရှိနေသေးတယ်လို့ ဆိုနိုင်ပါတယ်။ တနည်းအားဖြင့်ပြောရရင် အရေးတော်ပုံဂျာနယ်ထဲမှာ ၂၁– စာစဉ်က ကဏ္ဍတရပ်အနေနဲ့ ပါဝင်နေဆဲလို့ ဆိုနိုင်ပါတယ်။ ယခုလက်ရှိမှာ ဗမာပြည်ကွန်မြူနစ်ပါတီက ပြည်သူ့အာဏာဂျာနယ် နဲ့ အရေးတော်ပုံဂျာနယ်တို့ကို အစဉ်မပြတ် ဆက်လက်ထုတ်ဝေလျှက် ရှိပါတယ်။

၂၁ – စာစဉ်ကို ၁၉၉၉ ခုနှစ်၊ မေလကနေ ၂၀၀၉ နှစ်နိုဝင်ဘာလအထိ စုစုပေါင်း ၁၄ အုပ် ထုတ်ဝေပြီးခဲ့ပါပြီ။ ၂၁ – စာစဉ်ရဲ့ နှစ်အလိုက် ထုတ်ဝေမှုကို ဖော်ပြပါ့မယ်။ ထုတ်ဝေတဲ့ခုနှစ်၊ အုပ်ရေ၊ အတွဲအမှတ်၊ ထုတ်ဝေတဲ့လ တို့ကိုပါ တပါတည်းတွဲဖက်ပြီး အောက်မှာ ဖော်ပြထားပါတယ်။

၁၉၉၉ [၂ အုပ်] – အမှတ် ၁ (မေ)၊ အမှတ် ၂ (အောက်တိုဘာ)၊
၂၀၀၀ [၂ အုပ်] – အမှတ် ၃ (မတ်)၊ အမှတ် ၄ (ဩဂုတ်)၊
၂၀၀၁ [၁ အုပ်] – အမှတ် ၅ (ဇွန်)၊
၂၀၀၅ [၃ အုပ်] – အမှတ် ၆ (ဖေဖော်ဝါရီ)၊ အမှတ် ၇ (ဇူလိုင်)၊ အမှတ် ၈ (ဒီဇင်ဘာ)၊
၂၀၀၆ [၂ အုပ်] – အမှတ် ၉ (ဧပြီ)၊ အမှတ် ၁၀ (နိုဝင်ဘာ)၊
၂၀၀၇ [၁ အုပ်] – အမှတ် ၁၁ (ဩဂုတ်)၊
၂၀၀၉ [၃ အုပ်] – အမှတ် ၁၂ (ဇန်နဝါရီ)၊ အမှတ် ၁၃ (မေ)၊ အမှတ် ၁၄ (နိုဝင်ဘာ)၊
(စာတမ်းအပြည့်အစုံကို ပါတီဝက်ဘ်ဆိုက်မှာ ဖော်ပြသွားပါမယ်)

**၂၁ – စာစဉ်ကို ၂၀၀၅ ခုနှစ်ကစပြီး ဆက်လက်ထုတ်ဝေခဲ့ရာ ၂၀၀၉ ခုနှစ်ကုန်မှာ ထုတ်ဝေမှု ထပ်မံရပ်ဆိုင်း သွားခဲ့တယ်။**




# ပါတီတည်ဆောက်ရေးကို အလေးထားဆောင်ရွက်ကြ

ဒီနှစ် ၂၀၂၄ မှာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ သက်တမ်း (၈၅) နှစ် ပြည့်ပြီဖြစ်ပါတယ်။ ကွန်မြူနစ်စနစ်ကိုယုံကြည်သူများ ဖြစ်ကြတဲ့ ပါတီရဲ့ပထမမျိုးဆက်ရဲဘော်များ စုစည်းကာ မာက် (စ်) ဝါဒ၊ လီနင်ဝါဒအခြေခံမှုများအပေါ် အခြေခံပြီး၊ ကိုယ့်ရှေ့က ဝါရင့်ကွန်မြူနစ်ပါတီများရဲ့အတွေ့အကြုံနဲ့ သင်ခန်းစာများကို လေ့လာကာ၊ ဗမာပြည် လူ့အဖွဲ့ အစည်းကို ပိုမို တိုးတက်ကောင်းမွန်အောင် လုပ်ဆောင် နိုင်မယ့် လုပ်ငန်းစဉ် ကိုရေးဆွဲချမှတ်ပြီး ပါတီကိုထူထောင်ခဲ့ ကြတာဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်ကိုအကောင်အထည်ဖော် ဖို့ ပါတီရဲ့ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုရေးဆွဲပြဋ္ဌာန်း ခဲ့ပြီး ဒီဖွဲ့စည်းပုံအခြေခံဥပဒေ နဲ့အညီ ပါတီဝင်များတိုးချဲ့ စည်းရုံးသိမ်းသွင်းကာ၊ ပါတီကလာပ်စည်းများဖွဲ့စည်းပြီး ပါတီရဲ့ လမ်းစဉ်အတိုင်းလုပ်ငန်းများအကောင်အထည်ဖော် ခဲ့ကြတာဖြစ်ပါတယ်။

ခေတ်အဆက်ဆက်ပါတီဝင်များဟာ သူ့ခေတ်မှာ ရှိနေ တဲ့ ပြဿနာများကို ရင်ဆိုင်တိုက်ပွဲဝင်ရင်း ချီတက်လာခဲ့ တဲ့သမိုင်းခရီးရှည်ကြီးလည်းဖြစ်ပါတယ်။ ၁၉၄၈၊ ၁၉၅၈၊ ၁၉၆၈၊ ၁၉၇၈၊ ၁၉၈၈ စသဖြင့် သမိုင်းခရီးစဉ်တလျှောက် မ တူတဲ့ ပြဿနာ၊ အခြေအနေအမျိုးမျိုးကို ရင်ဆိုင်ကျော်လွှား တိုက်ပွဲဝင်ရင်း (၈၅) နှစ်ခရီးကိုဖြတ်သန်းလာခဲ့တယ် လို့ဆို ရပါလိမ့်မယ်။ ဒီ ခရီးစဉ်အတွင်းမှာ ပါတီဝင်ရဲဘော်များဟာ ပါတီရဲ့လမ်းစဉ်ကိုအကောင်အထည်ဖော်နိုင်ဖို့ ပါတီဝင်တ

ယောက်အဖြစ် ခံယူရင်း ကိုယ့်သက်ဆိုင်ရာလုပ်ငန်းဌာန အမျိုးမျိုးမှာ ကျရာတာဝန်ကိုပါဝင်ထမ်းဆောင်ရင်းဖြတ်ကျော်လာခဲ့ကြရာမှာ တသက်တာ အကောင်းဆုံးလုပ်နိုင်ခဲ့သူများရှိသလို၊ အကောင်းဆုံးမလုပ်နိုင်ခဲ့ကြသူများလည်းရှိခဲ့တာပါပဲ။ သူ့ရဲ့ကောင်းများရှိခဲ့ သလို၊ သူ့ရဲ့ဘောကြောင်သူများလည်းရှိခဲ့တယ်လို့ဆိုရမှာပါ။

ပုံမှန်အားဖြင့် ပါတီတခု တိုက်စွမ်းရည်ကောင်းဖို့ ပါတီဝင်ကောင်းများနဲ့ ပါတီကလပ်စည်းကောင်းများအပေါ်မှာ အခြေခံထားတဲ့အဆင့်ဆင့်ပါတီအဖွဲ့အစည်းများရှိဖို့လိုအပ်ပါတယ်။ ပါတီရဲ့မူတွေကိုသိရှိရုံ အပေါ်ယံသဘောဖတ်တာမဟုတ်ဘဲ၊ နေ့စဉ်လုပ်ငန်းတွင်းမှာ လက်တွေ့ ကျင့်သုံးနိုင်အောင် လေ့လာ၊ လိုက်နာဆောင်ရွက်သူများနဲ့၊ အဖွဲ့အစည်းများအပေါ် အခြေခံနိုင်ရမှာ ဖြစ်ပါတယ်။ ဒီလိုအဖွဲ့အစည်းများရှိတဲ့ပါတီရဲ့ ဒေသ နဲ့ တပ်ဖွဲ့များက ဖွဲ့စည်းအုပ်ချုပ်ပုံမှာပြဋ္ဌာန်းထားတဲ့ အချိန်များအတိုင်းကျင်းပပေးတဲ့ ပါတီကွန်ဖရင့်နဲ့ ပါတီကွန်ဂရက်များက အဆင့်ဆင့်ရွေးကောက်တင်မြှောက်ပေးလိုက်တဲ့ ကေဒါကောင်းများနဲ့အဆင့်အသီးသီးမှာရှိနှင့်ပြီးသားကေဒါများ ပေါင်းစပ်ဖွဲ့စည်းကာ သွေးသစ်လောင်းပေးပြီး ခွန်အားမြှင့်ပေးကာရှိနေတဲ့လုပ်ငန်းများကိုအားကြိုးမာန်တက်ထမ်းရွက်နေအောင်လုပ်ပေးပြီး ရှင်သန်တက်ကြွနေတဲ့ပါတီတရပ်ဖြစ်နေအောင်ပြုစုပျိုးထောင်မှုလုပ်ရမှာဖြစ်ပါတယ်။

ပါတီအဖွဲ့အစည်းတခုစီရဲ့နေ့စဉ်လုပ်ငန်းမှာကလာပ်စည်းများတက်တက်ကြွကြွလှုပ်ရှားတာ၊ ပါတီကွန်ဖရင့်၊ ကွန်ဂရက်များပုံမှန် စနစ်တကျ လုပ်ဆောင်တာ ရှိခဲ့ရင်တက်ကြွတဲ့ပါတီဝင်များနဲ့ပါတီဟာလန်းဆန်းနေပြီး ပါတီရင်ဆိုင်နေရတဲ့အခြေအနေနဲ့အခက်အခဲများကိုဘယ်လိုရင်ဆိုင်ဖြေရှင်းကြမလဲဆိုတဲ့ နည်းနာများ ရရှိလာမှာဖြစ်ပါတယ်။ ဒီလို နိဂုံးချုပ်ချက်များရလာပြီးရရှိလာတဲ့နည်းနာများအတိုင်း

လက်တွေ့သွားလုပ်ကြည့်တာ၊ မကိုက်ရင် ထပ်မံဆွေးနွေးနည်းနာထပ်ရှာတာ လုပ်ရမှာပါ။ ဒီလို ပါတီအဖွဲ့အစည်းစနစ်တကျ လည်ပတ်နေခဲ့ရင် ရှင်လန်းတက်ကြွတဲ့ ပါတီအဖွဲ့အစည်းများ ပေါ်ပေါက်လာမှာပဲ ဖြစ်ပါတယ်။

လက်တွေ့မှာပါတီအနေနဲ့ ဒီလို မဆောင်ရွက်နိုင်ခဲ့ဘူးဆိုတာကို ၈၅ နှစ် သက်တမ်းအတွင်းမှာ ပါတီကွန်ဂရက် (၃) ကြိမ်ပဲလုပ်နိုင်ခဲ့တာနဲ့ချိန်ထိုးကြည့်ရင်တွေ့ရမှာပါပဲ။ ပြန်ကြည့်ရင်ပါတီစတင်တည်ထောင်ခဲ့တဲ့ အချိန်က ကျင်းပခဲ့တဲ့ကွန်ဂရက် တကြိမ်၊ ဥပဒေတွင်း (၃) နှစ်ကာလ၊ ဖက်ဆစ်ဂျပန်တော်လှန်ရေးအပြီး၁၉၄၅ မှာကျင်းပခဲ့တဲ့ တကြိမ် နဲ့ အရှေ့မြောက်စစ်ဒေသအဖြစ် အခြေခံဒေသ မှာ ပါတီဗဟိုရှိနေစဉ်မှာ တကြိမ် အားလုံး (၃) ကြိမ် ပဲလုပ်နိုင်ခဲ့တာတွေ့ရမှာပါ။ ပါတီသမိုင်းကို ပြန်ကြည့်ရင် ဥပဒေတွင်းမှာ ၃ နှစ် (၁၉၄၅ –၄၈) သာနေခဲ့ရပြီး လက်နက်ကိုင်တိုက်ပွဲနဲ့ ယူဂျီပါတီအဖြစ်ရပ်တည်လှုပ်ရှားခဲ့ရတဲ့ ထူးခြားချက်ကို သိရှိနားလည်ဖို့လိုပါတယ်။ ထို့အတူ ၁၉၆၈ မှာ ၁၉၈၉ အထိ အရှေ့မြောက်စစ်ဒေသ မဖွံ့ဖြိုးသေးတဲ့ တိုင်းရင်းသားလူမျိုးစု ဒေသမှာအခြေဆိုက်ခဲ့ရတာ ဖြစ်ကြောင်း နားလည်ဖို့လိုပါတယ်။ ပါတီနဲ့ တော်လှန်ရေးအလံ မလဲရေးအတွက် ရှည်ကြာတဲ့တော်လှန်ရေး ခရီးဟာ အကွေ့အကောက် အတက်အဆင်းများလှပါတယ်။ ဒီလိုအခြေအနေမှာ ကွန်ဂရက်အသာထားဗဟိုကော်မတီ/နိုင်ငံရေးဦးဆောင်အဖွဲ့ အစည်းအဝေးတောင် လူစုံတက်စုံ မတက်နိုင်ပါဘူး။ ပုံမှန်လည်း မကျင်းပနိုင် ပါဘူး။ ယနေ့လို ကမ္ဘာ့မှုခေတ် အင်တာနက်ခေတ်မဟုတ်ပါဘူး။ ပြည်တွင်းစစ် လက်နက်ကိုင်တိုက်ပွဲအတွင်းနေ့စဉ်တိုက်ပွဲတွေ ကြုံနေရတာ၊ ရပ်တည်ရေးအတွက်အပြင်းအထန် လုံးပန်းကြရတာ စတဲ့အကြောင်းအချက်တွေအပြင် ပါတီအဖွဲ့အစည်းများက ဒေသအသီးသီးမှာ ခွဲ



ဒီလို အခြေအနေမှာ ကွန်ဂရက် အသာထား ဗဟို ကော်မတီ/ နိုင်ငံရေး ဦးဆောင် အဖွဲ့ အစည်း အဝေးတောင် လူစုံတက်စုံ မတက်နိုင်ပါ

**မိန့်ခွန်းထဲမှာ ပါတီကိုပါတီနဲ့တူအောင် တည်ဆောက်ကြ၊ တပ်ကိုတပ်နဲ့ တူအောင် တည်ဆောက်ကြလို့ ပြော**

ဖြန့် တည်ရှိနေရပြီး၊ တခုချင်းစီမှာ ရပ်တည်ရှင်သန်နိုင်ဖို့ ရုန်းကန်နေကြရတာကြောင့် တနေရာမှာ စုစည်းနိုင်ဖို့ ခက်ခဲတာတွေက အဓိက အကန့်အသတ်များဖြစ်ခဲ့ရပြီး ဖွဲ့စည်းအုပ်ချုပ်ပုံမှာ ပြဋ္ဌာန်းထားတဲ့ သတ်မှတ်ချိန်အတိုင်း မလုပ်နိုင် ဖြစ်ခဲ့ရတာပါပဲ။

ဒီနေ့ အခြေအနေက ပါတီ တခုလုံး မြေအောက် ဖြစ်နေဆဲကာလမှာ နေရာတချို့မှာ လက်နက်ကိုင်တိုက်ပွဲ ဆင်နိုင်တဲ့အခြေအနေ ရှိလာနေတာဖြစ်ပါတယ်။ ၂၀၂၁ မှာ ဖြစ်ခဲ့တဲ့ အာဏာသိမ်းမှုကိုလူထုကြီးတရပ်လုံးက မကျေနပ်လို့ ဆန့်ကျင်ဆန္ဒပြရင်းက လက်နက်ကိုင်စွဲ တိုက်ပွဲဝင်တဲ့အထိ တိုက်ပွဲအဆင့်မြင့်လာချိန်မှာ ပါတီရဲ့ မြေအောက်ကလပ်စည်းတချို့က တက်တက်ကြွကြွ လှုပ်ရှားပေါင်းစပ်ကာနည်းနာရှာရင်း မိမိတို့ရဲ့လက်နက်ကိုင်တပ်ဖွဲ့စည်းလုပ်ဆောင်နိုင်တဲ့အခြေအနေများရရှိလာခဲ့တာဖြစ်ပါတယ်။

ဒီလို လှုပ်ရှားတိုက်ပွဲဝင်လာနိုင်မှုဟာ ဗမာပြည်ရဲ့နေရာအတော်များများမှာ ရှိလာနေတဲ့ အခြေအနေ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ တနင်္သာရီတိုင်း ဒေသများမှာ အခြေပြုလှုပ်ရှား တိုက်ပွဲဝင်လာနိုင်တဲ့ အခြေအနေတွေ ရှိလာတာဖြစ်ပါတယ်။ ဒီလုပ်ဆောင်မှုကို ပါတီအနေနဲ့ အသိအမှတ်ပြု ချီးကျူး ဂုဏ်ပြုရမှာပါပဲ။ ဒီဖြစ်စဉ်သစ်မှာ ပါဝင်ကြတဲ့ရဲဘော် အားလုံး၊ လက်ရှိတိုက်ပွဲဝင်နေကြတဲ့ ရဲဘော်အားလုံး၊ ကျဆုံးသွားကြတဲ့ရဲဘော်အားလုံးကို ချီးကျူးဂုဏ်ပြုရမှာပါ။ ဒီအချိန်ကာလမှာလက်နက်ကိုင် တိုက်ပွဲပြန်လည်ဆင်နွှဲ လာနိုင်တဲ့ဖြစ်ရပ်



ဟာ၊ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ၈၅ နှစ်မြောက်ပါတီမွေးနေ့မှာရရှိလာတဲ့ လက်ဆောင်မွန်လို့ ပြောရမှာပါပဲ။

လက်နက်ကိုင်တိုက်ပွဲ အရှိန်အကောင်းဆုံး ဆင်နွှဲနိုင်ခဲ့တဲ့ ပါတီရဲ့ အရှေ့မြောက် စစ်ဒေသ တည်ရှိတဲ့ကာလ က ပါတီဥက္ကဋ္ဌ သခင်ဗသိန်းတင် ဟာ ၁၉၇၅ ခုနှစ်ထဲမှာ အရှေ့မြောက်စစ်ဒေသကို လှည့်လည်စစ်ဆေးမှု လုပ်ခဲ့ပါတယ်။ ဒီခရီးစဉ်အတွင်းမှာ အရှေ့မြောက် စစ်ဒေသရဲ့ သက်ဆိုင်ရာ ဌာနအသီးသီး၊ တပ်ဖွဲ့အသီးသီးကို သွားရောက်တွေ့ဆုံ မေးမြန်းလေ့လာတာ၊ ကေဒါများနဲ့တွေ့ဆုံလေ့လာ စကားပြောတာတွေ လုပ်ပြီး အခြေအနေများကို လေ့လာခဲ့ပြီး ပါတီအခြေအနေ၊ တပ်အခြေအနေများကို သိရှိသဘောပေါက်ပြီးနောက်၊ မိန့်ခွန်းပြောပါတယ်။ မိန့်ခွန်းထဲမှာ ပါတီကိုပါတီနဲ့တူအောင်တည်ဆောက်ကြ၊ တပ်ကိုတပ်နဲ့တူအောင် တည်ဆောက်ကြလို့ ပြောပါတယ်။ သူ့လေ့လာတွေ့ရှိမှု တွေအရ ပါတီတည်ဆောက်မှုတပ်တည်ဆောက်မှု မှာလိုအပ်နေတာတွေကို တွေ့ ရှိလို့ ဒါတွေကို ထောက်ပြတဲ့သဘောနဲ့ ပြောတာပါ။ ဒါပေမဲ့ သက်ဆိုင်ရာအရှေ့မြောက်ခေါင်းဆောင်ပိုင်းက ဒီလိုပြောတာကို သဘောမတူပါဘူး။ သူတို့ခေါင်းဆောင် တည်ဆောက်ထားတဲ့ ပါတီအဖွဲ့အစည်းနဲ့ တပ်တွေဟာ ပါတီရဲ့ လမ်းစဉ် ပေါ်လစီတွေအတိုင်း တည်ဆောက်ထားတာ ဖြစ်လို့ ပါတီဟာ ပါတီနဲ့၊ တပ်ဟာ တပ်နဲ့ တူပါတယ်လို့ ကန့်ကွက်ပြီး၊ ပါတီကို ပါတီနဲ့ (ပိုမို) တူအောင် တည်ဆောက်ကြ၊ တပ်ကိုတပ်နဲ့ (ပိုမို) တူအောင် တည်ဆောက်ကြ လို့သာ ပြောဖို့ အငြင်းအခုံ ဖြစ်ပါတယ်။ နောက်ဆုံးမှာ ဥက္ကဋ္ဌက သူတို့ဆန္ဒအတိုင်း လိုက်လျော ခဲ့ရပါတယ်။ ၇၅ ခုနှစ်ကပါ။ ဒါပေမဲ့ (၁၄) နှစ် ကြာပြီးတဲ့နောက် ပါတီတည်ဆောက်ရေး လျော့ရဲ ခဲ့တဲ့ပြစ်ဒဏ်ကောင်းကောင်းကြီး ခံကြရပါတယ်။ အဲဒီ ပါတီမှုတွေအတိုင်း ကောင်းကောင်း မတည်ဆောက်ခဲ့တဲ့ တပ်တွေရဲ့ ပုန်ကန်မှုခံကြရပြီး ပါတီ မြေအောက်ဘဝ ရောက်ခဲ့ ပါတယ်။

အခုလက်ရှိကာလ ပြည်တွင်းဒေသ အသီးသီးမှာ လက်နက်ကိုင် တိုက်ပွဲ ဆင်နွှဲရင်း ပါတီရဲ့ အခြေခံရာ ဒေသများ ဖော်ဆောင်နေကြတဲ့ ပါတီ အဖွဲ့အစည်းများအနေနဲ့ ဒီအဖြစ်အပျက်ရဲ့ သင်ခန်းစာကိုယူပြီး ပါတီတည်ဆောက်ရေးကို အလေးထား ဆောင်ရွက်ကြဖို့ တိုက်တွန်းပါတယ်။ ။

၉-၈-၂၄

# ပြည်ချစ်ဝါဒလမ်းစဉ်ရဲ့ အနှစ် (၂၀) ကျော်ခရီး



ပြည်ချစ်ဝါဒလမ်းစဉ်ကို ပါတီက ၂၀၀၁ ခုနှစ် မှာချမှတ်ခဲ့တာ ဖြစ်ပါတယ်။ အခုဆိုရင် ဒီလမ်းစဉ်ရဲ့ခရီးဟာ အနှစ် (၂၀) ကျော်ခဲ့ပါပြီ။ အကွေ့အကောက် အတက်အဆင်းတွေ အခက်အခဲတွေနဲ့ ဖြတ်ကျော်ခဲ့ရတဲ့ ဒီခရီးဟာ ပြည်ချစ်ဝါဒလမ်းစဉ် အတွက်တော့ သမိုင်းဖြတ်သန်းမှုထဲမှာ အစမ်းသပ်ခံရင်း မှတ်ကျောက်တင်ခဲ့ရတဲ့ စာမျက်နှာတွေပဲ ဖြစ်ပါတယ်။

ပါတီရဲ့အခြေခံလုပ်ငန်းစဉ်ဟာ ဗမာပြည်လူ့အဖွဲ့အစည်းကြီးရဲ့ မျက်မှောက် သမိုင်းခေတ်ကာလကြီးကို မာ့က်စ်ဝါဒ ရပ်တည်မှု၊ အမြင်၊ နည်းနာနဲ့ ပိုင်းခြားစိတ်ဖြာသုံးသပ်ပြီး ချမှတ်ထားတဲ့လမ်းစဉ် (ဝါ) (.ပြည်သူ့ဒီမိုကရေစီတော်လှန်ရေး PDR) ဖြစ်ပါတယ်။ ပြည်ချစ်ဝါဒလမ်းစဉ်ကတော့ အခြေအနေရဲ့တောင်းဆိုချက်အရ ချမှတ်ခဲ့တဲ့ နည်းပရိယာယ်လမ်းစဉ်သာ ဖြစ်ပါတယ်။

အဲ့ဒီအချိန်က ပါတီဟာ မိမိရဲ့အတ္တဘာဝအင်အား အနိမ့်ဆုံးရောက်ရှိနေတဲ့ အခြေအနေမှာ ယူဂျီပါတီဘဝနဲ့ ရှေ့ဆက်ဖို့ ပြတ်သားတဲ့ ဆုံးဖြတ်ချက်ကိုချခဲ့တယ်။ ပါတီနဲ့ တော်လှန်ရေး ဆက်လက်ရှင်သန် ရပ်တည်နိုင်ဘို့အတွက် ပြည်ချစ်ဝါဒလမ်းစဉ်နဲ့ ထိန်းညှိ လိုက်ဖို့ ဆုံးဖြတ်ခဲ့တယ်။ မိမိအတ္တဘာဝအခြေအနေ ပြည်တွင်းနဲ့ နိုင်ငံတကာရဲ့ အခြေအနေကို တော်လှန်တဲ့အကောင်းမြင်ဝါဒနဲ့ ရှုမြင်သုံးသပ်ပြီး အမှီခိုကင်းကင်းနဲ့ ဆုံးဖြတ်ချမှတ်ခဲ့တဲ့ “ကိုယ့်ထူးကိုယ်ချွန်လမ်းစဉ် ” ပဲဖြစ်ပါတယ်။

ပြည်ချစ်ဝါဒလမ်းစဉ်ဟာ ဗမာပြည်ရဲ့ ပထဝီနိုင်ငံရေးကို အလေးထားတဲ့ စဉ်းစားမှုဖြစ်တယ်။ မျက်မှောက်ကာလ နိုင်ငံတကာနိုင်ငံရေး ရာသီဥတုနဲ့ ကမ္ဘာ့စနစ် (World order) တို့ကို အမြင်ကျယ်ကျယ်နဲ့ ကြည့်မြင်ပြီး ချမှတ်ခဲ့လမ်းစဉ်ဖြစ်တယ်။

မျက်မှောက် နိုင်ငံတကာအခြေအနေရဲ့ ထူးခြားချက်

အမေရိကန် စူပါပါဝါကြီးရဲ့ အနေအထား

စစ်အေးခေတ် ပြီးဆုံးသွားတာဟာ ဒုတိယကမ္ဘာစစ်အပြီးက စတင်ခဲ့တဲ့ဝင်ရိုးနှစ်ခု ကမ္ဘာ့ဗိုလ်နှစ်ဗိုလ် ကမ္ဘာ့စနစ်ဟောင်းပြိုလဲသွားခြင်းရဲ့အမှတ်အသားပဲဖြစ်တယ်။ ဒါပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် ၂၁ရာစုအနှစ်၂၀ ပိုင်းအထိ ကမ္ဘာ့စနစ်သစ် (NWO) မပေါ်လာသေးဘူး။ အမေရိကန်ကတော့ စစ်အေးတိုက်ပွဲမှာ သူ့ကိုယ်သူ အောင်မြင်သူလို့ အိပ်မက်စိတ်ကူးနဲ့ အူမြူးနေခဲ့တယ်။ (NWO) ကို အမေရိကန်ဦးစီးပြီး ချမှတ်နိုင်လိမ့်မယ်၊ “၂၁”ရာစုဟာ အမေရိကန်

> **ရုရှားပြည်က ကမ္ဘာစစ်ပွဲတုန်းက စစ်ရှုံးသွားတဲ့ နိုင်ငံတွေလို မဟုတ်ဘဲ ပူတင်လက်ထက်မှာ အင်အားကြီး နိုင်ငံတခု အနေနဲ့ ဆက်ရပ်တည်နိုင်**

ရဲ့ရာစု ဖြစ်တော့မယ်ဆိုပြီး သွေးကြီးဝင့်ဝါနေတယ်။ အမေရိကကိုဗဟိုပြုတဲ့ ဝင်ရိုးတစ်ချောင်းထည်းစံနစ်နဲ့ လည်ပတ်ပြီး ကမ္ဘာကြီးကို လက်ဝါး ကြီးအုပ် ချုပ်ကိုင်နိုင်တော့မယ်လို့ အထင်ရောက်နေတယ်။ ကုလသမဂ္ဂကို ဘေးချိတ်ထားပြီး တချို့နိုင်ငံများကို စစ်ရေးအရ ကျူးကျော်တိုက်ခိုက်တာမျိုးတွေ ကိုယ်စားပြုစစ်ပွဲတွေ Proxy wars လုပ်လာတယ်။

ဒါပေမဲ့ လက်တွေ့ဘဝက အမေရိကန်ရဲ့ စိတ်ကူးအိပ်မက်တွေကို ရိုက်ချိုးလိုက်တယ်။

ပြိုင်ဘက် စူပါပါဝါဟောင်းဖြစ်တဲ့ ဆိုဗီယက်ယူနီယံရဲ့ ကျဆုံးမှုဆိုရာမှာ– ရုရှားပြည်က ကမ္ဘာစစ်ပွဲတုန်းက စစ်ရှုံးသွားတဲ့ နိုင်ငံတွေလို မဟုတ်ဘဲ ပူတင်လက်ထက်မှာ အင်အားကြီး နိုင်ငံတခုအနေနဲ့ ဆက်ရပ်တည်နိုင်ပြီး အစွယ်ထုတ်ပြနိုင်သေးတယ်။ ရုရှားအမေရိကန် စစ်ရေးချိန်ခွင်ရှာညှိဖို့ START လိုစာချုပ်မျိုးကို ချုပ်လာရတယ်။ တခြားအင်အားကြီး နိုင်ငံတွေကလည်း စစ်အင်အားတိုးချဲ့တာ စစ်ရေးလေ့ကျင့်တာတွေ လုပ်လာနေကြတယ်။ အမေရိကန်ဟာ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီ ဗန်းပြတဲ့ စည်းမျဉ်းအခြေခံ ကမ္ဘာ့စည်းစနစ် Rule Based World Order ဆိုတဲ့

အတုအယောင်အလံကို လွှင့်ပြီး (ကုလသမဂ္ဂ ပဋိညာဉ်၊ နိုင်ငံတကာဥပဒေနဲ့ ဘန်ဒေါင်းမူ ၅ ရပ်ကို ချိုးဖောက်ကာ) ဗိုလ်ကျစိုးမိုးရေးဝါဒကို ဆက်လက်ကျင့်သုံးနေတယ်။

အင်အားကြီးနိုင်ငံတွေရဲ့ ဝင်ရိုးအများအပြားရှိတဲ့ ကမ္ဘာ့အစီအစဉ်သစ် (NWO) ကို လိုလားတောင်းဆို တိုက်ပွဲဝင်လာတဲ့ လှုပ်ရှားမှုတွေလည်း ဆက်တိုက်ပေါ်လာတယ်။ “ G20 ” “BRICS ” တို့လို စီးပွားရေးသဘောဆောင်တဲ့ စုဖွဲ့မှုအသစ်တွေလည်း ပေါ်လာတယ်။ တရုတ်က ကမ္ဘာ့နိုင်ငံအများစု လိုလားတဲ့ “ ဝင်ရိုးအများရှိရေး” ဆိုတဲ့ဘက်က ရပ်တည်တယ်။ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေး ကြွေးကြော်သံနဲ့ အကျယ်အပြန့် လှုပ်ရှားလာတော့ အမေရိကန်ရဲ့ ကမ္ဘာတခုလုံးကို ချုပ်ကိုင်မယ့် ဝင်ရိုးတချောင်းတည်းဖြစ်ရေး ဦးတည်ချက်နဲ့ ရှောင်လွှဲလို့မရဘဲ ထိပ်တိုက်တွေ့လာတယ်။ ဒီမှာပဲ တရုတ် အမေရိကန်ရဲ့ ပျားရည်ဆမ်းခရီးကလည်း ပြီးဆုံးစပြုလာတယ်။ တရုတ်က ဆိုဗီယက်လို ပြိုလဲသွားတာမဟုတ်ဘဲ ဆိုရှယ်လစ်စနစ်တည်ဆောက်ရေး ဆိုတဲ့ ကြွေးကြော်သံကို ဆက်လက်ကိုင်စွဲရင်း တံခါးဖွင့်ပေါ်လစီနဲ့ စီးပွားရေးအရှိန် အဟုန်တက်နေတယ်။ ငြိမ်းချမ်းရေးနဲ့ဖွံ့ဖြိုးရေး အလံလွှင့်ပြီး စီးပွားရေးကမ္ဘာမှူ ပြုနေတယ်။

အမေရိကန်ဟ ၂၀၀၈ လောက်ကစပြီး ဘဏ္ဍာရေး စီးပွားရေးအကျပ်အတည်းကြီးနဲ့ ကြုံတွေ့လာရတယ်။ ကမ္ဘာကြီးကို လက်ဝါးကြီးအုပ် ်ဗိုလ်ကျစိုးမိုးရေးဆိုတဲ သူ့ရဲ့ ရည်မှန်းချက်အတွက် စစ်အေးခေတ်ကာ တလျှောက်လုံးမှာ စစ်အင်အားကို အလွန်အကျွံတိုးချဲ့ ခဲ့တယ်။ နေတိုး၊ ဆီးတိုး စင်တိုး အင်းဇတ် စတဲ့ စစ်ရေးမဟာမိတ်တွေဖွဲ့တာ၊ ကမ္ဘာအနှံ့ စစ်စခန်းတွေဆောက်တာ၊ တချို့ဒေသစစ်တွေမှာ မတရားဝင်ရောက်စွက်ဖက်တာ တွေလုပ်ခဲ့တယ်။ ကုလသမဂ္ဂကို ဘေးချိပ်ထားပြီး တချို့နိုင်ငံတွေကို စစ်ရေးအရ ကျူးကျော်တိုက်ခိုက်တာမျိုးတွေကို လုပ်တယ်။ စစ်ကျွံရင်းနဲ့ပဲ စီးပွားရေးအကျပ်အတည်းနွံထဲ နစ်နေတဲ့အဖြစ်မျိုး ရောက်သွားတယ်။ ဒါပေမဲ့ အမေရိကန်ဟာ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီ အတုအယောင်အလံကိုလွှင့်ပြီး သူ့ရဲ့ ဗိုလ်ကျစိုးမိုးရေးစစ်ပွဲတွေကို အရှိန်မြှင့်လာဖို့ အလားအလာတွေ တွေ့မြင်နေရတယ်။ နောက်ဆုတ်မယ့်အရိပ်အယောင် မတွေ့ရဘူး။ ဒီလိုအခြေအနေမှာ အာရှပစိဖိတ်ဒေသဟာ ကမ္ဘာ့အင်အားကြီးနိုင်ငံတွေရဲ့ အင်အားပြိုင်ဆိုင်မှုတွေရဲ့ ဗဟိုချက်မဖြစ်လာနေတယ်။

နိုးထလာတဲ့ တရုတ်နဂါးကြီး....

- တရုတ် စီးပွားရေးရဲ့ ထူးခြားချက်က ဆိုရှယ်လစ်ဈေးကွက်စနစ်ကို သွားနေတာနဲ့ တံခါးဖွင့်ပေါ်လစီကို ကျင့်သုံးနေတာဆိုတဲ့ နှစ်ချက်ပဲဖြစ်တယ်။

- တရုပ်လက္ခဏာရှိတဲ့ ဆိုရှယ်လစ်စနစ်ရဲ့ ပဏာမအဆင့်ကို ဖြတ်သန်းနေတယ်လို့ဆိုတယ်။ (ဆိုရှယ်လစ်စနစ်ရဲ့ပဏာမအဆင့်ဆိုတာကို မာ့က်စ်နဲ့ အိန်ဂျယ်တို့က ပြောတာမရှိခဲ့ဘူး) တရုတ်ထူးခြားချက်အရ အဆင့်ခွဲလိုက်ရတာလို့ ဆိုတယ်။

- ကွန်မြူနစ်ပါတီရဲ့ခေါင်းဆောင်မှု၊ မာ့က်စ် လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ်ကို ကိုင်စွဲရေး၊ ဆိုရှယ်လစ်စနစ် ထူထောင်ရေး၊ ပြည်သူ့ဒီ မိုကရေစီ အာဏာရှင်စနစ် ကျင့်သုံးရေး ဆိုတဲ့ မူကြီး လေးရပ်ကိုတော့ ဆက်လက် ကိုင်စွဲထားတယ်။

တံခါးဖွင့်ပေါ်လစီအရ နိုင်ငံခြားအရင်းအနှီးတွေကို ဝင်ခွင့်ပေးတယ်ဆိုပေမယ့် လက်ဝါးကြီးအုပ်တဲ့အဆင့်ကိုတော့ ခွင့်မပြုဘူး။ ဗဟုဘာသာစကား ကို နိုင်ငံတော်နဲ့ အမျိုးသားစီးပွားရေးက ပိုင်ဆိုင်ရမယ်ဆိုတဲ့အချက်နဲ့ လိုအပ်တဲ့ (ဥပမာ လက်ဝါးကြီးအုပ် တိုက်ဖျက်ရေး) အခြားစည်းကမ်းသတ်မှတ်ချက်တွေလည်း အတော်များများထားရှိတယ်။ တရုတ်ပြည်က သူ့ရဲ့ ဆိုရှယ်လစ်စနစ်ကို အကောင်အထည် ဖော်ဖို့အတွက် ကုန်ထုတ်စွမ်းအားစုတိုးတက်ဖို့ ရည်ရွယ်ချက်နဲ့ တံခါးဖွင့်ပေါ်လစီကို ချလိုက်တာလို့ဆိုတယ်။ တချိန်ထည်းမှာ တင်းကျပ်တဲ့ထိန်းချုပ် ကန့်သတ်မှုတွေနဲ့အတူ လိုအပ်တဲ့ ပြုပြင်ပြောင်းလဲမှုတွေကိုလည်း လုပ်ထားတယ်။ (ဥပမာ နည်းပညာမြင့် စက်မှုလုပ်ငန်းများကို အားပေးတာ၊ တရုတ်ကိုယ်တိုင် နည်းပညာသစ်များအတွက် မူပိုင်ခွင့်အများဆုံး ဖြစ်လာတာ) တချို့က တရုတ်က ခွင့်ပြုထားတဲ့ အရင်းရှင်စနစ်ကို သဏ္ဌာန်ပျက်နေတဲ့ အရင်းရှင်စနစ်လို့တောင် ခေါ်ကြတယ်။ အဲဒီတရုတ် အရင်းရှင်စနစ်ရဲ့ ဈေးကွက်မှာပဲ အလုပ်အယက် ရင်းနှီးမြှုပ်နှံနေကြပြန်တယ်။ ) အချက်အလက်တွေကို အသေးစိတ် လေ့လာကြည့်ဖို့တော့ လိုမယ်။

၂၀၂၀ ခုနှစ်မှာ တပြည်လုံးရဲ့ ဆင်းရဲမှုပပျောက်ရေးစီမံကိန်း အောင်မြင်ပြီလို့ ကျေညာတယ်။

တရုတ်ပြည်ရဲ့ ဆိုရှယ်လစ်တည်ဆောက်ရေး အတွေ့အကြုံတွေကို ပကတိအချက်အလက်တွေအပေါ်မှာ အခြေခံပြီး သေသေချာချာ လေ့လာသင့်တယ်။ ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးဆိုတာ ကမ္ဘာ့သမိုင်းမှာ လမ်းကြောင်းသစ်ပဲဖြစ်တယ်။ စူးစမ်းရှာဖွေရင်း စမ်းသပ်နေကြတဲ့ဖြစ်စဉ်လို့ သဘောထားရမယ်ထင်တယ်။

တကယ်တော့ တရုတ်ပြည်ရဲ့ တံခါးဖွင့်ပေါ်လစီဟာ "မော်"တို့"ချူအင်လိုင်း"တို့ ရှိစဉ် စစ်အေးခေတ်ကာလကတည်းက လီနင်ရဲ့ စီးပွားရေး ပေါ်လစီသစ် (New Economic Policy) ဆိုတဲ့လမ်းညွှန်ကို ကိုင်စွဲပြီး လှည့်ပြောင်းဖို့ ကြိုးစားခဲ့ဖူးတယ်။ ဆိုဗီယက်ယူနီယံရဲ့ကျရှုံးမှုကို လေးလေးနက်နက် သင်ခန်းစာထုတ်တယ်။ ဒါပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် ဆိုရှယ်လစ်စနစ်တည်ဆောက်ရေး မအောင်မြင်ခဲ့ဘူး။ ၁၉၇၁ ခုနှစ်မှာတော့ ကြီးမားတဲ့ အလှည့်အပြောင်းကို လုပ်လိုက်တယ်။ ကစ်ဆင်ဂျာတို့ နစ်ကဆင်တို့နဲ့ လက်ဆွဲနှုတ်ဆက်လိုက်ပြီး အမေရိကန်-တရုတ် မိတ်ဖက်ဆက်ဆံရေးကို စတင်လိုက်တယ်။ တကယ်တော့တရုတ်က ပြည်ချစ်ဝါဒနဲ့ မိမိရဲ့အခြေအနေကို ထိန်းညှိလိုက်တာဖြစ်တယ်။ တံခါးဖွင့်ပေါ်လစီရဲ့နိုင်ငံတကာဆက်ဆံရေး ပထမခြေလှမ်းကို စလိုက်တာလို့ဆိုရမယ်။ ဒီလို အမြော်အမြင်ရှိရှိနဲ့ လှည့်ပြောင်းနိုင်ခဲ့လို့ စစ်အေးခေတ်ကုန်တဲ့အချိန်မှာ တည်တည်ငြိမ်ငြိမ်နဲ့ ကျော်ဖြတ်နိုင်ခဲ့တာဖြစ်တယ်။ တံခါးဖွင့်ပေါ်လစီကို ခြေလှမ်းရှိရှိ ကျင့်သုံးရင်း ၁၉၉၀-၂၀၀၁ ခုနှစ်မှာ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ချုပ် (WTO) ထဲကိုဝင်ပြီး (WTO ဟာ IMF,WB စတာတွေနဲ့ မတူဘဲ တနိုင်ငံ တစ်မဲ စနစ် ကျင့်သုံးတာ ဖြစ်တယ်။ ) သူ့ရဲ့ အကန့်အသတ် အထိန်းအချုပ်တွေကို ဖွံ့ဖြိုးဆဲနိုင်ငံများနဲ့ အတူ ဆန့်ကျင်ခဲ့တယ်။ ပြည်တွင်းမှာလည်း အခြေအနေနဲ့ ကိုက်ညီတဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ရဲရဲတင်းတင်း လုပ်တယ်။

စစ်အေးခေတ်ကုန်ဆုံးသွားချိန်မှာ ဆိုဗီယက်ယူနီယံနဲ့ ဝါဆောစာချုပ်အဖွဲ့ဝင် ဆိုရှယ်လစ်နိုင်ငံတွေ ပြိုလဲသွားရပေမယ့် တရုတ်ပြည်ကတော့ အခြေအနေကို ထိန်းသိမ်းနိုင်ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာခဲ့တယ်။ ဆယ်စုနှစ်....နှစ်ခုလောက် အတွင်းမှာပဲ ကမ္ဘာ့စီးပွားရေး နံပါတ်၂အဆင့်ရှိတဲ့ ဂျပန်ကိုကျော်တက်ပြီး ဆူပါပါဝါ အမေရိကန်ကို ပခုံးချင်းယှဉ်နိုင်တဲ့ အခြေအနေ ရောက်လာပြီး အမေရိကန်ရဲ့ အကြီးဆုံး မြီရှင်နိုင်ငံဖြစ်လာတယ်။

အမေရိကန်က စစ်ပွဲနွံထဲနစ်ပြီး စစ်သုံးစရိတ် မတန်တဆ သုံးနေရချိန်မှာ တရုတ်က ငြိမ်းချမ်းရေးနဲ့ဖွံ့ဖြိုးရေးအလံ လွှင့်ပြီး ရတဲ့အခွင့် အလမ်းကို ကောင်းကောင်းအသုံးချတယ်၊ လမ်းတွေဖောက်တယ် စီးပွားရေးမိတ်ဖက်တွေရှာတယ်။ ပိုလျှံ ရန်ပုံငွေ Reserve Currency ကို အမေရိကန် ဘွန်းစာချုပ်တွေ ဝယ်ယူစုဆောင်းတာ မလုပ်တော့ဘဲ ခါးပတ် ပိုးလမ်းမ BRI မှာ မြှုပ်နှံတယ်။ ဒီလိုနဲ့ စီးပွားရေး အရှိန်အဟုန်နဲ့ နိုးထလာတဲ့ တရုတ်နဂါးကြီးဟာ ...ကမ္ဘာကြီးကိုလက်ဝါးကြီးအုပ် ဗိုလ်ကျစိုးမိုးဖို့ လုပ်နေတဲ့ အမေရိကန်ဆူပါပါဝါကြီးနဲ့ ကမ္ဘာ့ရွာကြီးမှာ ရှောင်ကွင်းမရတဲ့ ထိတွေ့မှုတွေ ပြိုင်ဆိုင်မှုတွေနဲ့အတူ ပဋိပက္ခတွေအမျိုးမျိုးနဲ့ ကြုံတွေ့ရမှာ ဖြစ်ပါတယ်။

ပထဝီနိုင်ငံရေးရှုထောင့်က စဉ်းစားမယ်ဆိုရင်

**တချို့က တရုတ်က ခွင့်ပြုထားတဲ့ အရင်းရှင်စနစ်ကို သဏ္ဌာန်ပျက်နေတဲ့ အရင်းရှင်စနစ်လို့တောင် ခေါ်ကြတယ်**

**ဘာပြဿနာ ပဲဖြစ်ဖြစ် မိမိ တိုင်းပြည် မိမိ ပြည်သူနဲ့ မိမိ တော်လှန်ရေး ရဲ့ အကျိုးစီးပွား အပေါ်မှာ ပဲ အခြေခံ ပြီး စဉ်းစား ဆုံးဖြတ်ရမှာ ဖြစ်**

မျက်မှောက်ကာလမှာ အင်အားကြီးနိုင်ငံတွေရဲ့ အားပြိုင်မှုဟာ အာရှပိစိဖိတ်ဒေသကို ဗဟိုပြုလာပြီး တစတစပိုပြင်းထန်လာနေတယ်။ လွန်ခဲ့တဲ့အနှစ် ၂၀ ကျော်ကာလ ပြည်ချစ်ဝါဒ လမ်းစဉ်ချမှတ်စဉ်တုန်းက ဒီရေ့အလားအလာကြိုပြီး ပါတီက တင်ပြခဲ့ဖူးတယ်။

အထူးသဖြင့်.. အမေရိကန်ရဲ့အင်ဒိုပစိဖိတ် မဟာဗျူဟာ အရ တရုတ်ဝိုင်းပတ်ရေး ဦးတည်ချက်နဲ့ တရုတ်ရဲ့ကမ္ဘာပတ် စီးပွားရေးလမ်းကြောင်း ပိုးလမ်းမ (BRI) စီမံကိန်း တို့ဟာ ဗမာပြည်နဲ့ တိုက်ရိုက်ပတ်သက်နေတဲ့ ပြဿနာတွေဖြစ်ပါတယ်။ တရုတ်ပြည်အဖို့ဆိုရင် ဓာတ်ငွေ့ပိုက်လိုင်းနဲ့ ပင်လယ်ထွက်ပေါက် လမ်းကြောင်းဖောက်ရေးဟာလည်း သူ့နိုင်ငံအတွက် အရေးကြီးပုံ အလေးထားပုံရတယ်။

မိမိတို့အနေနဲ့ ဘယ်နိုင်ငံက ပတ်သက်လာတဲ့ ဘာပြဿနာပဲဖြစ်ဖြစ် မိမိတိုင်းပြည် မိမိပြည်သူနဲ့ မိမိတော်လှန်ရေးရဲ့ အကျိုးစီးပွား အပေါ်မှာပဲ အခြေခံပြီး စဉ်းစားဆုံးဖြတ်ရမှာဖြစ်တယ်.။ ဒါဟာ ပြည်ချစ်ဝါဒပဲဖြစ်တယ်။ ရဲဘော်ကြင်မောင်က ဒီလိုပြောဖူးတယ်.. (ဗကပက သင်ခန်းစာတွေရပြီးဖြစ်လို့ ဘယ်နိုင်ငံကြီးရဲ့ နိုင်ငံခြားရေးပေါ်လစီနောက်ကိုမှ တကောက်ကောက်လိုက်နေမှာ မဟုတ်ဘူး သူ့ရန်သူကို ကိုယ့်ရန်သူလို့ မသတ်မှတ်သလို.. ကိုယ့်ရန်သူကိုလည်း သူ့ရန်သူအဖြစ် သတ် မှတ်ပေးပါလို့ တောင်းဆိုနေမှာမဟုတ်ဘူး)။

ပြည်ပနိုင်ငံကြီးတွေရဲ့ အားပြိုင်မှုပဋိပက္ခမှာ ကြားညပ်တာ မဖြစ်အောင် နေတတ်ရမယ်။ အကျိုးမရှိတဲ့စစ်ပွဲကို ရှောင်တာဟာ ပြည်ချစ်ဝါဒ ပဲဖြစ်တယ်။

ပြည်တွင်းမှာ စစ်အစိုးရဟာ စစ်ဗျူရိုကရက်လက်ဝါးကြီးအုပ်အရင်းရှင်စနစ်ကိုကျင့်သုံးပြီး ဖောက်ပြန်တဲ့ပြည်တွင်းစစ်ကို တိုက်နေတယ်။ တိုင်းပြည်က အဆင်းရဲဆုံးအခြေအနေကို ရောက်နေတယ်။ အဖိနှိပ်ခံ လူမျိုးပေါင်းစုံ ပြည်သူတရပ်လုံးက စစ်အစိုးရကို တပြည်လုံးအနှံ့အပြားမှာ လက်နက်ကိုင်အုံကြွဆန့်ကျင်နေတယ်။ ပြည်တွင်းစစ်မီးကြီး အရှိန်အဟုန်နဲ့ တောက်လောင်နေတယ်။ စစ်ရေးအရ အထိနာလာတဲ့ စစ်အုပ်စုဟာ တိုင်းပြည်ရဲ့စည်းလုံး ညီညွတ်မှုပြိုကွဲစေတဲ့ အက်ကြောင်းတချို့ကို ဖန်တီးလာနေတယ်။ နိုင်ငံငယ် ပြည်နယ်ငယ်လေးတွေအဖြစ် ပြိုကွဲတာကို နယ်ချဲ့သမားက ပိုပြီးလိုလား တယ်ဆိုတာကိုလည်း သတိထားရမယ်။

ဒီအခြေအနေမှာ တိုင်းပြည်မပြိုကွဲရေး (တစည်းတလုံးတည်းရှိရေး) အတွက် ပြည်ချစ်ဝါဒကို ပြတ်ပြတ်သားသား ကိုင်စွဲရမယ်။ ဘယ်ပြည်ပနိုင်ငံက ဖြစ်ဖြစ် ကိုယ့်တိုင်းပြည်ရဲ့ နယ်မြေတည်တံ့ခိုင်မြဲရေးကို ထိပါးလာရင် ပြန်တိုက်ရမှာဖြစ်တယ်။

ပြည်ချစ်ဝါဒလမ်းစဉ်ဟာ ကိုယ်ထူးကိုယ်ချွန်လမ်းစဉ်ဖြစ်တယ်။ မိမိရဲ့အတွေ့ဘာဝ အင်အားအနည်းဆုံးအချိန်မှာ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ ချခဲ့တဲ့လမ်းစဉ်ဖြစ်တယ်။

ပြည်တွင်းက စစ်အာဏာရှင်ဆန့်ကျင်ရေး လက်နက်ကိုင်တိုက်ပွဲဟာ ကိုယ့်ပြည်တွင်းရေးကိစ္စဖြစ်တယ်။ တနည်းပြောရရင် ကိုယ့်အိမ် ထဲက အမှိုက်ကို ကိုယ်တိုင်ရှင်းရမှာပဲ။ အပြင်ကလူကို လာရှင်းခိုင်းလို့မရဘူး ဆိုတာ ရှင်းရှင်းမြင်ရမယ်။ ကိုယ့်တော်လှန်ရေးရဲ့ ကံကြမ္မာကို ကိုယ်တိုင်ဆုံးဖြတ်တာပဲဖြစ်ရမယ်။ ပြည်ချစ်ဝါဒဆိုတာ လေးလေးနက်နက်ပြောရရင် ပြည်တွင်းက ကိုယ့်အားကိုယ်ကိုး ကိုယ့်ထူးကိုယ်ချွန် လူတန်းစားတိုက်ပွဲလမ်းစဉ်ပဲဖြစ်တယ်။ တနည်းအားဖြင့်ဆိုရင် ပြည်တွင်းမှာ တော်လှန်ရေးမီးလျှံကြီးအရှိန်ပြင်းပြင်းနဲ့ တောက်လောင်နေတာဟာ ပြည်ချစ်ဝါဒရဲ့အောင်မြင်မှုကို လက်တွေ့ ပြလိုက်တာပဲဖြစ်တယ်။ ပြင်ပကလူတွေက ငြိမ်းချမ်းစေချင်ပေမယ့် ကိုယ့်တိုင်းပြည်ရဲ့ ရုပ်ဘဝတောင်းဆိုချက်က တော်လှန်ရေး ပဲဖြစ်တယ်။

ပြည်ချစ်ဝါဒက ကမ္ဘာ့လက်ဝါးကြီးအုပ်အရင်းရှင်စနစ်ရဲ့ ဗိုလ်ကျစိုးမိုးရေးဝါဒကို ပြတ်ပြတ်သားသားဆန့်ကျင်တယ်။ ဒါဟာ အနှစ်သာရအရ ပြောရင် နိုင်ငံတကာ့ဝါဒပဲဖြစ်တယ်။

ပါတီက ပြည်ချစ်ဝါဒကို ချမှတ်ခဲ့တာ နှစ်ပေါင်း ၂၀ ကျော်ခဲ့ပါပြီ။ ဒီကာလအတွင်းမှာ မြေအောက်ပါတီတရပ်အနေနဲ့ အခက်အခဲအမျိုးမျိုးနဲ့ စိန်ခေါ်ချက်အမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားရင်း.. ပါတီပြန်လည် ရှင်သန်ရပ်တည်နိုင်ခဲ့တယ်။ ပြည်သူ့လွတ်မြောက်ရေး တပ်မတော် (PLA) ပြန်လည်ဖွဲ့စည်းပြီး လက်နက်ကိုင်တော်လှန်ရေးကို ဆင်နွှဲနိုင်ခဲ့တယ်။

ဒါဟာ ပြည်ချစ်ဝါဒလမ်းစဉ်ရဲ့ မှန်ကန်မှုကို သမိုင်းက မှတ်ကျောက်တင်လိုက်တာပဲ ဖြစ်ပါတယ်။ ။

၁၁-၈-၂၀၂၄



# အိုနာဂကျိုးကန်း **သီအိုရီများ**

တော်လှန်ရေးရဲ့ဒီနေ့အခြေအနေက အရှိန်အဟုန်ရော၊ အရှိန်အဝါရောသိပ်ကြီးတယ်။ တော်လှန်ရေးကိုထိပ်တိုက်ရင်ဆိုင်ပြီး ပြောင်ပြောင်ဆန့်ကျင်ရဲသူနည်းတယ်။ လုပ်ရပ်နဲ့မဆန့်ကျင်ရဲတော့ အသံနဲ့မကြားတကြားပြောကြတယ်။

လက်တွေ့ကိုစေ့စေ့မကြည့်ရဲတဲ့အခါ အချောင်သမားသဘောတရားတွေကို ဆွဲထုတ်လာကြတယ်။ တချို့ကလက်ယာဘက်က ဆွဲထုတ်လာ တချို့က လက်ဝဲဘက်ဆွဲထုတ်လာ... အနှစ်သာရကတော့ အတူတူပဲ၊ ဘာမှမထူးကြဘူး။ ဘယ်ဘက်ကပဲ လှည့်ပြောပြော နောက်ဆုံးရောက်ကြတဲ့ နိဂုံးကတော့ "တော်လှန်စစ်ကိုရပ်ကြပါ၊ စစ်အုပ်စုကိုဖယ်ထုတ်ဖို့ မကြိုးစားပါနဲ့" ဆိုတာပဲ။ ဝေါဟာရအမျိုးမျိုးသုံးတယ်၊ သီအိုရီအမျိုးမျိုးသုံးတယ်၊ ကျမ်းကိုးအမျိုးမျိုးသုံးတယ်၊ သူတို့ပြောနေတဲ့စကားလုံးတွေနောက်ကိုသာ ဆန်စဉ်ရာကျည်ပွေ့လိုက်နေရင် မျက်စိလည်လို့ဆုံးမှာ မဟုတ်ဘူး။ အဲဒီတော့ ဘယ်နည်းနဲ့ဘယ်လိုတွေလှည့်ပတ်ပြောပြော၊ ဘယ်ရပ်တည်ချက်နဲ့ပြောပြီး ဘယ်လို နိဂုံးဘယ်လိုချုပ်တယ်ဆိုတာကို သတိထားလေ့လာကြပါ။ အဲဒါဟာသူတို့ရဲ့ဆိုလိုရင်းပါပဲ။ အဲဒါဟာ သူတို့ဘယ်လိုလူတွေဆိုတာဖော်ပြတဲ့အချက်ပါပဲ။

**စစ်ဘောင်နဲ့ ဒီမိုကရေစီဘောင်**

ဆရာကြီးလေသံနဲ့ အထက်စီးကပြောတတ်တာကတော့ "စစ်နဲ့ဒီမိုကရေစီဆိုတာ မွေးရာပါဗီဇကိုက ရန်ဘက်ပဲ"တဲ့။ "စစ်ဘောင်ကျယ်ရင် ဒီမိုကရေစီဘောင်ကျဉ်းတယ်။ ဒီမို

**အခုသူတို့ပြောနေတာတွေ အားလုံးကို ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က အကုန်စမ်းသပ်ပြီးပြီ**

ကရေစီဘောင်ကျယ်ရင် စစ်ဘောင်ကျဉ်းတယ်”တဲ့။ အဲဒီသဘောတရားရဲ့ နိဂုံးချုပ်ချက်ကတော့ “စစ်မတိုက်ကြပါနဲ့။ ရွေးကောက်ပွဲလုပ်ကြပါ” ဆိုတာပါပဲ။ သူတို့ပြောတဲ့ ရွေးကောက်ပွဲလုပ်ချင်ရင် ၂၀၀၈ ခြေဥကို လက်ခံရတော့မယ်၊ ၂၀၀၈ ခြေဥကို လက်ခံရင် စစ်သားတမတ်သား ဝင်ထိုင်တာကို လက်ခံရတော့မယ်၊ ကာကွယ်ရေး၊ ပြည်ထဲရေး၊ နယ်စပ်ရေးဆိုတဲ့ စစ်ဘက်အုပ်ချုပ်ရေးမှန်သမျှ စစ်တပ်လက်ထဲ ဝကွက်အပ်ထားရမယ်၊ ကြိုက်တဲ့အချိန်မှာ ကြိုက်သလို အာဏာသိမ်း (သူတို့အခေါ် အာဏာထိန်း) တာကိုလည်း လက်ခံရတော့မယ်။ အဲဒါတွေအတွက် ဖြေရှင်းချက်နည်းလမ်းတခုမှ မပြောဘူး။ “စစ်မတိုက်နဲ့ စစ်တိုက်ရင် အဲဒါ ဒီမိုကရေစီ မဟုတ်ဘူး၊ စစ်မတိုက်နဲ့ စစ်တပ်ကိုမဖြိုနဲ့၊ စစ်တပ် လုပ်ပေးတဲ့ ရွေးကောက်ပွဲ ဝင်ကြ၊ စည်းကမ်းပြည့်ဝသော ၂၀၀၈ ဒီမိုကရေစီကို လက်ခံကြ၊ ဆွေးနွေးတဲ့နည်းနဲ့ ဖြေရှင်းကြ”ဆိုတာကိုပဲ တစာစာ အော်ဟစ်နေတယ်။ အခုသူတို့ပြောနေတာတွေ အားလုံးကို ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က အကုန်စမ်းသပ်ပြီးပြီ။ အစွမ်းကုန် အလျှော့ပေးကြည့်ပြီးပြီ။ အလျှော့ပေးလေရောင့်တက်လေ ဖြစ်လာတဲ့အပြင် ရက်ရက်စက်စက်သတ်ဖြတ်ညှဉ်းဆဲလို့သာ ဒီနေရာကိုရောက်လာတယ်ဆိုတာ အရှင်းကြီး။ ဒါကို နောက်ကြောင်းပြန်လှည့်ခိုင်းနေတာဟာ ဘာရည်ရွယ်ချက်လဲဆိုတာလည်း ရှင်းတယ်။ သူတို့ပြောနေတာက “စစ်မတိုက်နဲ့၊ စစ်တိုက်တာ သီအိုရီနဲ့မညီဘူး”တဲ့။ အဲဒါဆို စစ်အုပ်စုရမ်းကားနေတာဘယ်လိုလုပ်မလဲ၊ အဲဒါကတော့ ခံပေါ့ဆိုတာမျိုးဖြစ်နေတယ်။

## စစ်နိုင်တဲ့သူနဲ့စစ်ရှုံးသူရဲ့ဒီမိုကရေစီ

နောက်ထပ်သီအိုရီတခုက “စစ်ကိုနိုင်အောင်တိုက်ပြီးမှ ဒီမိုကရေစီတည်ဆောက်လို့မရဘူးတဲ့။ စစ်ရှုံးတဲ့သူနဲ့ စစ်နိုင်တဲ့သူ ဒီမိုကရေစီပူးပေါင်းတည်ဆောက်လို့မရဘူး”တဲ့။ နိဂုံးချုပ်ချက်က အတူတူပဲ။ “စစ်အုပ်စုကို ပြုတ်အောင်တိုက်ပြီးမှ သူတို့ပါဝင်တဲ့ဒီမိုကရေစီတည်ဆောက်ချင်လို့မရဘူး” လို့ဆိုနေတယ်။ “ရှုံးတဲ့သူက မတတ်သာလို့ အလျှော့ပေးသဘောတူရတာမျိုးဟာ တန်းတူညီမျှမှုမရှိလို့ ဒီမိုကရေစီမဖြစ်နိုင်ဘူး” လို့ သူတို့သဘောတရားကဆိုတယ်။ အဲဒါကြောင့် “စစ်အုပ်စုကို နိုင်အောင်တိုက်ဖို့ ပြုတ်အောင်တိုက်ဖို့ကြိုးစားမနေနဲ့။ ဆွေးနွေးပြီး ဒီမိုကရေစီတည်ဆောက်ပါ” လို့ အဲဒီပညာကျော်တွေက ဆိုကြတယ်။

စစ်အုပ်စုကို အပြုတ်မဖြုတ်ဘဲရှင်သန်ကြီးထွားခွင့်ပေးထားတော့ရော တန်းတူညီမျှရဲ့လားဆိုတဲ့အချက်ကို သူတို့ဘယ်တော့မှ မပြောကြဘူး။ စစ်အုပ်စုကို ရှင်သန်ကြီးထွားခွင့်ပေးထားခဲ့တာကြာပြီ။ သူတို့လက်ထဲမှာလက်နက်အပြည့်နဲ့ ပြည်သူတွေလက်ထဲမှာလက်နက်မဲ့ဖြစ်နေလို့ တန်းတူညီမျှမှုမရှိဘဲ တဖက်သတ် အလွန်ကျတဲ့ ဆွေးနွေးပွဲတွေကို စစ်အုပ်စုက အထက်စီးနဲ့ ကျင်းပလာတာကြာပြီ။ အဲဒါကို မေ့ထားပြီး “စစ်နိုင်စစ်ရှုံး ပူးပေါင်းပြီး ဒီမိုကရေစီစနစ်ထူထောင်လို့ မရဘူး၊ အဲဒါကြောင့် စစ်မတိုက်နဲ့” ဆိုတာကိုပဲ ငယ်သံပါအောင် အော်နေကြပြန်တယ်။

မှန်တယ်။ စစ်နိုင်နဲ့စစ်ရှုံးပူးပေါင်းပြီး ဒီမိုကရေစီအတူတကွတည်ဆောက်လို့ မရဘူး။ ဒါပေမဲ့ စစ်အုပ်စုနဲ့ ဒီမိုကရေစီစနစ် ပူးတွဲတည်ထောင်မယ်လို့ ကျနော်တို့ ဘယ်တုန်းကမှ မပြောဘူး။ စစ်အုပ်စုမပါတဲ့ ဒီမိုကရေစီစနစ် တည်ဆောက်ဖို့ ဒီတော်လှန်ရေးကြီးကို ဆင်နွှဲနေတာပဲ။ ဒီမိုကရေစီစနစ်နဲ့ တန်းတူညီမျှရေးကိုသွားဖို့ ကြိုးစားနေတာ နှစ်ပေါင်းများစွာ ကြာနေပြီ။ အဲသလိုနှစ်ပေါင်းများစွာ နည်းလမ်းအမျိုးမျိုးနဲ့ ကြိုးစားသွားကြည့်ပြီးတဲ့နောက်မှာ ဒီမိုကရေစီ လမ်းကြောင်း၊ တန်းတူညီမျှရေး လမ်းကြောင်းကို ရှေ့ကနေ ပိတ်ဆို့ဟန့်တား နေတာဟာ စစ်အုပ်စုဆိုတာကို ပြည်သူလူထုကြီး တရပ်လုံးက အထင်အရှား သိမြင်လာလို့ လက်နက်ကိုင် တော်လှန်ရေး ဆင်နွှဲနေတာဖြစ်တယ်။ သူတို့မပါမှ ဒီမိုကရေစီရမယ်။ စစ်အုပ်စုမပါတဲ့ ဒီမိုကရေစီစနစ်ကို တည်ထောင်ကြမယ်။ စစ်အုပ်စုပါရင် ဒီမိုကရေစီမရနိုင်ဘူး။ တန်းတူညီမျှမှု မရနိုင်ဘူး။ လူတစုက လက်နက်ကိုင်ပြီး စကားပြောနေသမျှမှာ ကျန်တဲ့ လက်နက်မဲ့တွေရဲ့ စကားဟာ ဘယ်တော့မှ အရာမထင်ဘူး။ အဲဒါကြောင့် စစ်အာဏာရှင်ကို အရင်ဖြိုရမယ်။ အဲဒါမှသာ ဒီမိုကရေစီ တည်ဆောက်လို့ရမယ်။ အဲဒါကြောင့် လက်နက်ကိုင် တော်လှန်ရေးကို မလွှဲသာမရှောင်သာ ဆင်နွှဲနေရတာ ဖြစ်တယ်။

## အားလုံးပါမှဒီမိုကရေစီတဲ့

စစ်အုပ်စုမပါတဲ့ဒီမိုကရေစီထူထောင်ရမယ်လို့ပြောတော့ နောက်ထပ်တမျိုးစောဒကတက်ပြန်တယ်။ အားလုံးပါရမယ်တဲ့။ All inclusive တဲ့။ ဟိုလူမပါရဘူး၊ ဒီလူမပါရဘူးဆိုရင် ဒီမိုကရေစီမဟုတ်ဘူးတဲ့။ လူနည်းစုက လက်နက်အင်အားအပြည့်နဲ့ စိုးမိုးထားပြီး သူတို့ကိုရာသက်ပန်အာဏာပေးရမယ်လို့

ဥပဒေပြဋ္ဌာန်းအကျပ်ကိုင်နေချိန်မှာ ကျန်တဲ့လူများစုက အဲဒီဥပဒေကို နည်းနည်းလျှော့ပါဦး၊ ပြင်လို့ရအောင်လုပ်ပေးပါဦးလို့ တောင်းပန်နေရပြီဆိုရင် အဲသလိုအခြေအနေမျိုးကြုံနေရပြီဆိုရင် အဲဒီ အားလုံးပါတဲ့ All inclusive ဟာ အလုပ်မဖြစ်တော့ဘူး။ အားလုံးပါပေမဲ့ တန်းတူညီမျှရေးဟာ ပျက်စီးနေပြီ။ စစ်အုပ်စု၊ စစ်အာဏာရှင်ပါနေသမျှ ဒီမိုကရေစီနဲ့ တန်းတူညီမျှရေးမဖြစ်နိုင်ဘူးဆိုတာ သိပ်ရှင်းနေပြီ။ ဒါကိုပြည်သူတရပ်လုံးသိနေပြီ။ လက်တွေ့ကျကျသိနေပြီးပြီ။ လွယ်လွယ်နဲ့သိခဲ့ရတာမဟုတ်ဘူး။ အများကြီးရင်းနှီးပြီး ဘဝနဲ့သိရတဲ့အသိ။ နဖူးမှာကျည်ဆန်အဖောက်ခံပြီးမှသိရတဲ့အသိ။ အခုလက်နက်ကိုင်တော်လှန်ရေးဟာ နဖူးကိုကျည်ဆန်အဖောက်ခံပြီးမှ ရလာတဲ့ လက်နက်ကိုင်တော်လှန်ရေးပဲ။ အဲဒီအဖိုးတန်တော်လှန်ရေး၊ အများကြီးရင်းနှီးထားရတဲ့ တော်လှန်ရေးကို သီအိုရီမျိုးစုံသုံးပြီး နောက်ပြန်ဆုတ်ခိုင်းနေတာသာ ဖြစ်တယ်။ အားလုံးပါမှ ဒီမိုကရေစီဆိုတာ ပြည်သူလူထု အတန်းအစား၊ အမျိုးအစား အားလုံးပါမှလို့ ဆိုလိုတာဖြစ်တယ်။ ဖက်ဆစ်တွေပါမှ All inclusive ဆိုတဲ့ အဓိပ္ပာယ်မဟုတ်ဘူး။ ဒုတိယကမ္ဘာစစ်ကာလမှာဟစ်တလာနဲ့ All inclusive လုပ်ဖို့ကြိုးစားကြတာလည်း မအောင်မြင်လို့ နောက်ဆုံးမှာ တိုက်ထုတ်ခဲ့ရဖူးပြီ။

All inclusive ဆိုတာ လူမျိုးစုအားလုံး ပါဝင်ရမယ်၊ လူတန်းစား အားလုံးပါဝင်ရမယ်လို့ ဆိုလိုတာသာဖြစ်တယ်။ ဖက်ဆစ်တွေပါ ပါရမယ်လို့ဆိုလိုတာ မဟုတ်ဘူး။



## ပေးထားချက်

အလွန်ဆိုးဝါးတဲ့သီအိုရီတခုကတော့ “စစ်တပ်ဟာ ပေးထားချက်” ဆိုတဲ့သီအိုရီပဲ။ စစ်တပ်က မတရားတွေထောက်ပြတဲ့အခါတိုင်းမှာ စစ်တပ်က ဒီမိုကရေစီလမ်းကြောင်းမှာ အဟန့်အတားလုပ်နေတာတွေကို ထောက်ပြတဲ့အခါတိုင်းမှာ “စစ်တပ်ဟာ ပေးထားချက်” ဆိုတာ လက်ခံရမယ်လို့ဆိုတယ်။ စစ်တပ်ရှိနေတာကို အရင်လက်ခံထားပြီးမှ ကျန်တာတွေကို အဲဒါနဲ့ကိုက်ညီအောင်လိုက်ညှိပေးရမယ် လို့ပြောနေတဲ့သဘောဖြစ်တယ်။ ဘာ့ကြောင့် “စစ်တပ်ကိုပေးထားချက်” အဖြစ်လက်ခံသင့်ကြောင်း ပြောဆိုထားတာမရှိဘူး။ အကြောင်းပြထားတာမရှိဘူး။ ဘယ်ရှိမလဲ။ ကျိုးကြောင်းဘယ်လိုမှမဆီလျော်တဲ့စကားဖြစ်နေတာကိုး။ နိုင်ငံရေးမှာ ဘယ်သူဘယ်ဝါကတော့ပေးထားချက်ဆိုတာမျိုးဘယ်တော့မှမရှိဘူး။ ဘယ်သူဘယ်ဝါဟာ ပေးထားချက်ပါလို့ပြောလာပြီဆိုရင် အဲသလိုပြောတဲ့သူဟာ အလွန်တဖက်စောင်းနင်းကျတဲ့ ဘက်တဘက်ရဲ့ ဘက်တော်သားမျှသာဖြစ်တယ်။ တခြားဘာမှမဖြစ်နိုင်တော့ဘူး။

## ဇီးရိုးဆမ်းဂိမ်း၊ ရယ်ဒီကယ်ထောင်ခြောက်

“တဖက်ဖက်က အပြတ်အနိုင်ရမှဆိုတဲ့ အတွေးအခေါ်ဟာ ခေတ်မမီတော့ဘူး” တဲ့။ ဒါလည်း စောစောက “ပေးထားချက်” လိုပဲ။ ဘာ့ကြောင့် ခေတ်မမီကြောင်း ရှင်းလင်းချက်မရှိဘူး။ “ငါတို့မကြိုက်လို့ ခေတ်မမီဘူး ပြောတာ” ဆိုတဲ့ သဘောပဲ။ ဇီးရိုးဆမ်းဂိမ်း လမ်းကြောင်းကို ရွေးခြင်းမရွေးခြင်း ဆိုတာဟာ ခေတ်မီခြင်း မမီခြင်းနဲ့လည်း မဆိုင်ဘူး။ မိမိအလိုရှိခြင်း မရှိခြင်းနဲ့လည်း မဆိုင်ဘူး။ ပဋိပက္ခအတိုင်းအတာ ကြီးမားခြင်း မကြီးမားခြင်းနဲ့သာ ဆိုင်တယ်။ ပဋိပက္ခ အဆင့်အတန်းဟာ အတူတကွ ယှဉ်တွဲသွားလာဖို့မဖြစ်တော့တဲ့ အဆင့်ကိုရောက်လာပြီဆိုရင် ဇီးရိုးဆမ်းဂိမ်းအဆင့်ဟာ သူ့အလိုလို ရောက်လာတာပဲ။ မရွေးချင်လည်းရွေးကြရတာပဲ။ ဇီးရိုးဆမ်းဂိမ်းမလုပ်ကြပါနဲ့လို့ ပြောကြတဲ့သူတွေဟာ နဖူးကိုသေနတ်နဲ့မပစ်ကြပါနဲ့လို့တော့ တားရဲကြတဲ့သူတွေမဟုတ်ကြဘူး။ ရှင်းရှင်းပဲပြောရလိမ့်မယ်။ နဖူးကိုသေနတ်နဲ့မပစ်ခဲ့ရင် ဇီးရိုးဆမ်းဂိမ်းကို ရွေးရတဲ့အဖြစ် ရောက်မလာဘူး။

ရက်ဒီကယ်ထောင်ခြောက်ဆိုတဲ့အတွေးအခေါ်ဟာလည်း အဲဒီဇီးရိုးဆမ်းဂိမ်းအတွေးအခေါ်နဲ့ တဆက်တစပ်တည်း

ပဋိပက္ခ အဆင့် အတန်းဟာ အတူတကွ ယှဉ်တွဲ သွားလာဖို့ မဖြစ်တော့ တဲ့ အဆင့်ကို ရောက်လာ ပြီဆိုရင် ဇီး ရိုးဆမ်းဂိမ်း အဆင့်ဟာ သူ့အလိုလို ရောက်လာ

**ဗမာပြည်မှာ အလုပ်သမား လူတန်းစား ဟာ အဆင် သင့် မဖြစ် သေးလို့ တော်လှန်ရေး မလုပ်ရသေး ဘူးလို့ ထရော် စကီတွေက ပြောနေကြ**

ပဲ။ ရက်ဒီကယ်အတွေးအခေါ်လို့သူတို့ပြောနေတာဟာ အပြတ်တိုက်ရေးအပြုတ်တိုက်ရေးအတွေးအခေါ်ကိုဆိုလို တာပဲ။ "အာဏာရှင်စစ်တပ်အမြစ်ဖြတ်"၊ "ဖက်ဆစ်စစ်တပ် အမြစ်ဖြတ်" ဆိုတာ ရက်ဒီကယ်အတွေးအခေါ်ပဲ။ အဲဒီ အတွေးအခေါ်ဟာ ဒီနေ့ခေတ်ပြည်သူလူထုရဲ့ အတွေးအခေါ် ပဲ။ ဒီနေ့ခေတ်ပြည်သူလူထုရဲ့ကြွေးကြော်သံပဲ။ အဲဒီ အတွေးအခေါ်ကိုကြောက်လန့်သူတွေက "ရက်ဒီကယ် အတွေးအခေါ်ဟာ တိုင်းပြည်ကို ချောက်ထဲကျအောင်ဆွဲခေါ် နေပါပြီ"လို့ထိတ်လန့်တကြားအော်ဟစ်ကြတာပဲ။ စစ်အုပ်စု ပြောတဲ့ "တိုင်းပြည်ချောက်ထဲကျရန်လက်နှစ်လုံးအလို" ဆိုတာကိုစကားတမျိုးပြောင်းပြီးပြောတာပဲ။ "စစ်အုပ်စုကို မတော်လှန်ကြနဲ့" "လိုချင်တာရှိရင် အေးအေးဆေးဆေး တောင်းယူ၊ တိုက်မယူနဲ့၊ ပေးနိုင်သလောက်ပေးမယ်။ " လို့ပြောနေတာပဲ။ ပြည်သူဟာ စစ်အုပ်စုပေးမှရမဲ့ဘဝမှာ အေးအေးနေကြပါလို့ပြောတဲ့အတွေးအခေါ်ပဲ။ ပြည်သူ ဟာ စစ်အုပ်စုသဒ္ဓါသလောက်ပဲရမယ်လို့ ပြောနေတာပဲ။

## အလုပ်သမားလူတန်းစားအဆင်သင့်မဖြစ်သေးဘူးတဲ့

"အလုပ်သမားလူတန်းစားက အဆင်သင့် မဖြစ်သေးလို့ တော်လှန်ရေး လုပ်လို့မရသေးဘူး" လို့ ပြောတဲ့စကား ကတော့ မာ့က်စ်ဝါဒီ အယောင်ဆောင်ထားတဲ့ ထရော်စကီ ဝါဒီတွေ ပြောတဲ့စကားပဲ။ "အလုပ်သမား လူတန်းစား တဦး ချင်း ပါဝင်တဲ့ တော်လှန်ရေးဟာ အလုပ်သမား တော်လှန်ရေး မဟုတ်သေး၊ အလုပ်သမား လူတန်းစားအမြင် ခံယူသူ တွေ ဦးဆောင်တဲ့ တော်လှန်ရေးဟာလည်း အလုပ်သမား တော်လှန်ရေး မဟုတ်သေး၊ အလုပ်သမားထုကြီး ကိုယ်တိုင် လှုပ်ရှား ပါဝင်မှသာ အလုပ်သမား တော်လှန်ရေး ဖြစ် မယ်" လို့ သူတို့က ဆိုနေတယ်။ ဗမာပြည်မှာ အလုပ်သမား လူတန်းစားဟာ အဆင်သင့် မဖြစ်သေးလို့ တော်လှန်ရေး မလုပ်ရသေးဘူးလို့ ထရော်စကီတွေက ပြောနေကြတယ်။ ထရော်စကီတွေရဲ့ အပြောက "တရုတ်တော်လှန်ရေးဟာ လယ်သမား တော်လှန်ရေးမို့လို့ အဲဒါကွန်မြူနစ်မဟုတ်၊ ဗီယက်နမ် တော်လှန်ရေးဟာ လယ်သမား တော်လှန်ရေး မို့ အဲဒါ ကွန်မြူနစ်မဟုတ်၊ ကျူးဘား တော်လှန်ရေးဟာ ခနရှင်ပေါက်စ တော်လှန်ရေးမို့ အဲဒါကွန်မြူနစ်မဟုတ် အဲ ဒါတွေ အားလုံးဟာ စတာလင်နစ်တွေ" လို့ ဆိုနေတယ်။ အဲဒါဆိုရင် ထရော်စကီတွေ လွတ်မြောက်အောင် လုပ်ပေး ထားတဲ့ နိုင်ငံက ဘယ်နိုင်ငံလဲ ဆိုတော့လည်း ပြစရာမရှိ။ "ရုရှားတော်လှန်ရေးကိုပဲ ထရော်စကီတွေရဲ့ တော်လှန်ရေး၊ တခုတည်းသော စစ်မှန်တဲ့ တော်လှန်ရေး" လို့ သူတို့က ဆိုတယ်။ သူတို့ကိုယ်သူတို့ လီနင်ဝါဒီ၊ ထရော်စကီဝါဒီလို့ ဆိုတယ်။ လီနင်ကိုယ်တိုင်က ထရော်စကီရဲ့ ဖောက်ပြန် သွေဖည်မှုတွေကို အကြိမ်ကြိမ် ထောက်ပြဝေဖန်ခဲ့တာကို တော့ မသိကျိုးကျွံပြုနေကြတယ်။

အခု ဗမာပြည်မှာဖြစ်နေတဲ့ လက်နက်ကိုင် စစ်ပွဲဟာလည်း အနီနဲ့ အစိမ်းရဲ့စစ်ပွဲမို့ အလုပ်သမား၊ လယ်သမားတွေ ပါဝင် စရာ မလိုဘူးလို့လည်း သူတို့က ဆိုကြပြန်တယ်။

မျက်စိရှေ့မှာ ပြည်သူတွေကို နဖူးတည့်တည့် သေနတ်နဲ့ ပစ်နေတာ မြင်ပါလျက်နဲ့ သီအိုရီနဲ့ မညီသေးလို့ မတော် လှန်နဲ့ဦးလို့ ပြောနေတာဟာ ထရော်စကီဝါဒီ ပီသလှပါ ပေတယ်။ မျက်စိရှေ့မှာ ရွာတွေကို မီးရှို့နေတာကို မြင် ပါလျက်နဲ့ သီအိုရီနဲ့ မညီသေးလို့ မတော်လှန်ပါနဲ့ဦးလို့ ပြောနေတာဟာ ထရောစကီဝါဒီ ပီသလှပါပေတယ်။ တော်လှန်ရေး သဘောတရားက အဆင်သင့် မဖြစ်သေးလို့ တော်လှန်ရေး မလုပ်ပါနဲ့ဦးလို့ တားနေတာ၊ သဘောတရား အရင် တည်ဆောက်ဦးမယ်လို့ ပြောနေတာကလည်း ထ ရော်စကီ အတွေးအခေါ်ပါပဲ။

သိပ်များများ ရှင်းစရာမလိုပါဘူး။ ဖိနှိပ်မှု သိပ်ကြီးမား ပြင်းထန်နေချိန်မှာ တော်လှန်သင့် မတော်လှန်သင့် စာအုပ် လှန်ပြီး ချင့်ချိန်နေတာဟာ တော်လှန်ရေးကို ကြောက်လို့ ဆင်ခြေပေးတဲ့ အချောင်သမားဝါဒပါပဲ။

နိဂုံးချုပ်ပါမယ်။ အခု လက်နက်ကိုင် တော်လှန်ရေးဟာ လူတ ဦးချင်းစီကိုရော၊ အဖွဲ့အစည်း တခုချင်းစီကိုပါ မှတ်ကျောက် တင် စမ်းသပ်နေတဲ့ တော်လှန်ရေးပါပဲ။ ဒီကာလမှာ သင် ဘာလုပ်နေသလဲ၊ သင့်အဖွဲ့ ဘာလုပ်နေသလဲ ဆိုတာဟာ သင်တို့ရဲ့ သမိုင်းပါပဲ။ အခု သင်ဘာလုပ်နေသလဲ ဆိုတာ ဟာ သင့်သမိုင်းကို သင်ရေးနေတာပဲ ဖြစ်ပါတယ်။

တော်လှန်ရေးဆိုတာ အဖိနှိပ်ခံ လူတန်းစားများရဲ့ ပွဲတော် လို့ လီနင်က တင်စားပြောဆိုခဲ့ပါတယ်။ ။



# လေ့လာရေး ပြဿနာများ

**ဆိုလိုချက်**

ဒီနေရာမှာ လေ့လာရေး ပြဿနာများ ဆိုတာ၊ အရာကိစ္စတွေရဲ့ အတွင်းပိုင်း သဘောသဘာဝ ကို သိအောင် လုပ်ရာမှာ သတိထားသင့်တဲ့ အရာများကို ဆိုလိုပါတယ်။ ဒီလိုသိအောင် လုပ်ပြီး သက်ဆိုင်ရာ အရာကိစ္စဆိုင်ရာ အမြင် အာဘော်တွေ ပြဿနာ ဖြေရှင်းရေး နည်းနာတွေ၊ ဖော်ထုတ်ဖို့ ဖြစ်ပါတယ်။ ကွန်မြူနစ်တွေဟာ အရာကိစ္စများ အခြေအနေများကို ကွန်မြူနစ်ဆန်တဲ့ အမြင်နဲ့သာ တင်ပြဖို့ လီနင်က တောင်းဆိုပါတယ်။ ဒီတောင်းဆိုချက်ဟာ ကျွန်တော့် တင်ပြချက် အတွက် အနှစ်ချုပ်ဖြစ်ပါတယ်။

**စင်ပြိုင် အမြင် နဲ့ စင်ပြိုင် အကျိုးစီးပွား**

မျက်မှောက် လူ့အဖွဲ့အစည်းမှာ အနှစ်သာရ အရ အခြေခံအားဖြင့် စင်ပြိုင်ဖြစ်တဲ့ အမြင်ကြီး နှစ်ရပ်ရှိပါတယ်။ တခုက ကွန်မြူနစ်အမြင် ဖြစ်ပြီး ကျန်တခုက သွေးစုတ်သူ လူတန်းစားများရဲ့ အမြင်ဖြစ်ပါတယ်။ ဒုတိယအမြင်က သမိုင်းတလျှောက် လူ့အဖွဲ့စည်း လူတန်းစားတွေအတွင်း အနှံ့အပြား လွှမ်းမိုး အမြစ်တွယ်နေခဲ့တာဖြစ်လို့၊ ဒီအမြင်ကို (လက်ယာ လက်ဝဲ) အများကြိုက် အမြင်လို့ ယေဘုယျအားဖြင့် ခေါ်ဆိုနိုင်ပါတယ်။ အမြင်နှစ်ရပ်မှာ အခေါ်အဝေါ် တူညီတာ ရှိရင်တောင်မှ အနှစ်သာရ မတူညီဘူး။ စိန့်ဆိုင်မွန်တို့ခေတ်မှာ ခနရှင်အမြင်နဲ့ တင်ပြခဲ့တဲ့ဆိုရှယ်လစ်ဝါဒဟာ စိတ်ကူးယဉ် ဆိုရှယ်လစ်ဝါဒ ဖြစ်ပြီး မာ့က်စ်တို့ ခေတ်မှာ တင်ပြခဲ့တဲ့ ဆိုရှယ်လစ်ဝါကတော့ သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ ဖြစ်ပါတယ်။ အလားတူစွာပဲ အမြင်နှစ်ခုစလုံးမှာ တူညီနေ ဆင်တူနေတဲ့၊ ဒီမိုကရေစီဝါဒ တို့ မျိုးချစ်ပြည်ချစ်ဝါဒတို့ အမျိုးသားရေး လွတ်မြောက်မှုတို့ စတဲ့ အခေါ်အဝေါ်တွေ သို့မဟုတ် ကြွေးကြော်သံတွေဟာလည်း အနှစ်သာရ အရ ဖွင့်ဆိုမှုအရ စင်ပြိုင် ဖြစ်ပါတယ်။

ကွန်မြူနစ်တွေရဲ့ အမြင်က ထက်မြက်မှု အမြော်အမြင်ကြီးမှု လိုမျိုး အရာတွေအပေါ် အခြေခံတည်ဆောက်ထားတာ မဟုတ်ပါ၊ အလုပ်သမားလူတန်စား သို့မဟုတ် (သဘောတရား ပိုင်းဆိုင်ရာမှာ ခေါ်ဝေါ်သုံးနှုန်းလေ့ရှိတဲ့) ပစ္စည်းမဲ့ လူတန်းစား ရဲ့ လူတန်စားအကျိုးစီးပွား အပေါ် အခြေခံထားတာ ဖြစ်ပါတယ်။ လူ့အဖွဲ့အစည်း ပကတိ ဘာဝ လူတန်စားအကျိုးစီးပွား အရ ဆိုရင်လည်း အခြေခံအားဖြင့် စင်ပြိုင်ဖြစ်တဲ့ လူ့ အသိုင်းအဝန်းကြီး နှစ်ခုရှိပါ

**ပစ္စည်းမဲ့ လူတန်းစား ကတော့ မြေယာ၊ တစုံတရာ ထုတ်လုပ်ရေး အရင်းအမြစ် ပစ္စည်း၊ တစုံတရာ ငွေ အရင်းအနှီး ဆိုတဲ့ အရာ သုံးမျိုးစလုံး ကို မပိုင်ဆိုင် ပါဘူး**

တယ်။ တခုက ပစ္စည်းမဲ့ လူတန်းစား လူ့ အသိုင်းအဝန်း ဖြစ်ပြီး ကျန်တခုက သေးစုတ်သူလူတန်းစားများရဲ့ လူ့အသိုင်းအဝန်းဖြစ်ပါတယ်။

သေးစုတ်သူ လူတန်းစားများရဲ့ အသိုင်းအဝန်းမှာက မြေယာ သို့မဟုတ် တစုံတရာ ထုတ်လုပ်ရေး အရင်းအမြစ်ပစ္စည်း သို့မဟုတ် တစုံတရာ လုံလောက်တဲ့ ငွေအရင်းအနှီး အနည်းဆုံး တမျိုးမျိုး ပိုင်ဆိုင်ကြသူများ ပါဝင်ပါတယ်၊ ဒီထဲမှာ ဓနရှင် (ပေါက်စ အလတ် အကြီး လက်ဝါးကြီးအုပ်) အလွှာမျိုးမျိုးနဲ့ မြေရှင် လူတန်းစား ပါဝင်ပါတယ်။ ဒီထဲမှာ ကိုယ်တိုင်ပိုင်ဆိုင်တဲ့ ထုတ်လုပ်ရေး အရင်းအမြစ်အနည်းငယ်ကို အခြေပြုပြီး ကိုယ်တိုင်ပါဝင် လုပ်အားစိုက်ထုတ်လုပ်ကြလို့ အလုပ်လုပ်သူ လူတန်းစားလို့ ယေဘုယျ ရည်ညွှန်းခံရသူများလည်း ပါဝင်ပါတယ်၊ ပစ္စည်းမဲ့လူတန်းစား၊ အလုပ်လုပ်သူ လူတန်းစား မဟုတ်တဲ့ တခြားအဖိနှိပ်ခံ လူတန်းစားများလည်း ပါဝင်ပါတယ်။

ပစ္စည်းမဲ့ လူတန်းစားကတော့ မြေယာ၊ တစုံတရာ ထုတ်လုပ်ရေး အရင်းအမြစ်ပစ္စည်း၊ တစုံတရာ ငွေအရင်းအနှီး ဆိုတဲ့ အရာ သုံးမျိုးစလုံးကို မပိုင်ဆိုင်ပါဘူး။ ဒါကြောင့် (ဓနရှင် လူတန်းစားက ဦးစီး စီမံအုပ်ချုပ်တဲ့ ယခုခေတ် အမျိုးသား နိုင်ငံတော် ဆိုတဲ့ အနှစ်သာ အရ ခေါ်ဝေါ်တဲ့) တိုင်းပြည် ဆိုတဲ့ အရာကိုလည်း မပိုင်ဆိုင်ပါဘူး။ ဘာမှ မပိုင်သူ အတွက် ဆုံးရှုံးစရာ ဘာမှ မရှိပါ။ ဒါ့ကြောင့် တိုင်းပြည်အားလုံးရှိ ပစ္စည်းမဲ့ လူတန်းစားဟာ "အမိတိုင်းပြည်" ဆိုတဲ့ အစွဲကို ဖယ်နိုင်စွမ်း၊ "ဒို့ အားလုံး ဘဝတူ ကံကြမ္မာတူပဲ" ဆိုတဲ့ လူတန်းစား အသိကို ကိုင်စွဲနိုင်စွမ်း ရှိပါတယ်။ တိုင်းပြည်အားလုံးရှိ အလုပ်သမားများ (အဖိနှိပ်ခံ ပြည်သူများ) သွေးစည်းကြ၊ တိုင်းပြည် အသီးသီးရှိ အလုပ်သမားလူတန်းစားက မိမိတိုင်းပြည်ရဲ့ လူတန်းစား တိုက်ပွဲကို ဦးဆောင် ဆင်နွှဲကြစတဲ့ အတွေးအခေါ်တွေကိုလည်း ပြည်ချစ်ဝါဒ ဆိုင်ရာ အမြင်ထဲမှာ ယုတ်လျော့လို့ မရတဲ့ အစိတ်အပိုင်း အဖြစ် ထည့်သွင်းထား သင့်ပါတယ်။

**အလုပ်သမား လူတန်းစား နဲ့ ကျန် အဖိနှိပ်ခံ ပြည်သူများ**

အလုပ်သမားဟာ လုပ်စားစရာ ဘာအရင်းအမြစ်မှ မပိုင်ဆိုင်လို့၊ (သူ့ မိသားစုနဲ့ အတူ အသက်ရှင်ရင်း ထိန်းသိမ်း ပြုစု အရည်အသွေးမြှင့်တင်ထား တဲ့) သူ့ရဲ့ အလုပ်လုပ်နိုင်စွမ်း တည်းဟူသော (ကာယ ဉာဏ ) လုပ်အားကို အရင်းရှင်ထံ ရောင်းချရပါတယ်။ အရင်းရှင်က (အလုပ်သမား အနေနဲ့ သူ့ရဲ့ လုပ်နိုင်စွမ်းကို မိသားစု အသက်ရှင်ရင်း ထိန်းသိမ်း ပြုစု အရည်အသွေးမြှင့်တင်ရာမှာ ကုန်ကျထားတဲ့ စရိတ်စက ဖြစ်တဲ့) အလုပ်သမားရဲ့ (ကာယ ဉာဏ) လုပ်အားခကို ပေးချေပြီး၊ အလုပ်သမားကို အရင်းရှင် ပိုင်ဆိုင်တဲ့ ထုတ်လုပ်ရေး အရင်းအမြစ်တွေနဲ့ ထုတ်လုပ်ရေး အတွင်း အလုပ်လုပ်ခိုင်းပါတယ်။ အလုပ်သမား အလုပ်လုပ်လို့ ထွက်လာတဲ့ တန်ဖိုးက လုပ်အားခ တန်ဖိုးထက် ပိုပါတယ်၊ အဲဒီလို ပိုထွက်လာတဲ့ အပိုင်းကို အစွန်းထွက်တန်ဖိုးလို့ ခေါ်ပါတယ်။ ဒီအစွန်းထွက်တန်ဖိုး ကို အရင်းရှင်က သိမ်းပိုက်ပါတယ်။ ဒါကို အမြတ်ရရှိတယ် လို့ ယေဘုယျ အားဖြင့် ခေါ်ပါတယ်။

စူးစမ်းလေ့လာမှု ဖြစ်စဉ်အတွင်းမှာ၊ ပစ္စည်းထုတ်လုပ်ရေး လုပ်အား၊ ဝန်ဆောင်မှုရလဒ် ထုတ်လုပ်ရေး လုပ်အား စတဲ့ လုပ်အား ကွဲပြားမှုဆိုင်ရာ ရှုပ်ထွေးမှု နဲ့ အရင်းရှင် အမျိုးမျိုး အတွင်း အမြတ်ခွဲဝေမှုဆိုင်ရာ ရှုပ်ထွေးမှုကို ဖယ်ရှားပြီး ရှင်းရှင်းလင်းလင်း မြင်လွယ်စေဖို့ အတွက်၊ လူ့အဖွဲ့အစည်းကို အရင်းရှင်လူတန်းစား နဲ့ ပစ္စည်းမဲ့လူတန်းစား ဆိုပြီး နှစ်ပိုင်းပိုင်းကာ ဆန်းစစ် လေ့လာ လေ့ရှိပါတယ်။ ပစ္စည်းမဲ့လူတန်းစားက ဖန်တီးလိုက် တဲ့ အစွန်းထွက်တန်ဖိုးတွေဟာ အရင်းရှင်လူတန်းစားရဲ့ လက်ထဲမှာ အမြတ်ငွေ အတိုးငွေ စတဲ့ သဏ္ဍာန်တွေအဖြစ်သို့ ပြောင်းသွားတယ်၊ ဒါတွေကို မူလအရင်းမှာထပ်ပေါင်း လုပ်ကိုင်လာခဲ့တာဖြစ်လို့ အစွန်းထွက်တန်ဖိုးတွေဟာ စုစုပေါင်းအရင်းတွေအဖြစ် စုစုပေါင်း ဥစ္စာဓနတွေအဖြစ် အရင်းရှင်စနစ်သမိုင်းတလျှောက် တဖြည်းဖြည်းစုပုံလာခဲ့တယ်။ ဒါကြောင့် ကမ္ဘာ့ ဥစ္စာဓနအားလုံးဟာ မျိုးအဆက်ဆက်မျှသော ပစ္စည်းမဲ့လူတန်းစား က ဖန်တီးလိုက်တဲ့ အစွန်းထွက်တန်ဖိုး စုစုပေါင်း ဖြစ်ပြီး၊ ဒါတွေကို ပစ္စည်းမဲ့လူတန်းစား က လူ့အဖွဲ့အစည်းပိုင် အဖြစ် သိမ်းပိုက်တယ် ဆိုရင် ကိုယ့်ပစ္စည်းကို ကိုယ်ပြန်သိမ်းပိုက်ခြင်း မျှသာ ဖြစ်ပါတယ်။

ဒါကြောင့် အလုပ်သမား လူတန်းစားဟာ လူ့အဖွဲ့အစည်း အတွင်းမှာ (အမျိုးသား ဖိနှိပ်မှု အပါအဝင်) ဖိနှိပ်သွေးစုတ်မှု ဆိုင်ရာ နှောင်ကြိုးအထပ်ထပ်အောက် (တုံးအထပ်ထပ်အောက်) မှာ ရောက်ရှိနေပါတယ်။ ဒီနှောင်ကြိုးအထပ်ထပ်ကို အကုန်အစင် ဖယ်ရှားပစ်ရေး ဟာ အလုပ်သမား လူတန်းစားရဲ့ ပကတိဘာဝ လိုအပ်ချက်ဖြစ်ပြီး၊ အရာရာကို တိုက်ရိုက်ထုတ်လုပ်တဲ့ လူတန်းစားဖြစ်တာကြောင့် ဒီအရေးကိစ္စ ကို အကောင်ထည်ဖော်နိုင်စွမ်းလည်းရှိပါတယ်။

အလုပ်သမားလူတန်းစားဟာနောင်ကြိုးအားလုံးကိုဖယ်ရှား ရေးအတွက်၊ နောင်ကြိုး တခု သို့မဟုတ် တချို့ကို ဖယ်ရှား လိုသော ကျန် အဖိနှိပ်ခံ ပြည်သူအားလုံး ကိုလည်း စည်းရုံး သိမ်းသွင်းဖို့ အလိုလားဆုံး၊ စည်းရုံးသိမ်းသွင်းနိုင်စွမ်း အရှိ ဆုံး လူတန်းစားဖြစ်ပါတယ်။ ပစ္စည်းမဲ့လူတန်းစားရဲ့ ဒီလို လူတန်းစား သဘာဝ ကြောင့် ကို ဒီလူတန်းစား ကိုယ်စား ပြုတဲ့ အတွေးအခေါ် ကိုင်စွဲမှသာ အဖိနှိပ်ခံ ပြည်သူအားလုံး ကို အလုပ်အကျွေးပြုနိုင်တာ ဖြစ်ပါတယ်။ ဒီတော့၊ ဆုံးရှုံး စရာဆိုလို့ နောင်ကြိုးမှ အပ ဘာမှမရှိ ရနိုင်မှာက ကမ္ဘာကြီး ပါ ဆိုတဲ့ တင်စားမှုနဲ့ ထိုက်တန်သူ လူတန်းစားကို တွေ့ရှိ လိုက်ပြီ ထင်ပါတယ်။

### အတွေ့အကြုံများ

တိုက်ရိုက်အတွေ့အကြုံ က မူရင်းအကျဆုံး အတွေ့အကြုံ ဖြစ်ပါတယ်၊ ဒီအထဲမှာက အချက်အလက်တွေ အပြင် စိတ်ခံစားမှုများ လည်း ကြွယ်ဝစွာ ပါဝင်နေတာ ဖြစ် ပြီး၊ အထောက်အထား အဖြစ် အခိုင်မာဆုံး အသုံးပြုနိုင် တာ လည်းဖြစ်တယ်။ (ရုပ်ရှင် ကြည့်၊ ဝတ္ထုစာအုပ်ဖတ်၊ ဟောပြောပွဲ နားထောင် စတဲ့ ဖြစ်စဉ်တွေမှာလည်း တိုက်ရိုက် အတွေ့အကြုံအစိတ်အပိုင်းတွေ မိမိစိတ်ထဲ ခံစားချက်တွေ တွေ့ကြုံ ပါဝင်နေတတ်တာကို ထည့်တွက်ပါ။ ) ဒါပေမဲ့ ကာယကံရှင်ရဲ့ အကန့်အသတ် ကြောင့် သိပ်မကျယ်ပြန့် တာတွေ၊ ထင်ယောင်ထင်မှားဖြစ်တာတွေ၊ မရှိကိုအရှိ ထင် တာတွေ၊ သိပ်မလေးနက် တာတွေ ရှိတတ်ပါတယ်။ ဖတ် ရှု ကြည့်ရှု နားထောင်ရတာ တာတွေက တဆင့် သိရတဲ့ သွယ်ဝိုက် အတွေ့အကြုံတွေကတော့ မူရင်းသိပ်မကျပေ မဲ့ လူအများရဲ့ တိုက်ရိုက် အတွေ့အကြုံတွေကို ပေါင်းခြုံ သုံးသပ်ထားတာ ကြောင့်၊ အများက အားထားရ ကိုးကား ရတဲ့ ကျယ်ပြန့်တဲ့ အတွေ့အကြုံ ဖြစ်တတ်ပါတယ်။

အောင်မြင်ထားသူများရဲ့ ကိုယ်တွေ့ ပွဲတွေ့ နည်းနာများ ဆို တိုင်းလည်း စံထားစရာ ဖြစ်ချင်မှဖြစ်မယ်။ အသက်ရာကျော် နေခဲ့ရသူများ ပြောပြတဲ့ ကိုယ်တွေ့ အသက်ရှည်နည်း တိုင်း ကလည်း စံထား အားထားစရာချည်းပဲ ရယ်လို့ဖြစ်ချင်မှဖြစ် မယ်။ အသက်ရှည်ခြင်း ဆိုင်ရာ သိပ္ပံပညာက အလွန်နုနယ် ပါသေးတယ်၊ ကောက်ချက်ချထားနိုင်တဲ့ တရား နည်းပါးပါ သေးတယ်။ ဆုံးရှုံးထားသူများရဲ့ကိုယ်တွေ့ နည်းနာများ ဆို တိုင်းလည်း အထင်သေးစရာ ဟုတ်ချင်မှ ဟုတ်မယ်။ သူတို့ အတွေ့အကြုံ (ဥပမာ ပဲရစ်ဘုံအဖွဲ့ အတွေ့အကြုံများ) ထဲ

ကနေ ရှောင်ရန် အပြင် ဆောင်ရန်တွေလည်း ထုတ်ယူနိုင် တာမျိုး ရှိတတ်ပါတယ်။

### သဘောတရား နဲ့ လက်တွေ့

လူမှုသိပ္ပံ သဘောတရား ဖြစ်တဲ့ မာ့က်စ်ဝါဒ မှမဟုတ် သဘာဝသိပ္ပံ သဘောတရား နဲ့ ပတ်သက်လို့ ပြောရင်လည်း၊ သဘောတရားကို လက်တွေ့ အတွင်း နဲ့ ပေါင်းစပ်တဲ့ ဖြစ်စဉ် ဟာ ကိုက်ညီမှုရှိမရှိ ချင့်ချိန်တိုင်းဆပြီး အသုံးချတဲ့ ဖြစ်စဉ် လည်း ဖြစ်တယ်၊ တပြိုင်တည်းမှာ သဘောတရား မှန်ကန် မှုရှိမရှိ ပြည့်စုံမှုရှိမရှိကို သက်သေပြတဲ့ ဖြစ်စဉ်လည်း ဖြစ် ပါတယ်။ ဥပမာ နယူတန်ရဲ့ သက်ရောက်မှုအား ဆိုင်ရာ နိယာမ ကို အသုံးပြုရာမှာ မြေပြင် ဝေဟင် မြေအောက် ရေ အောက် အာကာသ စတဲ့ အခြေအနေ အမျိုးမျိုးမှာ ကိုက်ညီ မှုရှိမရှိ ချင့်ချိန်တိုင်းဆပြီးမှ အသုံးပြုတာ ဖြစ်ပါတယ်။ အဲ ဒါဟာ သဘောတရားကို လက်တွေ့နဲ့ ပေါင်းစပ် ကျင့်သုံး တယ် သို့မဟုတ် သဘောတရားကို လက်တွေ့ လမ်းညွှန် အဖြစ် အသုံးချတယ် ဆိုတာ ပါပဲ။

ယေဘုယျ (အနှံ့အပြား) ဆိုင်ရာ သဘောတရား (သဘော သဘာဝတရား) ဆိုတာ တစိတ်တဒေသစီဖြစ်တဲ့ အခိုင်အမာ သဏ္ဍာန်နဲ့ တွေ့ရတဲ့ လက်တွေ့အတွေ့အကြုံ ပေါင်းများစွာ ကို အကြိမ်ပေါင်းများစွာ ခြုံငုံသုံးသပ်ခြင်းအားဖြင့် ဖော်ထုတ် ထားတာ ဖြစ်ပါတယ်။ သဘောတရား တခုခုဟာ အမှန် တရားလည်း ဖြစ်ကြောင်း လက်တွေ့နဲ့ သက်သေပြရပါ တယ်။ ယေဘုယျ အမှန်တရားဟာ ဘယ်နေရာမှာ မဆို အခိုင်အမာ (အထူး) သဏ္ဍာန် အဖြစ်နဲ့ သာ ဖော်ပြပါတယ်။ နောက် သတိထားဖို့က အရည်အသွေး သဏ္ဍာန်အတွက် သာ မှန်တဲ့ အမှန်တရား ဟာ အခဲသဏ္ဍာန်အတွက် မမှန် တော့ ဘူး၊ လူတန်းစားရှိ လူ့အဖွဲ့အစည်း အတွက် ရည်ရွယ် ပြောထားတဲ့ အမှန်တရား ဟာ လူတန်းစားရှိ လူ့အဖွဲ့အစည်း အားလုံးအတွက်တော့ ချွင်းချက်မရှိ မှန်ပေမဲ့၊ လူတန်းစား မဲ့ လူ့အဖွဲ့အစည်း အတွက် မမှန်တော့ဘူး။

အရာကိစ္စတွေရဲ့ နောက်ခံကားက ဘယ်လောက် ကျယ် သလဲ။

ကျွန်တော်တို့အနေနဲ့ ကိုယ့်ဒေသဟာ ကိုယ့်ကမ္ဘာပဲ လို့ ယူဆနေလို့ မဖြစ်ပါဘူး၊ ကိုယ့်တိုင်းပြည်ဟာ ကိုယ့်ကမ္ဘာ ပဲ လို့တောင် ယူဆနေလို့ မဖြစ်ပါဘူး။ အရင်းစစ်လိုက်ရင်

**သဘောတရားကို လက်တွေ့နဲ့ ပေါင်းစပ် ကျင့်သုံးတယ် သို့မဟုတ် သဘောတရားကို လက်တွေ့ လမ်းညွှန် အဖြစ် အသုံးချတယ်**

**အရင်းရှင်စနစ် အကျပ် အတည်း သဲသန် လာတော့ လူ့ အဖွဲ့ အစည်း ကို လစ်ဘရယ်ဝါဒ နဲ့ မ ထိန်းနိုင်တော့ ဘဲ လက်ယာ စွန်း အင်အား တွေ ဖက်ဆစ် အင်အားတွေ တက်လာ**

ခင်ဗျားသောက်နေတဲ့ ကော်ဖီဟာတောင် ကမ္ဘာ့ အရင်းရှင် စနစ်ရဲ့ ကုန်ထုတ်လုပ်ရေး ကွင်းဆက်ကြီးထဲက ပစ္စည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ထိတွေ့နေရတဲ့ မြေဩဇာ၊ ပိုးသတ်ဆေး၊ လစ်ဘရယ် အတွေးအခေါ်၊ ဖက်ဆစ် အတွေးအခေါ်၊ လွတ်လပ်ရေး တန်းတူရေး အပါအဝင် ရုပ်ပိုင်း စိတ်ပိုင်း နိုင်ငံရေးပိုင်း လူမှုရေးပိုင်း ဆိုင်ရာ အရာ တွေဟာ ကမ္ဘာ့ အရင်းရှင်စနစ် အတွင်းမှာ တနည်းနည်းနဲ့ အကြိုးဝင်နေ ပါတယ်။

အနောက်ကမ္ဘာမှာ အရင်းရှင်စနစ် အကျပ်အတည်း သဲသန် လာတော့ လူ့အဖွဲ့ အစည်းကို လစ်ဘရယ်ဝါဒ နဲ့ မထိန်းနိုင် တော့ဘဲ လက်ယာစွန်း အင်အားတွေ ဖက်ဆစ်အင်အား တွေ တက်လာတယ်၊ ဒါရဲ့ ဖော်ပြချက် အဖြစ် ထရမ့် လိုလူ တောင် သမတ ဖြစ်လာတာ၊ နောက်ထပ် သမ္မတသက်တမ်း အတွက် အာဏာသိမ်းဖို့ ကြိုးစားတာ တွေဖြစ်လာတယ်။ ဆင်းရဲနိုင်ငံတွေမှာ မင်းအောင်လှိုင်တို့လို အာဏာရှင် အုပ်စု တွေ အတင့်ရဲလာတယ်၊ "ဘာမဆို လုပ်ရဲ" လာတယ်။ တ ချိန်တည်းမှာ ကမ္ဘာ့ ပြည်သူများရဲ့ ဆင်းရဲကျပ်တည်းမှု ဆန့်ကျင်ရေး၊ ဒီမိုကရေစီရေးနဲ့ နယ်ချဲ့စစ် ဆန့်ကျင်ရေး လူတန်းစားတိုက်ပွဲ ဒီရေဟာလည်း အရှိန်အဟုန်ရလာနေ တယ်၊ ဒီနောက်ခံမှာ စစ်အုပ်စုရဲ့ အာဏာသိမ်းမှု နဲ့ ဒါကို ဆ န့်ကျင်တဲ့ ပြည်သူ့အုံကြွမှု နွေဦးတော်လှန်ရေး ပေါ်ပေါက် လာတာ ဖြစ်ပါတယ်။

### လေ့လာဆဲ

ကမ္ဘာ့ ကွန်မြူနစ် လှုပ်ရှားမှု အပိုင်းမှာတော့ အကြပ်အ တည်းတမျိုး ကြုံနေရတယ်၊ တချို့က ဒီကာလ နိုင်ငံရေး လေထုကို အမျိုးသားရေးဝါဒ ဘက်တိမ်းစောင်းတဲ့ ဒုတိယ ကွန်မြူနစ် အင်တာနေရှင်နယ်ကာလ နိုင်ငံရေး လေထု အဖြစ် မြင်ကြတယ်။ ဒါအတွက် အဓိက နိုင်ငံရေး စီးပွားရေး နောက်ခံက ဒီလို ဖြစ်တယ် ယူဆပါတယ်။ စစ်အေးခေတ် အနှောင်းပိုင်းမှာ သိသိသာသာ ဖြစ်ထွန်းလာ တဲ့ အရင်းအနှီး တကမ္ဘာလုံးကို ဖြန့်ကျက်လာတဲ့ ဂလိုဘယ်လိုက်ဇေးရှင်း ဖြစ်စဉ်မှာ မိမိတိုင်းပြည် "ဖွံ့ဖြိုးရေး" အတွက် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ကို တခါးဖွင့်ပေး မလား ရင်းနှီး မြှုပ်နှံသူများ အလိုကျဖြစ်အောင် အလုပ်သမားဥပဒေ အပါအဝင် စီးပွားရေးလုပ်ငန်း ဥပဒေ ပေါ်လစီများကို ပြုပြင် ပေးမလား စတဲ့ ပြဿနာကို ပေါ်လစီရေးဆွဲ သူများ ကြုံကြ ရတယ်။ သူတို့အထဲမှာ အထူးသဖြင့် ဥပဒေတွင်း လက်ဝဲ ပါတီ အတော်များများ အနေနဲ့၊ မိမိတိုင်းပြည် "ဖွံ့ဖြိုးရေး" အတွက်လည်း အကျိုးရှိအောင်၊ အလုပ်သမားများ နဲ့ ပြည် သူများလည်း မနစ်နာရလေအောင်၊အရင်းအနှီးမြှုပ်နှံသူတွေ ကို "တာဝန်ယူမှု တာဝန်ခံမှု" ရှိအောင် "ထိန်းချုပ်" လက်ခံ ရင် သင့်တော်တယ် ဆိုတဲ့ ရင်ကြားစေ့ ပေါ်လစီတွေ ချမှတ် ကြပါတယ်။ အစိုးရ အာဏာ ပါဝါ အပေါ် လွှမ်းမိုးနိုင်စွမ်း ကြီးမားလှတဲ့ လက်ဝါးကြီးအုပ် ကော်ပိုရေးရှင်းကြီးတွေက ဒီလိုတောင်းဆိုချက်တွေ ကို အပေါ်ယံ သဘောတူကြပြီး တကယ်လက်တွေ့မှာ ချိုးဖောက်ကြတာချည်းပါပဲ၊ ဘယ် ကော်ပိုရေးရှင်းကြီးတွေ မဆို ဒီအတိုင်းပါပဲ။ ဒီအခြေအနေမှာ လက်ဝဲဝါဒ အဖွဲ့အစည်းများ အလုပ်သမားသမဂ္ဂ အတော် များများဟာ သဏ္ဍာန် အရသာ လက်ဝဲဆန်တဲ့ သဘော ဖြစ် သွားကြပါတယ်။ ကျွန်တော်တို့ အနေနဲ့၊ ဒါနဲ့ပတ်သက်လို့ သဘောတရား ပိုင်းဆိုင်ရာမှာ တစုံတရာ ကို အတည်ပြု ဖို့ဖြစ်စေ၊ ငြင်းဆိုဖို့ ဖြစ်စေ မတတ်နိုင်သေးတဲ့အပြင်၊ က မ္ဘာ့ဖြစ်ပေါ်တိုးပွားမှုကလည်း မြန်ဆန်နေတော့ ဒီအပိုင်း နဲ့ ပတ်သက်ရင် လေ့လာဆဲဖြစ်တယ် ဆိုပြီးတော့သာ ရပ် ခံထားသင့်တယ် ထင်ပါတယ်။ ထိတွေ့မိသလောက် ကမ္ ဘာ့ လက်ဝဲဝါဒီ အာဘော်များမှာလည်း ဒီသဘောမျိုး ရပ်ခံ ထားတာ တွေ့ရပါတယ်။

တော်လှန်ရေး အောင်ပြီးရင် ဘယ်ပုံစံသွားမလဲ ဆိုတဲ့ ပြဿနာမှာလည်း အလားတူပါပဲ။ တခြား လူတန်းစားတွေ ကို ကိုယ်စားပြုတဲ့ အဖွဲ့တွေ အနေနဲ့က ရှိပြီးသား နိုင်ငံတော် ယန္တယားကို အလွန်ဆုံးမှ "စစ်တပ်က စစ်တန်းလျား ပြန်" ဆိုတာလောက်ပဲ ပြုပြင်ပြီး ပြန်လည်အသုံးပြုမှာ ဖြစ် တဲ့ အတွက် "နိုင်ငံတော်သစ်ရဲ့ဖွဲ့စည်းအုပ်ချုပ်ပုံ သစ်" ကြိုရေးထားတာမျိုး လုပ်ဖို့ မခက်ခဲလှဘူး ထင်ပါတယ်။ ကွန်မြူနစ်များ အနေနဲ့ကျတော့ ပြည်သူလူထုရဲ့ အာဏာ အစစ်အမှန် ထူထောင် ရေးကို သာ မျှော်မှန်းသင့်တာ ဖြစ်တဲ့ အတွက်၊ ဒီမိုကရေစီလေထု အကျယ်အပြန့်ရှိတဲ့ အခြေအနေကို မရရှိသမျှ၊ အဖိနှိပ်ခံ ပြည်သူလူထုရဲ့ တက ယ့်ဆန္ဒ အစစ်အမှန် ဘယ်လို ရှိမလဲ ဆိုတာကို ဆုံးဖြတ်ဖို့ မဖြစ်နိုင်ပါ။ သဘောတရား အပိုင်းမှာကိုက ပြည်သူလူထု အာဏာ ထူထောင်ရေး ဆိုင်ရာ လူမှုသိပ္ပံက နုနယ်သေးတယ် ထင်ပါတယ်၊ ဒါကြောင့် ပြည်သူ့ဒီမိုကရေစီ ထူထောင်ရေး၊ ပြည်သူရဲ့ ဆန္ဒ အစစ်အမှန်ကို ဖော်ထုတ်နိုင်တဲ့ အခြေအနေ ဖန်တီးရေး ကိုပဲ ပြောနိုင်ပါတယ်။

## သူတို့ အထိုင် နဲ့ ကိုယ်တို့ အထိုင်

နိုင်ငံကြီးများရဲ့ နိုင်ငံခြားရေး ပေါ်လစီနောက် မလိုက်ဖို့၊ စစ်အာဏာရှင်စနစ် တိုက်ဖျက်ရေး လက်နက်ကိုင်လမ်းစဉ်ကို ဆက်လက်စွဲကိုင်ဖို့ ၁၉၇၆–၇၇ ခုနှစ် ကာလမှာ ပါတီက ဆုံးဖြတ်ခဲ့တယ်။ ပထဝီနိုင်ငံရေး ဆိုတာ ကမ္ဘာ့ အစိုးရများရဲ့ ဘောလုံးကွင်း သာ ဖြစ်ပါတယ်။ ကျွန်တော်တို့ လှုပ်ရှားဖို့ အတွက်က နယ်ချဲ့စနစ် နဲ့ နယ်ချဲ့စစ်ကို ဆန့်ကျင်ရေး တည်းဟူသော ကမ္ဘာ့ အဖိနှိပ်ခံ ပြည်သူများရဲ့ ဘောလုံးကွင်းပဲ ဖြစ်ပါတယ်။ ပထဝီနိုင်ငံရေး ပထဝီစီးပွားရေး အားပြိုင်မှုများကို ကမ္ဘာ့ အဖိနှိပ်ခံ ပြည်သူများရဲ့ အကျိုးစီးပွား အထိုင်ကနေ မျက်ခြေမပြတ် သုံးသပ်နေ ဖို့လိုပါတယ်။ ကမ္ဘာ့ အဝန်းအဝိုင်း အတွင်း ဩဇာနယ်ပယ် ပြန်လည်ခွဲဝေရေး အတွက် ဆင်နွှဲတဲ့ စစ်စားရိတ်ဟာ နောက်ဆုံးမှာ ပြည်သူအပေါ်ပုံကျလာမှာ မုချဖြစ်တာကြောင့် နယ်ချဲ့စစ် ပြင်ဆင်မှုတွေကို ဆန့်ကျင်ကြဖို့၊ အရင်းရှင်စနစ် အကြပ်အတည်းမျိုးစုံကို ဖြေရှင်းဖို့ ကြိုးစားရင်း ဒီမိုကရေစီ မျက်နှာဖုံး ကွာကျနေတဲ့ ကမ္ဘာ့ စစ်အင်အားကြီးဝါဒီ အုပ်စိုးသူများ အခက်ပြည်သူ့ အချက် ဆိုတဲ့ ခေတ်ကာလဆိုင်ရာ အခွင့် အလမ်းကို ကိုင်စွဲကြ ဖို့ ဖြစ်ပါတယ်။

## လေ့လာရေး အတွက် ဒီမိုကရေစီဆန်တဲ့ လေထု

အရာကိစ္စများ အကြောင်းကို သိရှိနားလည်အောင် စုပေါင်းဆွေးနွေးရာမှာ ကျွန်တော်တို့ဟာ အချက်အလက်များအပေါ် အခြေခံပြီး ဒီမိုကရေစီ ဆန်တဲ့ လေထု အောက်မှာ စိတ်သက်တောင့်သက်သာ ညှိနှိုင်း ဆွေးနွေးတဲ့ နည်းနာကို ကျင့်သုံးသင့်ပါတယ်။

ကျွန်တော်တို့ဟာ တော်လှန်ရေး လက်တွေ့ ပြဿနာကို ဖြေရှင်းရေး အတွက် ဆွေးနွေးငြင်းခုံ နေကြတာ ဖြစ်တယ် ဆိုတာကို မျက်ခြေမပြတ် ဖို့လိုပါတယ်၊ လက်တွေ့ ပြဿနာတွေထဲမှာ လူ့အဖွဲ့အစည်း သမိုင်းနားလည်မှု ရေချိန် မြှင့်တင်ရေး၊ သဘောတရားရေး နားလည်မှု ရေချိန် မြှင့်တင်ရေး လည်း ပါပါတယ်။

ဆွေးနွေးရာမှာ ဘယ်သူက တင်ပြ ပြောဆိုသလဲ၊ ဘယ်ဟန်ဘယ်လေသံနဲ့ ပြောဆိုသလဲ စတာတွေကို အစွဲမထားဘဲ၊ ဘာအကြောင်းအရာ ဘာအတွင်းသဘောကို တင်ပြ ပြောဆိုသလဲ ဆိုတာကို အဓိက အလေးထားသင့်တယ်၊ တင်ပြ ပြောဆိုတာက ကျိုးကြောင်းဆီလျှော်မှု ရှိမရှိကို အလေးထား ဆန်းစစ်သင့်တယ်။

မေးခွန်းထုတ်တာကို အားပေးသင့်တယ်၊ အမေးနွားကျောင်းသား အဖြေ ဘုရားလောင်း ဆိုသလို ရိုးရိုးသာမန် မေးခွန်းတွေက၊ (ဥပမာ စကြာဝဠာ ထဲရှိ အရာဝတ္ထုတွေဟာ ဘာဖြစ်လို့ တခုနဲ့တခု အပြန်အလှန် ဆွဲနေတာလဲ ဆိုတဲ့ မေးခွန်းမျိုးတွေက) မမျှော်လင့်ဘဲ အဖြေရခက်တာမျိုး ဆက်လက် စူးစမ်းလေ့လာစရာ ခေါင်းစဉ်မျိုး ဖြစ်နေတတ်တယ်။

အဲဒီအချက်များကို သတိထား လုပ်ကိုင်ပါက၊ ဆွေးနွေးကြသူများအတွင်း အထက်အောက် အဆင့်တာဝန် ကွဲပြားမှု၊ ပညာရေချိန် ကွာခြားမှု၊ အတွေ့အကြုံ ကွဲပြားမှု၊ စတဲ့ ပကတိ အခြေအနေများ ရှိနေတဲ့ကြားကပဲ၊ ဒီအခြေအနေတွေက လေ့လာရေးကို အကျိုးရှိစေ နိုင်ပါတယ်။

## ခံစားချက်ကို အသာထား ပကတိဘာဝကို သိအောင် ကြိုးစား

ဘာကိုမုန်းသလဲ ဘာကိုချစ်သလဲ စတာနဲ့ ဆိုင်တဲ့ ကိုယ်ကျင့်တရား ကိစ္စကို လည်း လူတန်းစား လက္ခဏာ တံဆိပ် ခပ်နှိပ်ထားတဲ့ အရာအဖြစ် နားလည်သင့်တယ်၊ တော်လှန်ရေး အတွက် စိတ်ဓာတ်အင်အား စိတ်ဓာတ်တွန်းအား ဖြစ်စေတဲ့၊ တော်လှန်ရေးဆန်တဲ့ ကိုယ်ကျင့်တရားကို ရင်မှာပိုက်ရမှာ ဖြစ်တယ်၊ ဒါပေမဲ့ အရာကိစ္စ တွေ ရဲ့ ပြောင်းလဲမှုကို အဆုံးအဖြတ် ပေးတဲ့အရာက ပကတိဘာဝ အချက်အလက်သာ ဖြစ်ပါတယ်။ ရိုးရိုးဥပမာ အဖြစ်စဉ်းစားကြည့်ပါ၊ ဆန်၊ ရေ၊ လောင်စာ၊ မီး၊ အိုး တခုခု ယုတ်လျော့ရင် ဘယ်လောက် စိတ်အားထက်သန်သည်ဖြစ်ပါစေ ထမင်း မရရှိနိုင်ပါဘူး။ ဒါကြောင့် အရာကိစ္စတွေရဲ့ အတွင်းပိုင်းသဘောသဘာဝကို သိအောင်ကြိုးစားရာမှာ ချစ်ခြင်းမုန်းခြင်း၊ တရားမျှတမှုရှိခြင်း မရှိခြင်း၊ မှန်မြတ်ခြင်း ယုတ်မာခြင်း၊ ဓမ္မဖြစ်ခြင်း အဓမ္မဖြစ်ခြင်း စတဲ့ ကိုယ်ကျင့်တရားဆိုင်ရာ ခံစားမှုများ အမြင်များကို ခဏဘေးဖယ်ထားပြီး ပကတိဘာဝ အခြေအနေ အချက်အလက်များ ဆက်စပ်မှုများကို ရှာဖွေဖော်ထုတ်သင့်တယ်။

ဥပမာ ကျေးကျွန်စနစ်ကို အလွန် စက်ဆုတ်စရာ ကောင်းတဲ့ စနစ်အဖြစ် ကြည့်မြင်နေရင် သမိုင်းမှာ ဒီစနစ်ဖြစ်ပေါ်လာ

**ဆိုရှယ်ဒီမိုကရက် နဲ့ လစ်ဘရယ်တွေ အမျိုးသားရေး ပါတီတွေဟာ ဖက်ဆစ်စနစ်ကို သိမြင်ဖို့ အချိန်အများကြီးယူခဲ့ရတယ်**

**သမိုင်းကို ဓမ္မနဲ့ အဓမ္မ ကြားက ပဋိပက္ခ အဖြစ် ပုံမဖော်သင့်ပါ**

ပုံ၊ ဒီစနစ်မှာ တိုးတက်တဲ့ အခန်းကဏ္ဍလည်း ရှိခဲ့ပုံတွေကို မမြင်နိုင်တော့တာ၊ နားလည်ရခက်တာတွေ ဖြစ်သွားနိုင်ပါတယ်၊ ရှေးခေတ် ဘုံအဖွဲ့စနစ်ဟာ အိန္ဒိယတို့ ရုရှားတို့လို ဒေသတွေမှာ အချိန်အတော်ကြာ ရှိနေခဲ့တာကြောင့် ရှေ့မတိုးတက်ဘဲ ခေတ်နောက်ကျခဲ့ကြောင်း၊ ဒီ ဘုံအဖွဲ့တွေ ပြိုကွဲသွားတဲ့ နေရာတွေမှာသာပဲ၊ လူ့အဖွဲ့အစည်းက ရှေ့သို့ ဆက်လက် တက်လှမ်းခဲ့ကြောင်း မြင်ဖို့ ခဲယဉ်းသွားနိုင်ပါတယ်။ တခြား အခြင်းအရာများ ဥပမာ အရင်းရှင်စနစ် နယ်ချဲ့စနစ် ဆိုရှယ်လစ်စနစ် အကြောင်း၊ သွေးစုတ်ခြင်း ဖိနှိပ်ခြင်း တော်လှန်ခြင်း အကြောင်းတို့ ကို သိရှိနားလည်အောင် လုပ်ရာမှာလည်း အလားတူပါပဲ၊ ဒီအခြင်းအရာများရဲ့ ပကတိ သဘောသဘာဝ ကို ဖော်ထုတ်ဖို့ ကြိုးစားသင့်ပါတယ်။

စစ်အုပ်စုရဲ့ ဖြစ်ပေါ်လာမှု ကြီးထွားလာမှု တည်ရှိနေမှု ဆိုင်ရာ ပကတိဘာဝ အခြေအနေအကြောင်း သိဖို့ဆိုရင် စက်ဆုတ်စရာ မုန်းစရာများ ကောက်ကျစ်မှုများ ဆိုင်ရာ ခံစားမှုများ အမြင်များကို ခဏဘေးဖယ်ထားပြီး သူ့ရဲ့ အတွင်းပိုင်းဆိုင်ရာ ဆက်စပ်မှုများကို သိအောင် လုပ်သင့်တယ်။ ထိပ်ဆုံး စစ်အာဏာရှင် အဖြစ် တွေ့မြင်နေရသူ (ဥပမာ မင်းအောင်လှိုင်) ဟာ သူ့အထက်က ကြိုးကိုင်သူ လူတယောက် သို့မဟုတ် လူတစုရဲ့ စီမံချက်ကို နာခံနေရသူလား၊ သူ့အောက်က တိုင်းမှူးများ အပါအဝင် စစ်အုပ်စု ထိပ်သီးအားလုံး ဥမကွဲသိုက်မပျက်ရှိရေး အတွက် ရုပ်ပြ နတ်နေကိုင်း အာဏာရှင် အဖြစ် သရုပ်ဆောင်နေရသူလား စတာတွေကို သိရှိအောင် လုပ်သင့်တယ်၊ စစ်အုပ်အတွင်း အာဏာခွဲဝေမှု ဥစ္စာခနခွဲဝေမှု နဲ့ ပတ်သက်တဲ့ သဘောသဘာဝ တွေကို သိအောင် လုပ်သင့်တယ်။ ဒါတွေကို ပိုပိုပြီး သိရှိ နားလည်လာတာနဲ့ အမျှ စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေး ဆိုင်ရာ ပြဿနာများကို ဖြေရှင်းနိုင်စွမ်း ပိုပိုပြီး ရှိလာပါလိမ့်မယ်။

အရင်းရှင်ဟာ အရင်းအနှီးကို ကိုယ်စားပြုတယ်၊ အရင်းရှင်ရဲ့ လောဘဟာ အစွန်းထွက်တန်ဖိုး (အမြတ်) ကို ကိုယ်စားပြုတယ်၊ သိမ်းပိုက်ခွင့်ရရှိထားသူက တကယ် လက်လှမ်းမီနိုင်တဲ့ အကျိုးအမြတ်ကို မြင်ရလေ လောဘကြီးလေ ဖြစ်တယ်၊ ကိုယ်ရကိုယ်ယူခွင့် ရှိတဲ့အခြေအနေမှာ၊ တောထဲမှာ မှိုရှာသူဟာ မှိုများများတွေ့ရလေ မှိုရချင်တဲ့ လောဘက ကြီးလေ ဖြစ်တယ်။ ဒီသဘော အရ ဆိုရရင်၊ ချစ်စိတ် မုန်းစိတ် သဒ္ဓါစိတ် လောဘစိတ် စတာတွေဟာ အရာကိစ္စအတွင်း အနှစ်သာရတွေရဲ့ ရောင်ပြန်ဟတ်ချက်များ ဖြစ်ပါတယ်။ သွေးစုတ်မှု စနစ် တခုခုဟာ နောက်ပြန်ဆွဲမှု သဘောဆောင်လာတဲ့ အဆင့်ရောက်မှသာ၊ ဒီစနစ်ကို လူအများက မုန်းစရာ အဖြစ် မြင်လာကြတာ ဖြစ်ပါတယ်။

## သမိုင်းကို ပုံဖော်ရာမှာ သတိထားစရာ

ကျောင်းသားဘဝ ကတည်းက အကျင့်မကောင်းခဲ့တဲ့၊ အာဏာ ရမ္မက် လောဘ ကြီးလှတဲ့၊ ဉာဏ်နီဉာဏ်နက်များလှတဲ့ လူဆိုးကြီး ဗိုလ်နေဝင်းဟာ သူ့အာဏာသိမ်းတာကို ဆန့်ကျင်တဲ့ ကျောင်းသားကောင်းများအား အညိုးအတေးကြီးစွာ အရက်မူးမူးဖြင့် ရက်ရက်စက်စက် အစုလိုက်အပြုံလိုက် သတ်ဖြတ် လိုက်တဲ့အခါ သမိုင်းတွင် ဇူလိုင် ၇ရက် ဟူသော အရေးအခင်းတရပ် ပေါ်ပေါက်လာသတည်း ဆိုပြီး သမိုင်းကို ပုံဖော်လို့ မဖြစ်ပါ။ သမိုင်းကို ဓမ္မ နဲ့ အဓမ္မ ကြားက ပဋိပက္ခ အဖြစ် ပုံမဖော်သင့်ပါ။ လူတန်းစားများ လူတန်းစားပါတီများ အကန့်အသတ်ခံထားရတဲ့ အခြေအနေမှာ ကျောင်းသားတွေရဲ့ ပုခုံးအပေါ် ကျရောက်လာတဲ့၊ (လူ့အဖွဲ့အစည်းပေး) သမိုင်းပေး တာဝန် အရ၊ ကျောင်းသားထုက သမိုင်းပေး အသိ သမိုင်းပေး သတ္တိဖြင့် စစ်အာဏာရှင်စနစ်ကို အံတုခဲ့တဲ့ ဖြစ်ရပ် အဖြစ် ပုံဖော်သင့်တယ် ထင်ပါတယ်။

ဒီနေရာမှာ ဆက်စပ်မိလို့၊ လူ့အဖွဲ့ အစည်းအတွင်း ကျောင်းသားတွေရဲ့ လူ့တန်းစားအသိ (လူ့အလွှာအသိ အသိုက်အဝန်းအသိ) အခြေအနေ အကြောင်း မပြောခင် လူတန်းစားအသိ အကြောင်း ဦးစွာပြောလိုပါတယ်။ လူတယောက်ဟာ လူ့အဖွဲ့ အစည်းအတွင်းဖြတ်သန်းရင်း တချိန်ချိန်မှာ ကိုယ်ဟာ ဘယ်လိုဘဝနဲ့ အရိုးထုတ်သွားရတော့ မှာပါကလားရယ်လို့ အသိဝင်လာပါတယ်။ ဒီလိုနဲ့ ငါဟာ လယ်သမား တယောက် ဖြစ်ပါကလား၊ သို့မဟုတ် အလုပ်သမား တယောက် ဖြစ်ပါကလား စသဖြင့် အသိရရှိလိုက်တာ မျိုးကို လူတန်းစားအသိ လို့ ခေါ်ကြပါတယ်။ ဒီကနေ ကိုယ်လို ဘဝတူ ကံကြမ္မာတူတွေကို လည်း တွေ့မြင်လာ ခင်တွယ်လာပါတယ်။ အလားတူစွာပဲ၊ တော်လှန်ရေးသမား အသိစိတ်ဓာတ်၊ ပါတီအသိစိတ်ဓာတ် စတာတွေဟာလည်း ဘဝတူ ကံကြမ္မာတူ အသိုက်အဝန်း အသိမျိုး ဖြစ်ပါတယ်။ ဂိုဏ်းဂဏ စိတ်မဟုတ်ပါ။

တချို့ကျောင်းသားတွေကတော့ မူလကတည်းက ကျောင်းပြီးရင် စစ်ဗိုလ်လုပ်ဖို့ အရာရှိကြီးလုပ်ဖို့ သတ်မှတ်ထား ပြီး သားဖြစ်ပါတယ်၊ အများစုကတော့ ဉာဏလုပ်သား လုပ်ဖို့

ယေဘုယျမျှ ရည်မှန်းထားကြသူများ၊ အဖြူထည်သဘော ရှိကြသူများ ဖြစ်ပါတယ်။ ဒါကြောင့် လုပ်ဖို့ကြုံလာရင် အဖိနှိပ်ခံ ပြည်သူဖက်က ရပ်တည်လှုပ်ရှား နိုင်ကြပါတယ်။ အတွေးအခေါ်အရကတော့ အလုပ်သမားများသည်ပင်လျှင် လူ့အဖွဲ့အစည်းတခုလုံးအတွင်း ပြန့်နှံ့နေတဲ့ သွေးစုတ်သူ လူတန်းစားအတွေးအခေါ်အောက် ကျရောက် နေတာမျိုးလည်း ရှိပါတယ်။ အများကြိုက် အတွေးအခေါ်မျိုးကို ဆိုလိုတာပါ။ အများစုကြီးက အရင်းရှင် လူ့အဖွဲ့အစည်း ဆိုင်ရာ ထုံးတမ်းစည်းကမ်း ဆန်တဲ့ အမြင်များရဲ့ ချည်နှောင်မှု အောက်မှာရှိနေပါတယ်။ ဥပမာ နိုင်ငံတော်ကို ချစ်မြတ်နိုးရမည်၊ ဘာ နိုင်ငံတော် ဥပဒေကိုမှ မချိုးဖောက်ရ၊ အလုပ်လုပ်မှ ငွေရှိမည်၊ ကိုယ်ရကိုယ်စံ ကိုယ်ဖြစ်ကိုယ်ခံ ဖြစ်သည်၊ ပြိုင်ဆိုင်နေကြသူများ အချင်းချင်း ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ကြရမည်၊ စတဲ့စတဲ့ အတွေးအခေါ်များ အောက်မှာ ရှိနေပါတယ်။

## ကျိုးကြောင်း ဆီလျော်တဲ့ ဆန္ဒမွန်များ

စိတ်ဆန္ဒက ကောင်းမွန်ပေမဲ့ အကျိုးအကြောင်း မဆီလျော်ရင် စိတ်ကူးယဉ်သဘောသာ ဖြစ်နေပါလိမ့်မယ်။ ကျိုးကြောင်းဆီလျော်တဲ့ ဆန္ဒမွန်များ ဖော်ထုတ်ဖို့ ကလည်း မလွယ်ပါဘူး၊ ဘာဘဲဖြစ်ဖြစ် ဆန္ဒမွန် ဆိုတာလည်း ဆန္ဒမျှသာ ဖြစ်ပြီး၊ ပကတိ အကောင်အထည် မပေါ်တာသေးပါဘူး။ ဆန္ဒကို အကောင်အထည် ဖြစ်လာအောင် ကြိုးစားရာမှာ အကောင်အထည်ပေါ်လာဖို့အတွက် ဖြစ်နိုင်ခြေများ ကို တွက်ဆဖို့၊ လူအရင်းအမြစ် အပါအဝင် ရုပ်ဝတ္ထု အရင်းအမြစ်ဆိုင်ရာ အချက်အလက်များ ကို စူးစမ်းလေ့လာ ချင့်ချိန်ဖို့ လိုအပ်ပါတယ်။

ဗမာပြည် လူ့အဖွဲ့အစည်း လှည်းဘီး အပေါ် တပြိုင်တည်း သက်ရောက်နေတဲ့ အင်အားများ အကြောင်း ဥဒဟာရုံ အနေနဲ့ ပြောရရင်၊ စစ်အုပ်စုက သူလိုရာဖက်ဖို့ တစုံတရာ အားနဲ့ ဆွဲနေတယ်၊ သူ့အပေါင်းပါ ပါတီအဖွဲ့အစည်းများကလည်း စစ်အုပ်စု ဆွဲတဲ့ လားရာနဲ့ တထပ်တည်းကျလုနီးပါးဖက်သို့ ဆွဲနေတယ်၊ ပထဝီနိုင်ငံရေး အရ ကမ္ဘာ့ အရှေ့ အနောက် အင်အားစုများကလည်း စစ်အုပ်စုနဲ့ ထပ်တူမကျပေမဲ့ စစ်အုပ်စုဖက် ပင်းတဲ့ လားရာတမျိုးမျိုးနဲ့ အသီးသီး ဆွဲနေကြတယ်၊ အလုပ်သမားလူတန်းစား အပါအဝင် အဖိနှိပ်ခံ လူတန်းစားများကလည်း အချင်းချင်း ထပ်တူမကျပေမဲ့ စစ်အုပ်စုကို ဆန့်ကျင်တဲ့ လားရာ တမျိုးမျိုးဖက်သို့ မ



တူတဲ့ အားပမာဏများနဲ့ အသီးသီး ဆွဲနေကြတယ်၊ အဲဒါ အားလုံးရဲ့ အကျိုးဆက်လားရာ အကျိုးဆက် အင်အား သက်ရောက်မှု အရ လှည်းဘီးက ရွေ့လျားနေပါတယ်။ အဲဒီလို ဖြစ်နေတဲ့ လူတန်းစား အမျိုးမျိုး အကြားရှိ ဆက်စပ်မှု အားပြိုင်မှု အခြေအနေ ကို မျက်ခြေမပြတ် အကဲခတ် တွက်ဆ လေ့လာမှု ဟာ ကျွန်တော်တို့ ရဲ့ လက်တွေ့ လုပ်ငန်းများ အတွက် အရေးကြီးပါတယ်။

## ညီညွတ်ရေး ဆန္ဒမွန်

ဥပမာ လူအများပါဝင်တဲ့ အလုပ်တိုင်းဟာ ညီညွတ်ဖို့ လိုတာချည်းပါပဲ။ စည်းလုံးညီညာ အောင်ကြောင်းဖြာ ဆိုတာကို အထူးတွေ့ရှိလိုက်တဲ့ သဘောတရား တခုအဖြစ် ပြောစရာ မလိုပါ။ ညီညွတ်ရေး ဆိုင်ရာ ပကတိ အချက်အလက်တွေ ဘယ်လို တည်ရှိနေသလဲ ဆိုတာနဲ့ တွဲဖက် စဉ်းစားဖို့ အရေးကြီးပါတယ်၊ဘယ်ပုံစံ ဘယ်အဆင့်နဲ့ ညီညွတ်နိုင်သလဲ ဆိုတာကိုဖော်ထုတ်ဖို့လိုပါတယ်။ ဒီနေရာမှာ သတိထားစရာ အဖြစ် ပြောလိုတာ တခုက၊ ဘုံလုပ်ဆောင်ချက် အစီအစဉ် တခုခု အရ အင်အားစုများ ပူးပေါင်းလုပ်ဆောင်တဲ့ နေရာမှာ (တူတာတွဲလုပ်ရာမှာ)၊ မတူတာခွဲလုပ်ဆိုတဲ့ အပိုင်းအတွင်း၊ အင်အားစု အသီးသီး မတူတာခွဲ ယုံကြည်ကြတဲ့ အချက်ကို လည်း အသိရှိရှိ (သူသိ ကိုယ်သိ) နားလည်မှုရှိရှိ ဆုပ်ကိုင်ဖို့လိုပါတယ်။

## ပါတီတည်ဆောက်ရေး ဆန္ဒမွန်

ပါတီကို ပစ္စည်းမဲ့ လူတန်းစားပါတီ ပီသအောင် တည်ဆောက်ရေး ဆိုတဲ့ ဆန္ဒမွန်ဟာလည်း ပကတိ အခြေအနေ လေ့လာမှုနဲ့ ပေါင်းစပ် မှ အကောင်အထည် ဖြစ်လာနိုင်မှာဖြစ်ပါတယ်။ သမိုင်းအတွင်း ရှိ ဘယ် လူမှု လှုပ်ရှား ပြောင်းလဲမှု မဆို သမိုင်းရဲ့ ဆိုးမွေကောင်းမွေမှန်သမျှ လက်လွှဲဆက်ခံ

ဥပမာ လူအများပါဝင်တဲ့ အလုပ်တိုင်းဟာ ညီညွတ်ဖို့ လိုတာချည်းပါပဲ

**အလုပ်သမား လူတန်းစားနဲ့ ပါတီ အကြား ရုပ်ဘဝ အရ ပါ နီးကပ်မှု ရှိလာအောင် ပြန်လည် ကြိုးစားသင့် တယ်**

ယူပြီး ဆက်လက် လှုပ်ရှားကြတာ ချည်းပါပဲ။ ဒါအပြင် ကိုယ့်ခေတ်မှာလည်း လူ့အဖွဲ့အစည်း အတွင်းရှိ လူတန်းစား ပဋိပက္ခတွေက ကိုယ့် (အဖွဲ့အစည်း) အပေါ် တွန်းတင်တဲ့ ဖက်ကရော ဆွဲချတဲ့ဖက်ကပါ နေ့စဉ်နဲ့ အမျှ ဂယက်ရိုက်နေတာ ဖြစ်ပါတယ်။ အထွေးအခေါ် ဂယက်သာမက ရုပ်ဘဝ ဂယက်ပါရိုက်ပါတယ်။ တောနဲ့မြို့ ကွာခြားမှုအခြေအနေ၊ ပညာရေးချိန် ကွာခြားမှု အခြေအနေ၊ လူထုနဲ့ နီးစပ်မှု ဝေးကွာမှု အခြေအနေ စတာ စတာတွေက ပါတီရဲ့ ရုပ်ဘဝ ကို ဂရိုက်ပါတယ်။ ပါတီတည်ဆောက်ရေးလုပ်ငန်းဟာ အလုပ်သမားလူတန်းစား နဲ့ ပါတီ အကြား၊ တခြားသော အဖိနှိပ်ခံလူတန်းစားများ နဲ့ ပါတီ အကြား နီးကပ်စွာ ရှိမှု အပေါ် အခြေခံရမှာ ဖြစ်ပါတယ်။ ဒီလိုမှမဟုတ်ရင် လေထဲတိုက်အိမ် ဆောက်သလို ဖြစ်နေပါလိမ့်မယ်။

လက်တွေ့ နဲ့ ယှဉ်ပြီး တွက်ဆ ချင့်ချိန်ဖို့က ပါတီဟာ အလုပ်သမား လူတန်းစားနဲ့ ဘယ်လောက် နီးကပ်မှုရှိသလဲ။ အလုပ်သမားတွေက ပါတီကို ဘယ်လို သဘောထားသလဲ စတဲ့ အခြေအနေဖြစ်ပါတယ်။ ကျွန်တော်တို့ အသေအချာ ပြောနိုင်တာကတော့ ပါတီဟာ ဘာပဲ လုပ်လုပ် ဘာပဲ ပြောပြော၊ ဒီအလုပ် ဒီအပြောတွေကို လူတန်းစား အသိရှိတဲ့ အလုပ်သမားတွေက ဘယ်လို သဘောထားနိုင်သလဲ ထောက်ခံနိုင်သလား ဆိုတာ ချိန်ထိုးကြည့်ဖို့ လိုပါတယ်။ ဒါကြောင့် အလုပ်သမား လူတန်းစားနဲ့ ပါတီ အကြား ရုပ်ဘဝ အရပါ နီးကပ်မှု ရှိလာအောင် ပြန်လည်ကြိုးစားသင့်တယ်၊ အရေအတွက် အရ ကြီးထွားလာရုံမက နိုင်ငံတကာ အတွေ့အကြုံများပြားလာတဲ့ အလုပ်သမား လူတန်းစားရဲ့ စွမ်းအားကို ဖော်ထုတ်ဖို့ ကြိုးစားသင့်တယ်၊ တစိတ်တဒေသ ဥပမာအဖြစ် ပြောရရင် လေယဉ်ကွင်း လေယဉ်ပြင် အလုပ်သမားများ၊ ကုန်တင်ကုန်ချ၊ လမ်းဖောက် လမ်းပြင်၊ သယ်ပို့အလုပ်သမားများ ရဲ့ အစိုးရ စစ်တပ် အပေါ် လည်မျိုညှစ်နိုင်တဲ့ အခန်းကဏ္ဍကို ဖော်ထုတ်ဖို့ ကြိုးစားသင့်တယ်။

## တပ်တည်ဆောက်ရေး ဆန္ဒမွန်

တပ်တည်ဆောက်ရေး ဆိုင်ရာ ဆန္ဒမွန်ဟာလည်း ပကတိ အခြေအနေ လေ့လာမှုနဲ့ ပေါင်းစပ်မှ အကောင်အထည် ဖြစ်လာနိုင်မှာဖြစ်ပါတယ်။ တပ်တည်ဆောက်ရေးလုပ်ငန်းဟာ သက်ဆိုင်ရာ ရုပ်ဝတ္ထု အချက်အလက်များ၊ လူ (တပ်မှူးတပ်သား အရည်အတွက် အရည်အသွေး) အရင်းအမြစ် ဆိုင်ရာ အချက်အလက်များ၊ ပြည်သူလူထုနဲ့ နီးကပ်မှု တသားတည်းရှိမှု ဆိုင်ရာ အခြေခံ အချက်အလက်များ အပေါ် မူတည် နေပါတယ်။

အောက်ခြေတပ်သားများ ကို ဂရုစိုက် “ဦးစားပေး” တယ်ဆိုရာမှာ အားနွဲ့သူ အားနည်းသူ ဒုက္ခိတ ကို “ဦးစားပေး” သလို မဖြစ်ဖို့ သတိထားသင့်တယ်။ အောက်ခြေထု ဆိုတဲ့ စစ်ရေးဆိုင်ရာ အဖွဲ့အစည်း အတွင်းရှိ လူထု (စစ်သားထု) ရဲ့ အခြေခံကျတဲ့ အခန်းကဏ္ဍ၊ အမှုကိစ္စ အဝဝကို တိုက်ရိုက် ဆောင်ရွက်သူများ ဖြစ်ခြင်း ဆိုတဲ့ အခန်းကဏ္ဍကို အလေးထား ဖော်ထုတ်တာမျိုး ဖြစ်သင့်တယ်။ သတိပြုရန် အချက်များ နဲ့ ပတ်သက်တဲ့ ဖြေရှင်းမှု ပညာပေးမှု အရေးယူမှု တွေမှာလည်း ဘယ်လို/ဘယ်လောက် ထိခိုက်နစ်နာ စေသလဲ ဆိုတာကို ထည့်သွင်းစဉ်းစား သင့်တယ်။

## အရာရာ အတွက် အခြေခံ

ပါတီနဲ့ပြည်သူ အကြား၊ တပ်နဲ့ပြည်သူအကြား အပြန်အလှန် နီးကပ်စွာ ဆက်ဆံရေး အတွက် ပြည်သူလူထု အခြေအနေကို သိရှိအောင် လုပ်ရာမှာ နိုင်ငံရေး နိုးကြားမှု စိတ်ဓာတ် အခြေအနေသာမက လူမှုရေး စီးပွားရေး နေထိုင်ရေး ဆိုင်ရာ ဘဝ အခြေအနေများ ကိုလည်း စူးစမ်းသင့်တယ်။ ပြည်သူလူထုအနေနဲ့ သမိုင်းတလျှောက် ဒီမိုကရေစီ ဆိတ်သုဉ်းတဲ့ ဘဝကို ဖြတ်သန်းလာခဲ့ ရတာကြောင့် မပြောရဲမဆိုရဲ မယုံရဲ ဖြစ်တာ ရှိနိုင်ပေမဲ့၊ ပြည်သူ့အုံကြွမှု တော်လှန်ရေး လေထု အတွင်းမှာ နဂိုကထက် ရဲရဲတင်းတင်း ပြောဆိုလာတာ လည်းရှိပါတယ်၊ အပြန်အလှန် ရင်းနှီးမှုနဲ့ ယုံကြည်မှု တည်ဆောက်နိုင်လေ ဆန္ဒအစစ်အမှန် ကို ဖော်ပြလေ ဖြစ်လာပါလိမ့်မယ်။ ကျွန်တော်တို့နဲ့ အဖိနှိပ်ခံ ပြည်သူအကြား ဆက်ဆံရေးရဲ့ လက္ခဏာ အဖြစ် ပြောဆိုတဲ့ “ နီးကပ်စွာ”၊ “တသားတည်း ဖြစ်စွာ”၊ “နက်ရှိုင်းစွာ” စတဲ့ စကားများ နဲ့ ပတ်သက်လို့ အနက်ဖွင့်ဆိုမှုကို ဒီနေရာမှာ ပြုလုပ်မဲ့ အစား လက်တွေ့အတွင်းမှာ ပြုလုပ်သွားကြဖို့ ဖြစ်ပါတယ်။

အရာကိစ္စတွေရဲ့ အတွင်းပိုင်း သဘောသဘာဝ ကို သိအောင် လုပ်ရာမှာ သတိထား သင့်တဲ့ အရာများကို အခုလို တင်ပြတာ ကိုယ်တိုင်က ကျိုးကြောင်းဆီလျော် တဲ့ ဆန္ဒမွန်များ ကို တင်ပြတဲ့ သဘောဖြစ်ပါတယ်။ လက်တွေ့လုပ်ကိုင်တဲ့ နေရာမှာ ဒါတွေက အထောက်အကူ ပြုနိုင်လိမ့်မယ် လို့ ကျွန်တော် ယူဆပါတယ်။ ။



# ရဲဘော်သုံးကျိပ်ကပေးတဲ့ **သမိုင်းသင်ခန်းစာ**

### အပိုင်း (၁)

### ၁။ သမိုင်းနောက်ခံ။

မြန်မာနိုင်ငံရဲ့အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုဟာ ၁၈၈၅ ခုနှစ် မြန်မာနိုင်ငံတနိုင်ငံလုံး အင်္ဂလိပ်နယ်ချဲ့ လက်အောက်ရောက်သွားချိန်မှစလို့ အနယ်နယ်အရပ်ရပ်မှာ တိုင်းရင်းသားများအပါ သဏ္ဍာန်မျိုးစုံနဲ့ တကွဲတပြားလှုပ်ရှားခဲ့ကြပါတယ်။ ဒါတွေအားလုံးကို နယ်ချဲ့သမားများက နှိမ်နင်းနိုင်ခဲ့ပြီး မြန်မာနိုင်ငံတနိုင်ငံလုံးကို ကိုလိုနီစီးပွားရေးစနစ်နဲ့ရက်ရက်စက်စက်သွေးစုပ်ဖိနှိပ်အုပ်ချုပ်ခဲ့ပါတယ်။ ၁၉၀၀ ခုနှစ်များမှာတော့ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုတွေ စတင်ပေါ်ပေါက်လာပါတယ်။ ၁၉၀၅ ခုနှစ်မှာ မြန်မာပညာတတ်တွေဦးစီးပြီး ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA) ကိုတည်ထောင်လိုက်ပြီး၊ အမျိုးသားစိတ်ဓာတ် (အမျိုး၊ ဘာသာ၊ သာသနာ) ပေါ်ပေါက်လာရေးအတွက် လှုပ်ရှားလာကြတယ်။

၁၉၂၀ မှာတော့ နိုင်ငံရေးစိတ်ဓာတ်ပိုမိုတက်ကြွတဲ့ ခေါင်းဆောင်အချို့ပေါ်လာပြီး အဲဒီအသင်းကြီးကို ဂျီစီဘီအေ-လို့ အမည်ပြောင်းလိုက်ပါတယ်။ ၁၉၃၀ ခုနှစ်များမှာတော့ ဗမာ့လွတ်လပ်ရေးရဲ့ အခြေခံအုတ်မြစ်ဖြစ်တဲ့ --တို့ဗမာ အစည်းအရုံးကြီး--ပေါ်ထွက်လာပြီး နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုကြီးဟာ အရှိန်တဖြည်းဖြည်းရလာပြီး နယ်ပယ်စုံကနေ စုစည်းမိလာပါတယ်။

**ဒီလူငယ်တွေဟာ ကမ္ဘာကိုပါ လှမ်းကြည့်လာပြီး ကမ္ဘာတော်လှန်ရေး လှုပ်ရှားမှုတွေ လေ့လာပြီး နောက်ဆုံး ပေါ်ပေါက်လာတဲ့ တိုးတက်တဲ့လက်ဝဲ အယူအဆတွေကို သတိပြုမိလာ**

၁၉၂၀ – ရန်ကုန်တက္ကသိုလ် ကျောင်းသားများရဲ့ပထမ သပိတ်။ ဆရာတော် ဦးဥတ္တမ၊ ဆရာတော်ဦးဝိစာရတို့ရဲ့ နယ်ချဲ့ ဆန့်ကျင်ရေး လှုပ်ရှားမှုများ၊ ၁၉၃၀–ဆရာစံခေါင်းဆောင်တဲ့ လယ်သမားများရဲ့ လက်နက်ကိုင်တော်လှန်ရေး စတဲ့ လှုပ်ရှားမှုတွေ ဆက်တိုက် ပေါ်ပေါက်လာပါတယ်။ တို့ဗမာ အစည်းအရုံးဝင် လူငယ်များဟာ တနိုင်ငံလုံး လှည့်ပြီး အင်္ဂလိပ် နယ်ချဲ့ဆီက မြန်မာ့လွတ်လပ်ရေး ပြန်လည်ရယူဖို့ နည်းအမျိုးမျိုးနဲ့ကြိုးစားကြဖို့ ဟောပြောကြပါတယ်။ ဒါ့အပြင် ဒီလူငယ်တွေဟာ ကမ္ဘာကိုပါ လှမ်းကြည့်လာပြီး ကမ္ဘာတော်လှန်ရေး လှုပ်ရှားမှုတွေ လေ့လာပြီး နောက်ဆုံး ပေါ်ပေါက်လာတဲ့ တိုးတက်တဲ့လက်ဝဲအယူအဆတွေကို သတိပြုမိလာပါတယ်။ အထူးသဖြင့် နဂါးနီစာအုပ်တိုက်ပေါ်လာပြီး အဲဒီကထုတ်တဲ့လက်ဝဲစာပေများကိုလေ့လာပြီးနယ်ချဲ့အစိုးရ အရင်းရှင်စနစ်ရဲ့ဆိုးရွားလှတဲ့ သွေးစုပ်မှုများကိုလည်း သိမြင်လာကြတယ်။

အဲဒီက လွတ်မြောက်ရာလမ်းရှာရေးကိုလဲ မြင်တွေ့စိတ်ကူးလာကြတယ်။ ဒီမှာတင်လူငယ်သခင်များက နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေးအတွက် ရဲရဲတောက် ဟောပြောလာကြတာတွေကို လူထုကြီးက သဘောကျလာကြပြီး မြန်မာတနိုင်ငံလုံးအမျိုးသားရေးစိတ်ဓာတ်တွေလည်း နိုးကြားတက်ကြွလာပါတယ်။

ဒါတွေကတော့ မြန်မာနိုင်ငံလွတ်လပ်ရေးအောင်ပွဲရဲ့ ခြေဆင်းလှုပ်ရှားမှုကြီးဖြစ်တဲ့---၁၃၀၀ပြည့် အရေးတော်ပုံကြီး---ပေါ်ပေါက်လာရတဲ့ ရေခံမြေခံအခြေအနေတွေပါ။

### ၂။ ၁၃၀၀ပြည့်အရေးတော်ပုံကြီး။

၁၉၃၆ ခုနှစ် ရန်ကုန်တက္ကသိုလ်က–တကသ ခေါင်းဆောင်များ ကျောင်းထုတ်ခံရမှုကို အကြောင်းပြုပြီး ဒုတိယ ကျောင်းသား သပိတ် ပေါ်ပေါက်ခဲ့ပေမယ့် အင်္ဂလိပ်အစိုးရက တစုံတရာ အလျှော့ပေး စေ့စပ်လိုက်လို့ အချိန်သိပ်မကြာလိုက်ပါဘူး။ ဒါပေမဲ့ဒီသပိတ်ကို တပြည်လုံးက ပြည်သူလူထုတွေက ထောက်ခံခဲ့ပြီး ဒီကာလအတွင်း ကျောင်းသားများရဲ့ရေးသားမှု၊ ဟောပြောမှုများက ပြည်သူများရဲ့ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ အမျိုးသားရေး စိတ်ဓာတ်များကို အနှံ့အပြား တိုးတက်ဖြစ်ပေါ်စေခဲ့ ပါတယ်။

ဒီအချိန်မှာပဲ (၁၉၃၈) ချောက်မြို့ ဘီ–အို–စီ ရေနံမြေက အလုပ်သမားများရဲ့ သပိတ်ကြီး စတင် ပေါ်ပေါက်လာပါတယ်။ အင်္ဂလိပ်အရင်းရှင်ပိုင်ရှင်ကြီးများရဲ့ အနှစ်နှစ်အလလ ဖိနှိပ်ချုပ်ချယ် သွေးစုပ်မှုများကို တော်လှန်ရန် ပေါ်လာတဲ့ အလုပ်သမားထုကြီးရဲ့ သပိတ်ကြီးကို ရန်ကုန်မြို့မှာ ရှိတဲ့ –တို့ဗမာ အစည်းအရုံးက ထောက်ခံအားပေး ခဲ့ပါတယ်။ ပုလိပ်များရဲ့ ရိုက်နှက် ဖမ်းဆီးမှုများကြားကပဲ အလုပ်သမား သပိတ်တပ်ကြီးဟာ ရန်ကုန်မြို့ကို ချီတက်လာတော့ လမ်းခရီးတလျှောက် ပြည်သူများရဲ့ ကြိုဆိုအားပေးတာ၊ ပါဝင်ချီတက်လာ တာတွေဖြစ်လာပြီး သပိတ်အင်အားဟာ နှစ်ထောင်ကျော်ဖြစ်လာပါတယ်။ ဒါ့အပြင် ရန်ကုန်တက္ကသိုလ်က–တကသခေါင်းဆောင်များ (ကိုဗဟိန်း–ကိုဗဆွေ) က မကွေးမြို့မှာ လာကြိုဆိုပြီး တရားပွဲတွေ ကျင်းပပြီး နယ်ချဲ့စနစ်ရဲ့ ဆိုးဝါးလှတဲ့ သွေးစုပ်မှုတွေ အကြောင်း ဟောပြောပြီး ဒီလိုမျိုးဘဝက လွတ်မြောက်ရာလမ်းများကိုလည်း ဟောပြောကြပါတယ်။ တခြား မြို့ရွာများက (ဝေါ၊ ပဲခူး) လယ်သမားများ (နှစ်သောင်းခန့်) ကလည်း ရန်ကုန်ကို ချီတက်လာပြီး ရေနံမြေ သပိတ်ကြီးကို ပူးပေါင်း အားဖြည့်ပေးခဲ့ပါတယ်။

အဲသလို (ဗြိတိသျှကိုလိုနီ) နယ်ချဲ့ဆန့်ကျင်ရေးသပိတ်တိုက်ပွဲကြီးကို အလုပ်သမားလယ်သမားများသာမက (ကျောင်းသားခေါင်းဆောင်တွေပါအဖမ်းခံလိုက်ရတဲ့အတွက်) ကျောင်းသားတွေပါပါဝင်လာခဲ့ကြပါတယ်။ ၁၉၃၈–၃၉ခုနှစ်အတွင်းဖြစ်ပျက်နေတာဖြစ်လေတော့ မြန်မာ သက္ကရာဇ်အရ (၁၃၀၀) ပြည့်အရေးတော်ပုံရယ်လို့ခေါ်ဝေါ်သုံးစွဲခဲ့ကြပါတယ်။



၁၉၃၈ ဒီဇင်ဘာ (၂၀) ရက်နေ့ ကျောင်းသားများရဲ့ အတွင်းဝန်များရုံး ဝိုင်းဝန်းဆန္ဒပြပွဲမှာအင်္ဂလိပ်ဂေါ်ရာပုလိပ်မြင်းတပ်နဲ့ရိုက်နှက်နှိမ်နင်းရာမှာ ကိုအောင်ကျော်ကျဆုံးခဲ့ရတယ်။

၁၉၃၉ ဖေဖော်ဝါရီ (၁၈) -မန္တလေး လူထုဆန္ဒပြပွဲကြီးကို အင်္ဂလိပ် အစိုးရက သေနတ်ပစ်နှိမ်နင်းလို့ ရဟန်းရှင်လူ (၁၇) ဦး ကျဆုံးရပြန်တယ်။

ဒီမှာတင် မြန်မာလူထုကြီးဟာ ဖိနှိပ်လေလေ တက်ကြွလေလေဖြစ်ကာ မိမိတို့ရဲ့ ဒုက္ခဆင်းရဲမှု အားလုံးရဲ့ တရားခံဖြစ်တဲ့ ကိုလိုနီ နယ်ချဲ့အင်္ဂလိပ် အစိုးရကို ဘယ်လိုတော်လှန်ပြီးမိမိတို့ဘဝရဲ့ လွတ်မြောက်ရာ လွတ်လပ်ကြောင်း (မြန်မာ့ လွတ်လပ်ရေး) ကိုဘယ်လိုရအောင် လုပ်ဆောင်ကြရမလဲ--ဆိုတာတွေကို တွေးတောကြံဆ လာကြပါတယ်။ အနယ်နယ် အရပ်ရပ်မှာလည်း ကျောင်းသား အဖွဲ့အစည်းတွေ ပေါ်ပေါက်လာပါတယ်။

မြန်မာပြည်သူတွေရဲ့ရန်သူတော်ကြီးဖြစ်တဲ့ ဖိနှိပ်အုပ်ချုပ်မင်းလုပ်နေတဲ့ အင်္ဂလိပ် နယ်ချဲ့အစိုးရ (လူတန်းစားရန်သူ) ကလည်း နည်းမျိုးစုံသုံးပြီး ဒီမြန်မာပြည်သူတွေရဲ့တိုးတက်လာနေတဲ့ တော်လှန်ရေး စိတ်ဓာတ်ကို နည်းမျိုးစုံသုံး လမ်းလွဲအောင် လုပ်ဆောင်နေတာပါ။

၁၉၃၇-၃၈ အတွင်း ကုလား-ဗမာ အဓိကရုဏ်းတွေ ပေါ်ပေါက်လာတာ၊ တို့ဗမာ အစည်းအရုံးကြီးအတွင်း အကွဲအပြဲတွေ ဖြစ်လာတာ--စတာတွေဟာ လူထုကြီးရဲ့ နယ်ချဲ့ဆန့်ကျင်ရေး အရှိန်အဟုန်ကို အတော်တန့်သွားစေခဲ့ပါတယ်။

ဒီလိုနဲ့ မြန်မာ့လွတ်လပ်ရေးအတွက် ရှေ့ဆက်လုပ်ကြမယ့် ခေါင်းဆောင်တွေက (၁၃၀၀) ပြည့် အရေးတော်ပုံကြီး ရှုံးနိမ့်သွားမှုအပေါ် ဒီလိုသင်ခန်းစာထုတ်ယူခဲ့ကြပါတယ်။

**(က)၊ ပထမသင်ခန်းစာ။**

ဒီလွတ်လပ်ရေး တိုက်ပွဲအတွက် ရေရှည်စုပေါင်းခေါင်းဆောင် သွားမယ့် ပစ္စည်းမဲ့ လူတန်းစားရဲ့ တိုက်ပွဲဝင် ရှေ့ဆောင် တပ်ဦးပါတီ၊ သိပ္ပံနည်းကျ မာ့က်စ် လီနင်ဝါဒ သဘောတရားကို လက်နက်အဖြစ် တပ်ဆင်ထားတဲ့ ပါတီ၊ မှန်ကန်တဲ့လမ်းစဉ် ပေါ်လစီနဲ့ မူဝါဒများကိုင်စွဲပြီး



အဖိနှိပ်ခံ ပြည်သူများကို စည်းရုံးနိုင်စွမ်းရှိတဲ့ ပါတီအဖွဲ့အစည်းတရပ် လိုအပ်ကြောင်း သဘောပေါက်လာကြပါတယ်။ ဒါကို ၁၉၁၇- အောက်တိုဘာ တော်လှန်ရေးအပြီး ပေါ်ပေါက်လာနေတဲ့ ဆိုဗီယက်ယူနီယံရဲ့ အောင်မြင်မှုတွေရဲ့ ဂယက်ရိုက်ခတ်မှုနဲ့ နေရာအတော်များများမှာ ပေါ်ပေါက်လာနေတဲ့ မာ့က်စ်ဝါဒ လေ့လာရေး အဖွဲ့လေးများက လူငယ်ပညာတတ်ရဲဘော်များနဲ့ အိန္ဒိယကွန်မြူနစ်ပါတီက ရဲဘော်တချို့ စုပေါင်းပြီး ၁၉၃၉-ဩဂုတ်လ (၁၅) ရက်နေ့မှာ --ဗမာပြည်ကွန်မြူနစ်ပါတီကို ဖွဲ့စည်း လိုက်ပါတယ်။ ပထမဆုံးသော အထွေထွေအတွင်းရေးမှူးဟာ သခင်အောင်ဆန်းပါ။

**(ခ)၊ ဒုတိယသင်ခန်းစာ။**

အင်္ဂလိပ် နယ်ချဲ့အစိုးရက ၁၃၀၀ ပြည့် အရေးတော်ပုံကို အကြမ်းဖက် ရိုက်နှက်ပစ်ခတ်သတ်ဖြတ် နှိမ်နင်းလိုက်တာကြောင့် ဒီအစိုးရကို လက်နက်ကိုင်တိုက်မှ ဖြစ်မယ် ဆိုတာ မြန်မာပြည်သူ အတော်များများ သဘောပေါက်သွားကြပါတယ်။ လူငယ်လူရွယ်တွေ စစ်သင်တန်းတွေ (လက်ရုံးတပ်၊ ရဲတပ်တို့ဖွဲ့ပြီး) တက်ကြပါတယ်။ နိုင်ငံရပ်ခြားက စစ်ပညာသင်ပေးရေး၊ စစ်လက်နက်များ ရရှိဖို့ အကူအညီရှာဖို့ စဉ်းစားကြပြီးအဲဒီတုန်းက အင်္ဂလိပ်က ဖမ်းဝရမ်း ထုတ်ထားလို့ ပုန်းနေရတဲ့) သခင်အောင်ဆန်းကို တာဝန်ပေးလိုက်ပါတယ်။

အဲဒီသင်ခန်းစာ နှစ်ရပ်လုံးကို အခိုင်အမာအကောင်အထည်ဖော်လိုက်သူကတော့ တို့ဗမာအစည်းအရုံး ခေါင်းဆောင် တဦးဖြစ်တဲ့ သခင်အောင်ဆန်း ဖြစ်နေပါတော့တယ်။

အဲဒီကာလတွေ အတွင်းမှာပဲ (၁၉၃၉) သခင်အောင်ဆန်းဟာ သူတို့ ကျောင်းသား သမဂ္ဂတွေက ရန်သူတော်ကြီးလို့

**နိုင်ငံရပ်ခြားက စစ်ပညာသင်ပေးရေး၊ စစ်လက်နက်များ ရရှိဖို့ အကူအညီရှာဖို့ စဉ်းစားကြ**

ဂျပန်တွေက တရုတ်တွေနဲ့ တိုက်နေရာမှာ မဟာမိတ်တပ်ဖွဲ့များ ဖြစ်တဲ့ အမေရိကန်နဲ့ အင်္ဂလိပ်တပ်များက လီဒို လမ်းမကြီးက တဆင့် စစ်လက်နက်များ ထောက်ပံ့နေလို့ အဲဒီလမ်းကို ဖြတ်တောက်ဖို့ ဗမာပြည်ကို စိတ်ဝင်စား

သတ်မှတ်ခဲ့တဲ့ ဒေါက်တာ ဘမော်တို့ ဝံသာနုအဖွဲ့ ရော၊ နိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပန်းနေကြတဲ့ နိုင်ငံရေးသမားတွေ၊ အဖွဲ့အစည်းတွေကို စုစည်းပြီး (ဗမာ့ခေတ်သစ်နိုင်ငံရေး သမိုင်းမှာ ပထမဆုံးသော တပ်ပေါင်းစုပုံစံ) --ဗမာ့ ထွက်ရပ်ဂိုဏ်းကြီးကို ဖွဲ့စည်းခဲ့ပါသေးတယ်။

## ၃။ ရဲဘော်သုံးကျိပ်ဇာတ်လမ်းအစ။

နိုင်ငံခြားက အကူအညီရဖို့ စဉ်းစားကြရာမှာ တို့ဗမာအစည်းအရုံး ခေါင်းဆောင်တွေဟာ အဲဒီအချိန်က တရုတ်ပြည်ရဲ့ အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုတွေကို ဦးစီးလုပ်ဆောင်နေတဲ့ တရုတ် ကွန်မြူနစ်ပါတီရှိရာကို သွားဖို့ပါ။ အဲဒီ ကာလက တရုတ်ကွန်မြူနစ် မြေအောက်အဖွဲ့ ရှံဟဲမှာရှိလို့ အဲဒီသွားဖို့ စီစဉ်ထားပေမယ့်၊ ရရာ သင်္ဘောတက်လိုက်ရတော့ သင်္ဘောက တရုပ်ပြည်အမွိုင်ကိုပဲ ရောက်ပါတော့တယ်။ အဲဒီမှာအဆက်အသွယ်ရှာရင်း ငွေပြတ်လို့ ဗမာပြည် ပြန်မှာရာမှာ ဂျပန်တွေ သတင်းအစအန ရသွားပါတော့တယ်။

ဂျပန်တွေဟာ အစောကတည်းက ဗမာပြည်မှာ အခြေချစနည်းနာနေသူတွေ ရှိပါတယ်။

(ဂျပန်တွေက တရုတ်တွေနဲ့ တိုက်နေရာမှာ မဟာမိတ်တပ်ဖွဲ့များဖြစ်တဲ့ အမေရိကန်နဲ့ အင်္ဂလိပ်တပ်များက လီဒို လမ်းမကြီးက တဆင့် စစ်လက်နက်များ ထောက်ပံ့နေလို့ အဲဒီလမ်းကို ဖြတ်တောက်ဖို့ ဗမာပြည်ကို စိတ်ဝင်စား



နေကြတာပါ) ဒီအခွင့်ကောင်းကို အသုံးချဖို့ သခင်အောင်ဆန်းနဲ့ သခင်လှမြိုင် (နောင်-ဗိုလ်ရန်အောင်) တို့ကိုဂျပန်များက ရှာဖွေပြီး တိုကျိုကို ခေါ်သွားပါတော့တယ်။ (၁၉၄၀ ခုနှစ် နိုဝင်ဘာမှာ) ၁၉၄၁ ခုနှစ် ဆန်းပိုင်းကစလို့ ဂျပန်မှာ စစ်ပညာသင်ဖို့ မြန်မာလူငယ်များ တသုတ်ပြီး တသုတ်ရောက်ရှိ လာပါတော့တယ်။

## ၄။ ရဲဘော်သုံးကျိပ် အဖွဲ့များ။

သခင်အောင်ဆန်းကို ဂျပန်ကိုခေါ်သွားပြီးနောက်ဂျပန်စစ်တပ်မှ ဗိုလ်မှူးကြီးဆူဇူကီး (နောင်-ဗိုလ်မိုးကြိုး) နဲ့ တွေ့ဆုံဆွေးနွေးကာ ဗမာ့လွတ်လပ်ရေးတိုက်ပွဲအတွက် ဂျပန်ကအကူအညီပေးရေး (မြန်မာလူငယ်များကိုစစ်ပညာသင်ပေးရန်) တွေကိုအသေးစိတ်စီစဉ်ပြီးသခင်အောင်ဆန်း ဗမာပြည်ပြန်၊ ကျန်ခေါင်းဆောင်များနဲ့ ဆွေးနွေးတိုင်ပင်ပြီး လူငယ်တွေ ရွေးချယ်ရေး၊ ပြည်တွင်း တော်လှန်ရေးအတွက် ပြင်ဆင်ရေး၊ စတာတွေကို တာဝန်တွေခွဲဝေ လုပ်ဆောင်ကြပါတယ်။

### သခင်အောင်ဆန်းက ပထမအသုတ်အဖြစ်ဦးဆောင်ပြီး

၁။ သခင်လှဖေ (ဗိုလ်လက်ျာ)၊
၂။ သခင်ထွန်းရှိန် (ဗိုလ်ရန်နိုင်)၊
၃။ သခင်ဗဂျမ်း (ဗိုလ်လရောင်)၊
၄။ သခင်အေးမောင် (ဗိုလ်မိုး)၊ ----စုစုပေါင်း (၅) ဦး။

### ဒုတိယအသုတ်။

၁။ သခင်စောလွင် (ဗိုလ်မင်းခေါင်)၊
၂။ သခင်သန်းတင် (ဗိုလ်မြဒင်)၊
၃။ သခင်စိုး (ဗိုလ်မြင့်အောင်)၊
၄။ သခင်ထွန်းရွှေ (ဗိုလ်လင်းယုန်)၊
၅။ သခင်ရွှေ (ဗိုလ်ကျော်ဇော)၊
၆။ သခင်တင်အေး (ဗိုလ်ဘုန်းမြင့်)၊
၇။ သခင်အောင်သိန်း (ဗိုလ်ရဲထွဋ်)၊ ---စုစုပေါင်း (၇) ဦး။

တတိယအသုတ်။
၁။ သခင်ခင်မောင်ဦး (ဗိုလ်တာရာ)၊

၂။ သခင်လှမောင် (ဗိုလ်ဇေယျ)၊
၃။ သခင်မြ (ဗိုလ်တောက်ထိန်)၊ ---စုစုပေါင်း (၃) ဦး။

**စတုတ္ထအသုတ်။ (နောက်ဆုံးအသုတ်)၊**

၁။ သခင်ထွန်းအုပ်။
၂။ သခင်ရှုမောင် (ဗိုလ်နေဝင်း)၊
၃။ သခင်စံလှိုင် (ဗိုလ်မှူးအောင်)၊
၄။ သခင်ထွန်းခင် (ဗိုလ်မြင့်ဆွေ)၊
၅။ သခင်ထွန်းလွင် (ဗိုလ်ဗလ)၊
၆။ သခင်ငွေ (ဗိုလ်စောအောင်)၊
၇။ သခင်သစ် (ဗိုလ်စောနောင်)၊
၈။ သခင်ကျော်စိန် (ဗိုလ်မိုးညို)၊
၉။ သခင်မောင်မောင် (ဗိုလ်ဉာဏ)၊
၁၀။ သခင်လှ (ဗိုလ်မင်းရောင်)၊
၁၁။ သခင်သန်းညွန့် (ဗိုလ်ဇင်ယော်)၊ ---စုစုပေါင်း (၁၁) ဦး။

**တချို့တဦးချင်းဝင်ရောက်လာသူများလည်းရှိပါတယ်။**

၁။ သခင်လှမြိုင် (ဗိုလ်ရန်အောင်)၊ သခင်အောင်ဆန်းဗမာပြည်ပြန်သွားစဉ် ဂျပန်မှာနေခဲ့ရ။
၂။ သခင်အောင်သန်း (ဗိုလ်စကြာ)၊
၃။ သခင်သန်းတင်။
၄။ ကိုဆောင်း။
စုစုပေါင်း (၃၀) ဦး။

ပထမနှစ်သုတ်မှာ တို့ဗမာအစည်းအရုံး-ဆရာကြီးမှိုင်းအဖွဲ့ကဖြစ်ပြီး နောက်ဆုံးသုတ်ကို ဂျပန်က သခင်ဗစိန်-သခင်ထွန်းအုပ် အဖွဲ့မှ ခေါ်ဆောင်လာတာ ဖြစ်ပါတယ်။ ဗမာ့လွတ်လပ်ရေးအတွက် ညညွတ်ဖို့ လိုတယ် ဆိုပြီး နှစ်ဖွဲ့လုံး စည်းလုံး ခဲ့ကြပါတယ်။

သူတို့တွေ စုပေါင်းပြီး အဲဒီတုန်းက ဂျပန်ပိုင်ဖြစ်တဲ့ ဟိုင်နန်ကျွန်းမှာ စစ်ပညာတွေ သင်ကြားရပါတယ်။ ဗမာပြည်ပြန်ပြီး တပ်ဖွဲ့ပျောက်ကြားစစ် တိုက်ဖို့ပဲ ရည်ရွယ်တာကြောင့် စစ်ပညာတွေဟာ သိပ်အဆင့်မမြင့်လှပါဘူး။ အချိန် အကန့်အသတ်ကလည်း ရှိတာမို့ စစ်သင်တန်းတွေဟာ ပြင်းထန်ကြမ်းတမ်း လှပါတယ်။ အစားအသောက် အနေအထိုင်လည်း ဆင်းရဲ လှပါတယ်။ ဒါပေမဲ့ ရဲဘော်



အားလုံးဟာ အလွန်လုံ့လ ဝီရိယကြီးစွာထားပြီး လေ့ကျင့်သင်ကြားကြပါတယ်။ တချို့ ဂျပန်ဆရာများဟာ ခက်ထန်ကြမ်းတမ်းပြီး ပါးရိုက်နားရိုက်တာတွေတောင် လုပ်လာကြပါတယ်။ အင်္ဂလိပ် လက်အောက်မှာ ခြောက်လက်မဓါးတောင် ကိုင်ခွင့်မရှိတာမို့ မိမိနိုင်ငံအတွက် တပ်မတော်တရပ်ရဖို့ ရဲဘော်တွေဟာ မိုက်ကြိတ် သည်းခံခဲ့ကြပါတယ်။

(မှတ်ချက်။ အဲဒီကာလကအတွေ့အကြုံအဖြစ်အပျက်များကို ကယယကံရှင် တချို့ကရော၊ တခြား စာရေးဆရာများကရော၊ အသေးစိတ် ရေးသား ထုတ်ဝေထားတဲ့ စာအုပ်စာတမ်းများ ရှိပါတယ်။ )

ဒီလိုနဲ့ စစ်သင်တန်းများ လအချို့ တက်ပြီးနောက် ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ သခင်အောင်ဆန်း ဦးစီးတဲ့ ရဲဘော် သုံးကျိပ်တို့က ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှာ ဗမာ့လွတ်လပ်ရေး တပ်မတော် (Burma Independence Army.B;I;A) ကိုဖွဲ့စည်းလိုက်ပါတယ်။ ဗမာပြည်တွင်း ပြန်ဝင်ရမှာ ဖြစ်လို့ ဗိုလ်နာမည်တွေ ပြောင်းယူလိုက်ကြ ပါတယ်။ ပြီးနောက် တာဝန်အသီးသီးနဲ့ အဖွဲ့ခွဲတွေခွဲပြီး ဗမာပြည်တွင်း ဝင်ခဲ့ကြပါတယ်။ စစ်သားသစ်များလည်း ရသမျှစုဆောင်းပြီး သင်တန်းတွေပေး ခေါ်ဆောင်လာခဲ့ပါတယ်။

၁၉၄၂ ခုနှစ် အစောပိုင်းကစလို့ ဗမာပြည်ကို တဖွဲဖွဲပြန်ရောက်ကြပြီး ဗမာ့လွတ်လပ်ရေးရ ရှိရေး တိုက်ပွဲကို နေရာအမျိုးမျိုးကနေ ဆက်လက် ပါဝင်တိုက်ပွဲဝင်ခဲ့ကြပါတယ်။

၁၉၄၅ ခုနှစ် မတ်လ (၂၇) ရက်နေ့မှာ စတင်ခဲ့တဲ့ ဂျပန်ဖက်ဆစ် တော်လှန်ရေးမှာလဲ စစ်တိုင်း အသီးသီးမှာခေါင်းဆောင်ပါဝင်ခဲ့ကြပါတယ်။

**ပြည်တွင်းစစ်ကြီး ဖြစ်လာတော့ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့အတူ ပါသွားကြတဲ့ ရဲဘော် သုံးကျိပ်ဝင်များလည်း ရှိ**

85

**ဒီအတွက် မိမိ ကိုယ်မိမိ အ မြဲမပြတ် တင်းကျပ်စွာ တောင်းဆို ပြီး စနစ်တကျ တည်ဆောက် နေဖို့ လိုအပ်**

### ၅။ ရဲဘော်သုံးကျိပ်ရဲ့နိဂုံးများ။

ဗမာပြည် လွတ်လပ်ရေး ရရှိရေး တိုက်ပွဲစဉ်ကြီးအတွင်း အမြုတေဖြစ်တဲ့ ဗမာ့တပ်မတော်ကြီးကို တည်ထောင်ပေးခဲ့တဲ့ ရဲဘော်သုံးကျိပ်ဝင်တွေဟာ အခုအခါ အားလုံး မရှိတော့ပါဘူး။ တချို့ဟာ အစောကြီး ဂျပန်မှာကတည်းက သေဆုံးခဲ့ကြတယ်။ တချို့က ဗမာပြည် ပြန်အဝင် လမ်းက တိုက်ပွဲတွေမှာ ကျတယ်။ ဗိုလ်ချုပ်အောင်ဆန်းကတော့ နယ်ချဲ့ အင်္ဂလိပ် ပယောဂနဲ့ လုပ်ကြံခံရတယ်။

နယ်ပယ်ထဲ ဝင်ခဲ့ကြပါတယ်။ ပြည်တွင်းစစ်ကြီး ဖြစ်လာတော့ ဗမာပြည် ကွန်မြူနစ်ပါတီနဲ့အတူ ပါသွားကြတဲ့ရဲဘော်သုံးကျိပ်ဝင်များလည်း ရှိပါတယ်။ ဗိုလ်ရဲထွဋ် တယောက်ပဲ မြို့ပေါ် ပြန်ရောက်တယ်။ ဦးနုရဲ့ ပြည်ချစ်အဖွဲ့ တောခိုတော့လည်း တချို့ရဲဘော်သုံးကျိပ်ဝင်တွေ ပါသွားပါသေးတယ်။ ဗိုလ်ရန်နိုင် မြို့ပေါ်ပြန်ရောက်ပြီး ကျန်သူအားလုံး တောထဲမှာပဲ ကျဆုံးကုန်ပါတယ်။

ရဲဘော် သုံးကျိပ်ဝင်တွေထဲမှာ အသက် (၉၀) ကျော် (တနည်း) သက်တမ်းစေ့ နေသွားရသူ လေးယောက်ရှိပါတယ်။

၁။ ဗိုလ်နေဝင်း။ (၂၀၀၂၊ ဒီဇင်ဘာ (၅) ရက်ကွယ်လွန်)၊
၂။ ဗိုလ်မှူးအောင်။ (၂၀၀၄--ကွယ်လွန်)၊
၃။ ဗိုလ်ကျော်ဇော။ (၂၀၁၂၊ အောက်တိုဘာ (၁၀) ရက်ကွယ်လွန်)
၄။ ဗိုလ်ရဲထွဋ်။ -(၂၀၁၃၊ နိုဝင်ဘာ (၂၈) ကွယ်လွန်)--တို့ ဖြစ်ကြပါတယ်။



၂၀၁၃ မှာ နောက်ဆုံး ဗိုလ်ရဲထွဋ် ကွယ်လွန်ပြီးနောက် ရဲဘော်သုံးကျိပ်ဝင်များ အားလုံး ဘဝနိဂုံး ချုပ်သွားကြပါတော့တယ်။

### ၆။ သမိုင်းသင်ခန်းစာများ။

၁။ ဗမာပြည်ရဲ့ကြမ်းတမ်းခက်ခဲပြင်းထန်လှတဲ့အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုကြီးအတွင်း ရဲဘော် သုံးကျိပ် အပါအဝင် ဗမာပြည်သူများအတွင်းမှာ တိုင်းချစ်ပြည်ချစ် နိုင်ငံရေး လှုပ်ရှား တက်ကြွသူ အပေါင်းဟာ နေရာပေါင်းစုံမှာ တာဝန်ယူ ပါဝင် လှုပ်ရှားခဲ့ကြ ပါတယ်။ ဒီလို ပါဝင်ရာမှာ အတွေးအခေါ် ပေါင်းစုံနဲ့ လူပေါင်းစုံ ပါဝင်လာခဲ့ပါတယ်။

ဥက္ကဋ္ဌမော် ပြောဖူးတာတခုရှိပါတယ်။

----လူတွေဟာ ကိစ္စကောင်း တခုနှစ်ခုကို လုပ်နိုင်ပေမယ့် တသက်တာလုံး လုပ်သွားနိုင်ဖို့ဟာ ခက်တယ်။ --တဲ့။

ဟုတ်ပါတယ်။

တိုင်းပြည်ရဲ့ အနာဂတ် သာယာဝပြောရေး အတွက် ပြည်သူ လူထု အများစုကြီးဟာ အလွန် တက်ကြွစွာ စွန့်လွှတ်ခြင်း များစွာနဲ့ တော်လှန်ရေးအတွင်း ပါဝင်လာကြတာပါ။ ဒါပေမဲ့ ဒီခရီးလမ်းကို အဆုံးတိုင် လျှောက်ဖို့အတွက် လိုအပ်ချက်တွေ ရှိပါတယ်။

ဒါကတော့---မိမိဘဝရဲ့ လွတ်မြောက်မှုကို လူထုကြီးရဲ့ ဘဝ လွတ်မြောက်မှုနဲ့ ထပ်တူပြုနိုင်မှသာ (တနည်း) လူထုကြီးတရပ်လုံး လွတ်မြောက်မှသာ မိမိရဲ့ နိုင်ငံရေး တာဝန် တော်လှန်ရေး တာဝန်ကို ပြီးဆုံးတယ်လို့ သဘောထားနိုင်သူများ ဖြစ်နေဖို့ လိုအပ်ပါတယ်။ ဒီအတွက် မိမိကိုယ်မိမိ အမြဲမပြတ် တင်းကျပ်စွာ တောင်းဆိုပြီး စနစ်တကျ တည်ဆောက်နေဖို့ လိုအပ်ပါတယ်။ ကိုယ်ကျိုးစီးပွား ဟူသမျှကို စွန့်လွှတ်နိုင်ဖို့ အဓိက ကျပါတယ်။ ဘဝလမ်းခရီးတလျှောက် တွေ့လာရတဲ့ လောဘရမ္မက် အမျိုးမျိုး (မော်စကားနဲ့ ပြောရရင်– သကြားလုံး ကျည်ဆန်တွေ) ကို ရှောင်ရှား၊ တိုက်ဖျက်၊ ကျော်လွှားနိုင်ဖို့ လိုပါတယ်။

ဒါတွေကြောင့်ပဲ၊ ရဲဘော်သုံးကျိပ်များ အပါအဝင် နိုင်ငံရေးသမားများထဲမှာ သက်ဆုံးတိုင် တိုင်းပြည်နဲ့ ပြည်သူတွေအတွက် အသက်စွန့်ကြိုးပမ်း လုပ်ဆောင်သူများ ရှိသလို လမ်းတဝက်တပျက်မှာ ပြည်သူတွေကို စွန့်လွှတ်ပြီး (တချို့ဆို ပြည်သူတွေကို ချနင်းပြီး) မိမိကိုယ်ကျိုး ကောင်းစားရေးအတွက် ဘာမဆို လုပ်ဆောင်သူများ ဖြစ်သွားကြသူတွေလည်း ပါပါတယ်။

ဒ့ါကြောင့်မို့ တိုင်းချစ်ပြည်ချစ် ပုဂ္ဂိုလ်တိုင်းဟာ ပြည်သူတွေမလွတ်မြောက်မချင်း မိမိတို့တာဝန်တွေ မပြီးဆုံးသေးဘူးလို့ အမြဲ သတိထားပြီး နေထိုင်ရမှာဖြစ်ပါတယ်။

၂။ ရဲဘော်သုံးကျိပ် အနေနဲ့ ဗမာပြည် လွတ်လပ်ရေးအတွက်တိုက်မယ့် ပထမဆုံးသော ဗမာ့တပ်မတော်ကို ထူထောင်ပေးခဲ့တဲ့ သူများအဖြစ် ဗမာ့ပြည်လွတ်လပ်ရေး လှုပ်ရှားမှု သမိုင်းမှာ အထင်ကရ ကမ္ပည်းထိုး အသိအမှတ်ပြု ကျေးဇူးတင်ခံရပါတယ်။

နောက်ပိုင်း တချို့သမိုင်းဆရာတွေပြောတာတခု ရှိပါသေးတယ်။

--ရဲဘော်သုံးကျိပ်အပါအဝင် ဗမာပြည်က နိုင်ငံရေးသမားတွေဟာ ဂိုဏ်းဂဏစိတ် သိပ်ကြီးတယ်။ ဒ့ါကြောင့် ညီညွတ်ရေး မတည်ဆောက်နိုင်ဘဲ၊ အစိတ်စိတ် အမွှာမွှာကွဲပြဲပြီး အဆုံးမသတ်နိုင်တဲ့ ပြည်တွင်းစစ်ကြီး ဖြစ်လာရတာ----တဲ့။

ဂိုဏ်းဂဏစိတ်ဟာ တိုင်းပြည်တပြည် လူမျိုးတမျိုးလွတ်မြောက်ရေး အတွက် အလွန်အန္တရာယ်ကြီးတာ မှန်ပါတယ်။ ဘယ်တိုင်းပြည် ဘယ်လူမျိုးဖြစ်ဖြစ် အင်မတန်စည်းလုံး ညီညွတ်မှသာလျှင် တက်ညီလက်ညီနဲ့ တိုင်းပြည်ကိုအေးချမ်းတည်ငြိမ်စွာနဲ့ ဖွံ့ဖြိုးတိုးတက်အောင် လုပ်နိုင်မှာဖြစ်ပါတယ်။ ဒီအတွက် တိုင်းပြည်တပြည်ကို တည်ဆောက်ရာမှာ တိုင်းသူပြည်သားများ အားလုံး ပါဝင်လာနိုင်ရေးအတွက် အများကြီး အားထုတ်ဖို့လိုပါတယ်။

ဒီနေရာမှာ လူတန်းစား ရန်သူ ဆိုတာကလည်း အငြိမ်မနေပါဘူး။ ဗမာပြည်ရဲ့ အင်္ဂလိပ်ကိုလိုနီသမားများဟာ ဗမာပြည်ကို မလွှဲမသွေ လွတ်လပ်ရေး ပေးရတော့မယ်ဆိုတာသိတော့ တိုင်းပြည်ကို စည်းလုံးနိုင်တဲ့ ဂိုဏ်းဂဏစိတ် ကင်းတဲ့ ဗိုလ်ချုပ်အောင်ဆန်းကို လုပ်ကြံပြီး နိုင်ငံရေးအရ (မိမိသဘောကျ လူမွေးပြီးမှ) သာ လွတ်လပ်ရေး ပေးပြီး စီးပွားရေးအရ ဆက်လက်ထိန်းချုပ်နိုင်ရေး အတွက်ကြိုးပမ်း ထားခဲ့တာပါ။ လူမျိုးအချင်းချင်းကြားလည်း ရန်စတွေရန်ငြိုးတွေ မီးမွှေး ထားခဲ့တာပါ။ အဲဒါကို ပြည်သူတွေအချင်းချင်းကြား မမြင်နိုင်ခဲ့ပါဘူး။ ဖောက်ပြန်တဲ့ အစိုးရအဆက်ဆက်ကလည်း ဒါကို ဖုံးပေးခဲ့တယ်။

အခုလည်း ဒုတိယအကြိမ် အမျိုးသား လွတ်မြောက်ရေးလှုပ်ရှားမှုကြီးလို့ ပြောနိုင်တဲ့ စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး တိုက်ပွဲကြီးအတွင်း ရန်သူစစ်တပ်ဟာ ဒီလို နည်းပရိယာယ်များကို ကျင့်သုံးနေပါတယ်။ (မဆလခေတ်–နဝတ နအဖ ခေတ်များမှာ တစုံတရာ အောင်မြင်မှုတွေလည်း ရခဲ့ပါတယ်။ ) ဒါပေမဲ့ အခုခေတ်ကတော့ အလွန်ထင်သာမြင်သာတဲ့ခေတ် ဖြစ်တာကြောင့် အရင် နည်းလမ်းဟောင်းတွေဟာ အလုပ်မဖြစ်တော့ပါဘူး။

ဒ့ါအပြင် ခေတ်အမျိုးမျိုးကို ဖြတ်ကျော်လာပြီးနောက် မိမိတို့ရဲ့ တော်လှန်ရေး ဘာလို့ မအောင်မြင်ရသလဲ ဆိုတာကိုနားလည် သဘောပေါက်လာကြတဲ့ ၂၁ ရာစုတော်လှန်ရေးသမားများဟာ ဒီလို ထောင်ချောက် အမျိုးမျိုးကို ကျော်ဖြတ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်ရှိသူ (စစ်အာဏာရှင်စနစ်ကိုလည်း မကြိုက်တဲ့) အများတကာ့ အများစုကြီး ပါဝင်တဲ့ တပ်ပေါင်းစုကြီး ဖွဲ့ပြီး ဒီစစ်အာဏာရှင်စနစ် ဖျက်သိမ်းရေး တိုက်ပွဲကို အဆုံးထိ ဆင်နွှဲကြတော့မှာပါ။

ဒီအတွက် တော်လှန်ရေးသမားများ အားလုံးဟာ တဖက်က မိမိကိုယ်မိမိလည်း ဘက်စုံက ပြည့်ဝရင့်ကျက်အောင် တည်ဆောက်ပြီး တဖက်ကလည်း မိမိတို့နဲ့ အတူတော်လှန်ရေး ခရီးလမ်းကြီးကို ဆက်လျှောက်နိုင်မယ့်သူအားလုံး ပါဝင်လာနိုင်ရေးအတွက် သဘောထားကြီးကြီးထား၊ စိတ်ရှည်လက်ရှည်နဲ့ စည်းရုံးရမှာ ဖြစ်ပါတယ်။

ဒီအတွက်-- ဂိုဏ်းဂဏစိတ်ကို မုချတိုက်ဖျက်ပစ်ရပါလိမ့်မယ်။

ဒီသမိုင်း သင်ခန်းစာများကို ဆုပ်ကိုင်ပြီး ဗမာပြည်ရဲ့ရှေ့တော်လှန်ရေး ခရီးကြီးကို ဆက်လျှောက်ကြပါစို့။

၂၁-၆-၂၀၂၄။

**တော်လှန်ရေးသမားများအားလုံးဟာ တဖက်က မိမိကိုယ်မိမိလည်း ဘက်စုံက ပြည့်ဝရင့်ကျက်အောင် တည်ဆောက်ပြီး**




# ၈၅ နှစ်မြောက်ပါတီနေ့ ကို အထိမ်းအမှတ်ပြုခြင်း

(၁)

ကျရောက်လာမယ့် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့ဟာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ၈၅ နှစ် မြောက် နေ့ထူးနေ့မြတ်ဖြစ်ပါတယ်။ ဒီနေ့ထူးနေ့မြတ်ကို အောက်ပါစာတမ်းနဲ့ အထိမ်းအမှတ် ပြုလိုက်ပါတယ်။

(၂)

ဗမာပြည်ကွန်မြူနစ်ပါတီကို အင်္ဂလိပ်ကိုလိုနီ အုပ်စိုးမှုအောက် ၁၉၃၉ ခုနှစ် ဩဂုတ်လ ၁၅ မှာ လျှို့ဝှက် မြေအောက်ပါတီအဖြစ် ဖွဲ့စည်းခဲ့တယ်။ တနိုင်ငံလုံးက ကွန်မြူနစ်ဝါဒလေ့လာရေးအစုများမှ အဖွဲ့ဝင်များ ပါဝင်ပြီး ပါတီဖွဲ့လိုက်တဲ့ ဒီအစည်းအဝေးကို နိုင်ငံတကာ ထုံးတမ်းအစဉ်အလာအရ ဗမာပြည်ကွန်မြူနစ် ပါတီရဲ့ ပထမအကြိမ်ပါတီကွန်ဂရက်အဖြစ်မှတ် ယူပါတယ်။ ပါတီဟာ ဗမာပြည်ရဲ့ သက်တမ်းအရှည်ဆုံး၊ ဗမာပြည် အလုပ်သမား လူတန်းစားရဲ့ တခုတည်းသော တပ်ဦးပါတီဖြစ်တယ်။ မာ့က်စ်၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေး အခေါ်ကို မိမိရဲ့ အတွေးအခေါ်လမ်းညွှန်အဖြစ် ဆုပ်ကိုင်ကျင့်သုံးပါတယ်။ မြေအောက် ပါတီဘဝဖြင့် ဖက်ဆစ်ဂျပန် တော်လှန်ရေးကို ခေါင်းဆောင်ပါဝင်ခဲ့တယ်။ ဖက်ဆစ်ဂျပန်တော်လှန်ရေး အောင်ပွဲအရှိန်ဖြင့် ဒုတိယအကြိမ်မြောက် ပါတီကွန်ဂရက်ကို ၁၉၄၅ ခုနှစ် ဇူလိုင် ၂၀ ရက်မှ ၂၇ ရက်နေ့ အထိ၊ ပါတီ ဌာနချုပ်ဖြစ်တဲ့ ၁၃၈ ဗားကရားလမ်း၊ စမ်းချောင်းမှာ ကျင်းပခဲ့တယ်။ တဆက်တည်း ၁၉၄၅ မှ ၁၉၄၈ ခုနှစ်အထိ ဥပဒေတွင်း ပါတီတရပ်အဖြစ်

နဲ့ အလုပ်သမား လယ်သမားများရဲ့ ဥပဒေတွင်း တိုက် ပွဲများကို ခေါင်းဆောင်ခဲ့သလို တဖက်ကလည်း လယ်သမားများရဲ့ လက်နက်ကိုင်တိုက်ပွဲများကို ရှေ့ ဆောင်ခဲ့တယ်။

၁၉၄၈ ခုနှစ်မတ်လ ၂၈ ရက်မှာ အာဏာရ လက်ယာဖဆဆိုရှယ်များက ပါတီကို လက်နက်နဲ့ အကြမ်းဖက် ဖိနှိပ်လာတယ်။ ရန်သူလူတန်းစားက လက်နက်နဲ့အကြမ်းဖက် ဖိနှိပ်လာရင် မိမိကိုယ်ကိုယ်ကာကွယ်တဲ့ အနေနဲ့ ရရာလက်နက်စွဲကိုင်ကာ တုံ့ပြန်ခုခံတိုက်ခိုက်ခြင်းဟာ တရားနည်းလမ်းကျတယ်ဆိုတဲ့ အယူဝါဒကို တပါတီလုံး ဆုပ်ကိုင်ထားပြီဖြစ်လို့ မိမိကိုယ်ကိုယ်ခုခံကာကွယ်တဲ့ ပြည်သူ့ဒီမိုကရေစီလက်နက် ကိုင်တော်လှန်ရေးကို အဲဒီမတ်လ ၂၈ မှာစတင်ခဲ့တယ်။ ဒါကြောင့် ၁၉၄၈ ခုနှစ် မတ်လ ၂၈ ပြည်သူ့ဒီမိုက ရေစီလက်နက်ကိုင် တော်လှန်ရေး လမ်းစဉ်ဟာ မှန်ကန်လို့ ပါတီဟာ ဒီလမ်းစဉ်အတိုင်း ခေါင်းဆောင်နိုင်ခဲ့တယ်။ ပါတီက ဆင်နွှဲခဲ့တဲ့ ပြည်သူ့ဒီမိုကရေစီလက်နက်ကိုင်တော်လှန်ရေးလမ်းကြောင်းဟာအဆင်းအတက်အခက်အခဲအကွေ့အကောက်များနဲ့ ပြွမ်းတီးနေပေမယ့် ဒီကာလတလျှောက်လုံး လက်နက်ကိုင် တိုက်ပွဲ အဆက်မပြတ်ခဲ့ဘူး။ ဒါပေမဲ့ ၁၉၈၉ ခုနှစ် ဧပြီလ၊ တိုင်းရင်းသားလူမျိုးစုများရဲ့ ပုန်ကန်ခွဲထွက်မှု ကြောင့် ပါတီဟာ မြေအောက်ပါတီဘဝ ပြန်လည်ရောက်ရှိသွားကာ လက်နက်ကိုင်တော်လှန်ရေးကို ယာ ယီ စွန့်လွှတ်ခဲ့ရတယ်။ လက်နက်ကိုင်တော်လှန်ရေးကို စွန့်လွှတ်လိုက်ရပေမယ့် လက်နက်ကိုင်တော်လှန်ရေး ကို ရွေးလမ်းတခုအဖြစ်ပါတီဟာ ချမှတ်ထားပါတယ်။ ဒီလိုနဲ့ ၂၀၂၁ ခုနှစ်မတ်လမှာ မင်းအောင်လှိုင်ခေါင်းဆောင်တဲ့ အာဏာသိမ်းစစ်အုပ်စုကို ပါတီဟာ မိမိရဲ့ တိုက်ရိုက်နဲ့ အကြွင့်မဲ့ခေါင်းဆောင်ကို နာခံတဲ့ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တရပ် ထူထောင်ကာ အဖိနှိပ်ခံတိုင်းရင်းသားပေါင်းစုံ ပြည်သူလူထု ကြီးတရပ်လုံးနဲ့အတူ "ဖက်ဆစ်စစ်တပ် အမြစ်ဖြတ်" ရေး ကြွေးကြော်သံနဲ့ နွေဦးတော်လှန်ရေးမှာ တတပ် တအား ပါဝင်ဆင်နွှဲခဲ့တယ်။ တချိန်တည်းမှာလည်း ဘုံရန်သူ မင်းအောင်လှိုင်စစ်အုပ်စု အနိုင်တိုက်နိုင်ဖို့ ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလတုန်းက (ဖတပလ) အဖွဲ့ချုပ်ကြီးလို ကျယ်ပြန့်တဲ့ မဟာမိတ်အင်အားစုကြီးတရပ် ပေါ်ထွက်ရေးကို ကြိုးစားလုပ်ဆောင်ပါတယ်။ ဒါဟာ မဖြစ်မနေ လုပ်ဆောင်ရမယ့် သမိုင်းပေး တာဝန်ပါ။ ဒါမှသာ နွေဦးတော်လှန်ရေးရဲ့ ကြွေးကြော်သံတရပ်လည်းဖြစ် တိုင်းရင်းသားပေါင်းစုံ အဖိနှိပ်ခံ ပြည်သူလူထုကြီးတရပ်လုံးရဲ့ ဆန္ဒဖြစ်တဲ့ "ဖက်ဆစ်စစ်တပ် အမြစ်ဖြတ်" ဆိုတဲ့ ကြွေးကြော်သံရဲ့ ရည်မှန်း ချက်ပန်းတိုင်ကို ဆုပ်ကိုင်နိုင်ပါလိမ့်မယ်။

ဒီနေ့"နွေဦးတော်လှန်ရေး" ဟာ ၃ နှစ်ကျော် ၄ နှစ်အတွင်း ရောက်လာပါပြီ။ ဒီနွေဦးတော်လှန်ရေးဆိုတာ ဗမာပြည်ကွန်မြူနစ်ပါတီအတွက် ၁၉၄၈၊ မတ်လ ၂၈ ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးရဲ့ အထွက်ပစ္စည်းတခုဖြစ်သလို ကွင်းဆက်တခုလည်း ဖြစ်ပါတယ်။ ပါတီက ဆင်နွှဲခဲ့တဲ့ လက်နက်ကိုင်တိုက်ပွဲရဲ့ ခရီးစဉ်တလျှောက်မှာ အကွေ့အကောက် အတက်အဆင်းများနဲ့ ပြွမ်းတီးနေခဲ့ရပြီး လက်နက် ကိုင်တိုက်ပွဲ ရပ်ကာ မြေအောက်ပါတီအဖြစ် ပြောင်းခဲ့ရပြီး လက်နက်ကိုင်တိုက်ပွဲကို ရွေးလမ်းအဖြစ် ထားခဲ့ရတဲ့ကာလတခုရှိခဲ့ပေမယ့် ပါတီရဲ့သမိုင်းဟာ အဓိကအားဖြင့် လက်နက်ကိုင်တိုက်ပွဲသမိုင်းပဲ ဖြစ်တယ်။

မကြာမီ ကျရောက်လာတော့မယ့် ပါတီ ၈၅ နှစ်မြောက်နေ့ ထူးနေ့မြတ်မှာ "ဗမာပြည်ကွန်မြူနစ်ပါတီ တတိ ယအကြိမ်မြောက် ပြည်လုံးကျွတ်ကွန်ဂရက်သို့ တင်သွင်းသည့် ဗဟိုကော်မတီ၏နိုင်ငံရေးအစီရင်ခံစာ (၁၉၈၅ ခုနှစ်) " မှာ ဖော်ပြခဲ့တဲ့ ပါတီသမိုင်းအတွင်း စံကျတဲ့အမှားများနဲ့ ပတ်သက်တဲ့ နိဂုံးချုပ်ချက်များကို ထုတ်နုတ် လေ့လာသွားခြင်းနဲ့ ပါတီနေ့ကို အထိမ်းအမှတ်ပြုသွားပါ့မယ်။

(၃)

၁၉၈၅ ခုနှစ် တတိယအကြိမ်မြောက် ပြည်လုံးကျွတ် ပါတီကွန်ဂရက် နိုင်ငံရေးအစီရင်ခံစာမှာ ပါတီသမိုင်း အတွင်း စံထားလောက်တဲ့ "လက်ဝဲ" လက်ယာ အချောင်ဝါဒများနဲ့ တိုက်ခဲ့ရတဲ့ တိုက်ပွဲများနဲ့ ပတ်သက်လို့ ခုလို အလေးထားတင်ပြခဲ့တယ်။

(၁) ၁၉၄၅ ခုနှစ် ဒုတိယအကြိမ် ပါတီကွန်ဂရက်မှာ တရားဝင်လမ်းစဉ် ဖြစ်လာခဲ့တဲ့ ငြိမ်းချမ်းစွာ ဖြစ်ပေါ်ရေး လမ်းစဉ် (ဘရောက်ဒါဝါဒ လမ်းစဉ်)။ ။ ဘရောက်ဒါဆိုသူဟာ ၁၉၃ဝ မှ ၁၉၄၄ အထိ အမေရိကန်ကွန်မြူနစ်ပါတီရဲ့ အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့သူဖြစ်ပြီး ဘရောက်ဒါဝါဒဆိုတာကတော့ ဒုတိယကမ္ဘာစစ်အတွင်း ဘ ရောက်ဒါကိုယ်စားပြုတဲ့ လက်ယာသွေဖီရေးဝါဒဖြစ်တယ်။ မာ့က်စ်ဝါဒကို ဆန့်ကျင်တဲ့ အညှိခံရေးဝါဒ တမျိုး သို့မဟုတ် ပြန်လည်ပြင်ဆင်ရေး

မြေအောက်ပါတီအဖြစ်ပြောင်းခဲ့ရပြီး လက်နက်ကိုင်တိုက်ပွဲကို ရွေးလမ်းအဖြစ် ထားခဲ့ရတဲ့ ကာလတခု ရှိခဲ့ပေမယ့် ပါတီရဲ့သမိုင်း ဟာ အဓိက အားဖြင့် လက်နက်ကိုင် တိုက်ပွဲသမိုင်း ပဲ ဖြစ်

**ဒီလမ်းစဉ်အရ ပါတီဟာ အင်္ဂလိပ်နယ်ချဲ့သမားအား လက်နက်ကိုင်တိုက်ရေး လမ်းစဉ်ကို စွန့်လွှတ်ပြီး အင်္ဂလိပ်ကိုလိုနီ အုပ်စိုးမှု အောက်မှာ တရားဝင် ပါတီအဖြစ် လှုပ်ရှားခဲ့**

ဝါဒ တမျိုးဖြစ်တယ်။ ဒီဝါဒဟာ လီနင်ဝါဒရဲ့ အခြေခံသဘောတရားဖြစ်တဲ့ နယ်ချဲ့ဝါဒဟာ လက်ဝါးကြီးအုပ်ဖြစ်တဲ့ ပုပ်သိုးဆွေးမြေ့နေတဲ့ အရင်းရှင်ဝါဒဖြစ်တယ်ဆိုတဲ့ အချက် ကို "ပြန်လည်ပြင်ဆင်"ခဲ့တယ်။ အမေရိကန်နယ်ချဲ့ဝါဒဟာ "နုပျိုတဲ့ အရင်းရှင်စနစ်ရဲ့ ထူးခြားချက်အချို့ ကို ထိန်းသိမ်းထားဆဲဖြစ်တယ်"လို့ ယူဆပြီး အမေရိကန်နယ်ချဲ့ဝါဒရဲ့ ကျူးကျော်မှုလက္ခဏာကို ငြင်းပယ်တယ်။ သူ (ဘရောက်ဒါ) ဟာ အမေရိကန်နယ်ချဲ့ဝါဒရဲ့ တကယ့်အနှစ်သာရကို မမြင်သူဖြစ်တဲ့အလျောက် အမေရိကန်လက်ဝါးကြီးအုပ်အရင်းရှင်လူတန်းစားနဲ့ ပူးပေါင်းရေး အညံ့ခံရေး လမ်းစဉ်ကို ချမှတ်ပြီး အမေရိကန် ပစ္စည်းမဲ့လူတန်းစားအကျိုးကို ရပ်ခံတဲ့ အမေရိကန် ပစ္စည်းမဲ့လူတန်းစားရဲ့ နိုင်ငံရေးပါတီဖြစ်တဲ့ အမေရိ ကန် ကွန်မြူနစ်ပါတီကို ၁၉၄၄ ခုနှစ် မေလမှာ ဖျက်သိမ်းပစ်လိုက်ပြီး အမေရိကန် ကွန်မြူနစ်ဝါဒ အစည်း အရုံးကို ထူထောင်ခဲ့တယ်။

ဒီဝါဒဟာ ဒုတိယကမ္ဘာစစ်အတွင်း အိန္ဒိယပြည်နဲ့ ဗမာပြည်တို့လို ကိုလိုနီလက် အောက်ခံ နိုင်ငံများသို့ ပျံ့နှံ့ရောက်ရှိလာတယ်။ ဒုတိယကမ္ဘာစစ်ပြီးတဲ့အခါ အမေရိကန်၊ အင်္ဂလိပ်နယ်ချဲ့သမားများနဲ့ ပူးပေါင်း ဆောင်ရွက်ရေး လက်အောက်ခံတိုင်းပြည်များရဲ့ လွတ်မြောက်ရေးကို ငြိမ်းချမ်းစွာရ ယူရမယ်ဆိုတဲ့ လူတန်းစား ပူးပေါင်းရေး ငြိမ်းချမ်းစွာဖြစ်ပေါ်ရေးလမ်းစဉ် ဖြစ်ပေါ်လာစေခဲ့တယ်။ ငြိမ်းချမ်းစွာ ဖြစ်ပေါ်ရေး ဘရောက်ဒါဝါဒ အတွေးအခေါ်ဟာ ဂျပန်ဆန့်ကျင်တော်လှန်ရေးအစမှာ ပါတီတွင်း ဝင်ရောက်ခဲ့ပြီး ၁၉၄၅ ခုနှစ် ပါတီ ဒုတိယအကြိမ်မြောက် ကွန်ဂရက်မှာ တရားဝင်လမ်းစဉ် ဖြစ်လာတယ်။ ဒီလမ်းစဉ်အရ ပါတီဟာ အင်္ဂလိပ်နယ်ချဲ့သမားအား လက်နက်ကိုင်တိုက်ရေး လမ်းစဉ်ကို စွန့်လွှတ်ပြီး အင်္ဂလိပ်ကိုလိုနီ အုပ်စိုးမှု အောက်မှာ တရားဝင် ပါတီအဖြစ် လှုပ်ရှားခဲ့တယ်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးမှ ရရှိလိုက်တဲ့ အောင်သီး အောင်နှံများဖြစ်တဲ့ လက်နက်ကိုင်တပ်များကိုဖျက်၊ လက်နက်အမြောက်အမြားကို အပ်ပြီး ကျေးလက်အ ခြေခံဒေသများကို စွန့်လွှတ်ပစ်လိုက်တယ်။ ဒီငြိမ်းချမ်းစွားကူးပြောင်းရေး ပြန်လည်ပြင်ဆင်ရေးလမ်းစဉ်ကြောင့် ဗမာပြည်တော်လှန်ရေးဟာ ကြီးမားစွာ နစ်နာဆုံးရှုံးသွားတယ်။

(ဥပမာ–ဒီနေ့ တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်မှုနဲ့ တရုတ်ပြည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနဲ့ ဗီယက်နမ်ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်မှုနဲ့ ဗီယက်နမ်ပြည်ရဲ့ စီးပွားရေးတိုးတက်မှုနှုန်းများကို ကြည့် ပါ။ ဒီကွန်မြူနစ်ပါတီ ၂ ပါတီရဲ့ အောင်မြင်မှုတွေကို ကြည့်လိုက်ရင် ကျွန်တော်တို့ လမ်းစဉ်အမှားကြောင့် ဗမာပြည်တော်လှန်ရေးရဲ့ ဆုံးရှုံးမှု ဘယ်လောက်ကြီးတယ်ဆိုတာ တွက်ဆလို့ ရနိုင်ပါပြီ။ ) ဒီလမ်းစဉ် အမှားကို ၁၉၄၆ ခုနှစ်မှာ ပါတီတွင်းတိုက်ပွဲဖြင့် ပယ်ဖျက်ပစ်လိုက်ပြီး မှန်ကန်တဲ့လမ်းစဉ်ဖြင့် ဆက် လက်ချီတက်နိုင်ခဲ့တယ်။

(၂) ၅၅ ပြန်လည်ပြင်ဆင်ရေးလမ်းစဉ်။ ။ ၅၅ ခုနှစ်ဗဟိုကော်မတီ အစည်းအဝေးမှာ ၅၅ အခြေခံလုပ် ငန်းစဉ်နဲ့ ၅၅ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ချမှတ်ခဲ့တယ်။ ဒီလမ်းစဉ်ကို နှစ်အတော်ကြာ ပါတီဗဟိုကော်မတီက လုပ်ဆောင်ခဲ့တယ်။

ဒီလမ်းစဉ်ရဲ့ အတွင်းသဘောတွေကတော့ (က) ပါတီဟာ လူထုနဲ့ကင်းကွာနေတယ်။ လူထုနဲ့ အဆက်ပြန်ရ အောင် လက်နက်ကိုင်တိုက်ပွဲရပ်၊ ဥပဒေတွင်းဝင်။ အဓိကတော့ ဥပဒေတွင်းဝင်ရေး ဦးတည်ချက်ပဲ။ (ခ) လက်ရှိတော်လှန်စစ်ကိုရပ်၊ ဥပဒေတွင်းဝင် ရေရှည်တိုက်ပွဲဆင်ကာ အင်အားရှိလာမှ အာဏာသိမ်းရေး လုပ်၊ အာဏာသိမ်းတဲ့အခါ ပြည်သူ့စစ်ပွဲလမ်းကြောင်းအတိုင်း ဟုတ်ချင်မှ ဟုတ်မယ်။ အနှစ်သာရက လက် နက်ကိုင်တိုက်ပွဲ အဓိက တိုက်ပွဲသဏ္ဍာန်ကို ငြင်းပယ်တဲ့ လက်နက်ကိုင်တော်လှန်ရေးနဲ့သာ အာဏာသိမ်း နိုင်တယ်ဆိုတဲ့ တလောကလုံးဆိုင်ရာ အမှန်တရားကို ပစ်ပယ်ရေးပါပဲ။ (ဂ) အုပ်စိုးသူလူတန်းစားနဲ့ စေ့စပ်၊ တပ်ဖျက်၊ လက်နက်အပ်၊ အခြေခံဒေသ စွန့်လွှတ်၊ ဥပဒေအတွင်းမှာ အတိုက်အခံအဖြစ်နေ။ ချုပ်လိုက်ရင် အုပ်စိုးသူလူတန်းစားကို အလုပ်အကျွေးပြုရေးပဲ။ (ဃ) ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ အလံနီပါတီညီညွတ် ရေးဟာ တော်လှန်ရေးအောင်ရေးရဲ့ သော့ချက်လို့ဆိုပြီး ပါတီရဲ့ ခေါင်းဆောင်မှုကို ငြင်းပယ်လိုက်တယ်။ ၅၅ လမ်းစဉ်ဟာ ချုပ်လိုက်ရင် လက်နက်ကိုင်တော်လှန်ရေး ဖျက်သိမ်းရေး၊ ဥပဒေတွင်းဝင်ရေး၊ အုပ်စိုးသူ လူတန်းစား အလုပ်အကျွေးပြုရေး၊ ပါတီရဲ့ခေါင်းဆောင်မှုပြစ်ပယ်ရေးဖြစ်လို့ တခုလုံးအရ မာ့က်စ်၊ လီနင် ဝါဒရဲ့ အခြေခံမူကို ပစ်ပယ်လိုက်တဲ့ ပြန်လည်ပြင်ဆင်ရေးလမ်းစဉ်ဖြစ်တယ်။

ဒီလမ်းစဉ်ကြောင့် ပါတီနဲ့တော်လှန်ရေးအင်အားစုများ၊ များစွာ ဆုံးရှုံးနစ်နာခဲ့ရတယ်။ ၅၈ ခုနှစ်မှာ ပါတီ အင်အား ၂၁၅၀ ဆုံးရှုံး၌ပြီး ၂၀၀၀ ပဲကျန်တယ်။ ကော်သူလေးမှာ ၂၀၀၀ ဆုံးရှုံးပြီး ၅၀၀၀ ကျန်တယ်။ ပြည် သူ့ရဲဘော်မှာ ရှိတဲ့ ၅၀၀၀ စလုံး လက်နက်ချသွားတယ်။ ပအိုဝ်မှာလည်း ၁၀၀၀ စလုံးလက်နက်ချသွား တယ်။ မွန်မှာရှိတဲ့ ၁၀၀၀ ကျော် လက်နက်ချသွားတယ်။ ရခိုင် ဦးစိန္ဒာ ၅၀၀ စလုံး လက်နက်ချသွားတယ်။ တော်လှန်ရေးအင်အား ၁၁၅၆၀ ဆုံးရှုံးသွားပြီး ၇၀၀၀ လောက်ပဲ ကျန်တယ်။ အကျိုးဆက်က အတွေးအ ခေါ် နိုင်ငံရေးရှုပ်ထွေးပြီး စစ်ရေး စည်းရုံးရေး အကျပ်အတည်းတွေ ဆိုက်ခဲ့ရတယ်။

(၃) ပါတီတွင်းတော်လှန်ရေးလမ်းစဉ်။ ။ ဒီလမ်းစဉ်မပေါ်မီ နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှုအတွင်းရှိအခြေအနေကို နားလည်ထားဖို့လိုလိမ့်မယ်။ ၁၉၅၆ ဖေဖော်ဝါရီ၊ ဆိုဗီယက်ကွန်မြူနစ်ပါတီရဲ့ ၂၀ ကြိမ် ကွန်ဂရက်မှာ ခေတ်သစ်ပြန်လည်ပြင်ဆင်ရေးဝါဒဟာ အတိအလင်း ပေါ်ထွက်လာတယ်။ ဒီလိုနဲ့ နိုင်ငံတ ကာ ကွန်မြူနစ်ပါတီများအတွင်း ခေတ်သစ်ပြန်လည်ပြင်ဆင်ရေးဝါဒ ပျံ့နှံ့သွားပြီး ကွန်မြူနစ်ပါတီတော် တော်များများဟာ ပြန်လည်ပြင်ဆင်ရေးပါတီများအဖြစ် ဆုတ်ယုတ်သွားကြတယ်။ တရုတ်ပြည်ကွန်မြူနစ် ပါတီနဲ့ စစ်မှန်တဲ့ မာ့က်စ် လီနင်ပါတီ အစုများဟာ ခေတ်သစ်ပြန်လည်ပြင်ဆင်ရေးဝါဒကို ပြတ်ပြတ်သား သား တိုက်ပွဲဝင်ကြတယ်။ ဒီကြီးမြတ်တဲ့ တိုက်ပွဲစဉ်အတွင်းမှာ ကျွန်တော်တို့ပါတီဟာ ၅၅ လမ်းစဉ်ရဲ့ အမှားများကို ပိုမိုမြင်တွေ့လာပါတယ်။

၁၉၆၆ ခုနှစ်က တရုတ်ပြည်မှာ ပစ္စည်းမဲ့ယဉ်ကျေးမှု တော်လှန်ရေး ပေါ်ပေါက်တယ်။ ကျွန်တော်တို့ပါတီ ဗဟိုကော်မတီကတရုတ်ပြည်ပစ္စည်းမဲ့ယဉ်ကျေးမှုတော်လှန်ရေးကို ကူးချပြီး "ပါတီတွင်း ပြန်လည်ပြင် ဆင်ရေးဝါဒ သန့်ရှင်းရေးနဲ့ မာ့က်စ်၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ် အရ ပါတီ တည်ဆောက်ရေး ပေါ်လစီ"လို့ခေါ်တဲ့ ဆုံးဖြတ်ချက်တခုကို နိုင်ငံရေး ဦးဆောင်အဖွဲ့က ၁၉၆၇ ဒီဇင်ဘာ ၁၅ ရက်မှာ ချမှတ်ခဲ့ တယ်။ အလွယ်အားဖြင့် "ပါတီတွင်း တော်လှန်ရေးလမ်းစဉ်" လို့ခေါ်ကြပြီး တရုတ်ပြည်ယဉ်ကျေးမှုတော် လှန်ရေးကို ကူးချရုံသက်သက်မဟုတ်ဘဲ "ဗမာပြည်အခြေအနေအရဆိုပြီး တိုးချဲ့လုပ်ဆောင်လိုက်တာ ကြောင့် ပါတီတွင်း တော်လှန်ရေးလမ်းစဉ်" (ဝါ) "ဖြုတ်ထုတ်သတ်" လမ်းစဉ် အမှားကို ကျူးလွန်ခဲ့ခြင်းဖြစ် တယ်။

ဒီလမ်းစဉ်ဟာ ကွန်မြူနစ်ပါတီတရပ်အတွင်း မလုပ်သင့်၊ မလုပ်အပ်တဲ့ တွေးခေါ်မှုအရ၊ နိုင်ငံရေးအရ၊ စည်း ရုံးရေးအရ၊ လုပ်ဟန်အရ မှားယွင်းတဲ့လမ်းစဉ်ဖြစ်တယ်။ မြင်မြင်သမျှ "ပြန်လည်ပြင်ဆင်ရေးဝါဒ"လို့ တံ ဆိပ်ကပ်ပြီး ပြင်းပြင်းထန်ထန် ထိုးနှက်တိုက်ခိုက်ခြင်းပြုကာ "ဖြုတ်ထုတ် သတ်" လုပ်ခြင်းဖြစ်တယ်။

တကယ်တော့ ဒီလမ်းစဉ်ဟာ မာ့က်စ် လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ် အခြေခံအရ ပါတီတည်ဆောက်ရေးလမ်းစဉ် မဟုတ်ဘဲ သဘောတရားအရ လက်တွေ့အရပါ မှားယွင်းပြီး ပါတီဖျက်သိမ်းရေး ဖြစ်လာတယ်။ လက်တွေ့မှာလည်း ထိပ်ဆုံးဗဟိုကော်မတီမှစပြီး လက်လှမ်းမီရာ မြို့နယ်ကော်မတီအထိ ဖျက်သိမ်းခဲ့တယ်။ "တော်လှန်တဲ့ နိုင်ငံရေး ဦးဆောင်အဖွဲ့"၊ တော်လှန်တဲ့ကေဒါ၊ တော်လှန်တဲ့တပ်မတော်သား၊ "တော် လှန်တဲ့လူထု (လူငယ်၊ အမျိုးသမီး) ပါဝင်တဲ့ သုံးဦးပေါင်းညီညွတ်ရေး အဖွဲ့တွေနဲ့ ပါတီဗဟိုကော်မတီနဲ့ အဆင့်ဆင့် ပါတီကော်မတီများကို အစားထိုးခဲ့တယ်။ ဒါဟာ ဂိုဏ်းဂဏဝါဒ အထွတ်အထိပ်လုပ်ရပ်ဖြစ် တယ်။ ပါတီတွင်း ဒီမိုကရေစီကို ဖျက်သိမ်းကာ အယူအဆ မတူသူများကို နှိပ်ကွပ်ဖို့ဖြစ်တယ်။ ဒီမိုကရေစီဗဟိုချုပ်ကိုင်မှုမူကို နင်းချေဖျက်ဆီးပစ်ခြင်းပဲ ဖြစ်တယ်။

ဒီလမ်းစဉ်အမှားရဲ့ အတိုင်းအတာဟာ ကြီးမားပါတယ်။ အတွေးအခေါ်၊ နိုင်ငံရေး၊ စည်းရုံးရေး၊ လုပ်ဟန် အစရှိတဲ့ ဘက်အားလုံးမှာ ပါတီနဲ့တော်လှန်ရေးကို ကြီးမားစွာ နစ်နာစေခဲ့တယ်။ အောက်ဗမာပြည်တိုင်း၊ မြစ်ဝကျွန်းပေါ်တိုင်း၊ မြစ်ဖျားတိုင်းစတဲ့ တော်လှန်ရေး အခြေခံဒေသများ ပျက်စီးခဲ့ရတယ်။ ပါတီဝင်ထု၊ ပါတီလိုလားသူများနဲ့ ပြည်သူလူထုအတွင်းမှာ အလွန်မကောင်းတဲ့ဂယက် ဖြစ်စေခဲ့တယ်။

ဒီလမ်းစဉ်အမှားကာလက ပါတီဗဟို ချမှတ်လုပ်ဆောင်ခဲ့တဲ့ ပါတီတည်ဆောက်ရေး၊ စစ်ရေး၊ မြေယာ ပြဿနာများမှာ ပေါ်လစီများအားလုံး "လက်ဝဲ"အလွန်အကျုံဖြစ်ပြီး မှားယွင်းတယ်။ ဒါပေမဲ့ လက်နက်ကိုင် တိုက်ပွဲကို အဓိကတိုက်ပွဲ သဏ္ဌာန်အဖြစ် ဖော်ထုတ်ခဲ့ခြင်း၊ ရန်သူကြီး ၃ ဦးကိုဖော်ထုတ်ခဲ့ခြင်း၊ မြေယာ တော်လှန်ရေးလုပ်ဖို့ ဖော်ထုတ်ခဲ့ခြင်း၊ လူနည်းစုအမျိုးသားများနဲ့ မဟာမိတ်ဖွဲ့

ဒီလမ်းစဉ်ဟာ ကွန်မြူနစ် ပါတီတရပ် အတွင်း မ လုပ်သင့်၊ မ လုပ်အပ်တဲ့ တွေးခေါ်မှု အရ၊ နိုင်ငံရေး အရ၊ စည်း ရုံးရေးအရ၊ လုပ်ဟန်အရ မှားယွင်းတဲ့ လမ်းစဉ်ဖြစ်

> **ဒီလမ်းစဉ်အရ အသတ်ခံကြရတဲ့ ရဲဘော်အားလုံးဟာ မှားယွင်းစွာ အသတ်ခံရခြင်းဖြစ်တယ်**

ရေးချမှတ်ခဲ့ခြင်း စတာတွေ ဟာ မှန်ကန်ခဲ့တယ်။ တပ်ပေါင်းစု အမျိုးသားလူနည်းစု ပြဿနာများမှာတော့ လက်ယာဖြစ်မှုကို ဖော်ပြတယ်။ အဲဒီကာလက အမှားများဟာ အဓိကအားဖြင့်”လက်ဝဲ”အလွန်အကျွံအမှားများဖြစ်တယ်။

“ပါတီတွင်း တော်လှန်ရေး လမ်းစဉ်” အရ အသတ်ခံသွားရတဲ့ ကွန်မြူနစ်များနဲ့ ရဲဘော်အချို့မှာ မတူတဲ့ အတိုင်းအတာဖြင့် အတွေးအခေါ်အရ နိုင်ငံရေးအရ မတူကွဲပြားတာ မှားယွင်းတာ ရှိနိုင်ပါတယ်။ ဒါပေမဲ့ ဒီလမ်းစဉ်အရ အသတ်ခံကြရတဲ့ ရဲဘော်အားလုံးဟာ မှားယွင်းစွာ အသတ်ခံရခြင်းဖြစ်တယ်။ ဒါကြောင့် သူ တို့ကို မူလထမ်းဆောင်ခဲ့တဲ့ တာတန်များအတိုင်း ပြန်လည်အသိအမှတ်ပြုဖို့လိုအပ်တယ်။ ဒါ့အပြင် “ပါတီ တွင်းတော်လှန်ရေး” လမ်းစဉ်အမှားကို ချမှတ်လုပ်ဆောင်ခဲ့ကြတဲ့ ဥက္ကဋ္ဌသခင်သန်းထွန်း၊ ဥက္ကဋ္ဌသခင်ဇင်နဲ့ အတွင်းရေးမှူး သခင်ချစ် အမှူးပြုတဲ့ ဗဟိုခေါင်းဆောင်အချို့ရဲ့ အမှားဟာ ကြီးမားနက်ရှိုင်းစေကာမူ ၎င်းတို့ကို ကွန်မြူနစ် ရဲဘော်များအဖြစ် သဘောထားဖို့ဖြစ်တယ်။

ကျွန်တော်တို့ ပါတီ အနေနဲ့ အခုလို ကြီးမားတဲ့ အမှားတွေဖြစ်ရတဲ့ အကြောင်းရင်းတွေမှာ ကျွန်တော်တို့ဟာ ဗမာပြည်ရဲ့ သမိုင်းအခြေအနေနဲ့ လူ့အဖွဲ့အစည်း အခြေအနေကိုသော်လည်းကောင်း၊ ဗမာပြည်တော်လှန် ရေးရဲ့ ထူးခြားချက်များနဲ့ ဗမာပြည်တော်လှန်ရေးရဲ့ တရားများကို သော်လည်းကောင်း သိနားလည်ရာမှာ မ ပြည့်စုံတာကြောင့်ဖြစ်တယ်။ မာ့က်စ် လီနင်ဝါဒ သဘောတရားအခြေခံမှုများကို နားလည်မှုမှာ မလုံ လောက်တာကြောင့်ဖြစ်တယ်။ မာ့က်စ် လီနင်ဝါဒ သဘောတရားနဲ့ ဗမာပြည်တော်လှန်ရေးရဲ့လက်တွေ့ကို ပေါင်းစပ်ရာမှာ ချို့ယွင်းနေခြင်းကြောင့်ဖြစ်တယ်။

ကျွန်တော်တို့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ပါတီသမိုင်းတလျှောက်မှာ ဖြစ်ပေါ်ခဲ့တဲ့ “လက်ဝဲ”လက်ယာ အမှားတွေကို ရဲရဲကြည့်မြင်ပြီး ရဲရဲပြင်နိုင်ခဲ့တဲ့ ပါတီဖြစ်တယ်။ လေးနက်တဲ့ ပစ္စည်းမဲ့လူတန်းစား တပ်ဦးပါ တီတရပ် ဖြစ်တယ်။ မိမိတို့ရဲ့ အမှားတွေကို ဂရုတစိုက်ရှာဖွေသုံးသပ်တာဟာ အလားတူ အမှားတွေ ထပ်မံ မပေါ်ပေါက်အောင် ရှောင်ရှားနိုင်ဖို့ ပါတီဝင်တွေ၊ ကေဒါတွေကိုလည်းကောင်း၊ မိမိလူတန်းစားကိုလည်းကောင်း၊ ပြည်သူလူထုကိုလည်းကောင်း လေ့ကျင့်ပညာပေးဖို့၊ ပါတီလုပ်ငန်းတာဝန်တွေကို အောင်မြင်စွာ ထမ်းဆောင်ဖို့အတွက် အကောင်းဆုံးအာမခံချက်ပါပဲ။ ဒီပြဿနာနဲ့ ပတ်သက်တဲ့ ရဲဘော်လီနင်ရဲ့ အောက် ပါ သင်ကြားချက်များကို ကျွန်တော်တို့ စွဲမြဲစွာ ဆုပ်ကိုင်ကျင့်သုံးသွားဖို့ လိုပါလိမ့်မယ်။

“မိမိရဲ့အမှားတွေအပေါ် နိုင်ငံရေးပါတီတရပ်ရဲ့ သဘောထားဟာ ဒီပါတီဟာ ဘယ်လောက်စိတ်အားထက် သန်မှုရှိတယ် မိမိလူတန်းစားနဲ့ လုပ်သားလူထုအပေါ် မိမိထမ်းဆောင်ရမယ့်တာဝန်တွေကို လက်တွေ့အရ ဘယ်လောက် ဖြည့်တင်းဆောင်ရွက်တယ်ဆိုတာကို အကဲဖြတ်ဖို့အတွက် အရေးကြီးဆုံးနဲ့ အသေချာဆုံး နည်းလမ်းပဲဖြစ်တယ်။ အမှားတရပ်ကို ပွင့်ပွင့်လင်းလင်းဝန်ခံတာ အမှားဖြစ်ရတဲ့အကြောင်းတွေကို ရှာဖွေ တာ၊ အမှားဖြစ်စေတဲ့ အကြောင်းအချက်တွေကို ခွဲခြမ်းစိတ်ဖြာတာ၊ အမှားတွေကို ပြင်ဖို့အတွက် နည်းနာ တွေကို ဆွေးနွေးတာ ဒါတွေဟာ လေးနက်တဲ့ပါတီတရပ်ရဲ့ အမှတ်အသားဖြစ်တယ်။ မိမိတာဝန်တွေကို ထမ်းဆောင်ရမယ့် နည်းလမ်းလည်းဖြစ်တယ်။ မိမိလူတန်းစား ဒ်နောက် လူထုကိုပညာပေး လေ့ကျင့်ရ မယ့် နည်းလမ်းလည်းဖြစ်ပါတယ်”။ [လီနင်ရေး–ကွန်မြူနစ်ဝါဒလှုပ်ရှားမှုအတွင်းရှိ “လက်ဝဲဂိုဏ်း” သူ ငယ်နာ–စာအုပ်မှ]

ပါတီဟာမိမိသက်တမ်းတလျှောက်ရှိအဓိကကျတဲ့ “လက်ဝဲ” လက်ယာအမှားများနဲ့ ပတ်သက်လို့ ၁၉၈၅ ခုနှစ်၊ တတိယအကြိမ်မြောက် ပြည်လုံးဆိုင်ရာ ပါတီကွန်ဂရက်မှာ အခုလို အလေးအနက် ဝေဖန်တင်ပြခဲ့ ရုံမက ပါတီဝင်များ အကျယ်အပြန့်လေ့လာသိရှိနိုင်စေရေး ကွန်ဂရက်မတိုင်မီ ၁၉၈၁ ခုနှစ်၊ ဇန်နဝါရီ ကတည်းက “လက်ဝဲဂိုဏ်း”သူငယ်နာ–စာအုပ်ကို ဗမာပြည်ကွန်မြူနစ်ပါတီ၊ ဘာသာပြန်နဲ့ စာပုံနှိပ်ဌာန၊ ပန်ဆန်းမှာကတည်းက ပထမအကြိမ် အဖြစ် ထုတ်ဝေခဲ့ပါတယ်။ ၁၉၈၉ ခုနှစ် ဧပြီလ၊ သင်္ကြန်အပြီးနှစ်သစ်ကူးကာလ နယ်စပ်အရေး အခင်းများ ဖြစ်ပွားပြီး၊ နောက်ဆုံးမှာ ဗမာပြည်ကွန်မြူနစ်ပါတီဟာ လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲနေတဲ့ ပါတီ အဖြစ်မှ မြေအောက်ပါတီအဖြစ်သို့ ပြောင်းသွားပြီးနောက်၊ ဗဟိုဝါဒဖြန့်ချိရေးဌာနက ၂၀၁၅ ခုနှစ်၊ စက်တင် ဘာမှာ ဒုတိယအကြိမ်ပုံနှိပ်ထုတ်ဝေပြီး ပါတီဝင်များအကြား အွန်လိုင်းနည်းနဲ့ပါ ဖြန့်ချိခဲ့ပါတယ်။ (ယခု လည်း ဖြန့်ချိ နိုင်ပါလိမ့်မယ်။ )

(၄)

တဆက်တည်း ကျရောက်လာတော့မယ့် ၈၅ နှစ်မြောက် ပါတီနေ့အထိမ်းအမှတ် လေ့လာရေးအနေနဲ့ လီနင်ရေး– ကွန်မြူနစ်ဝါဒ လှုပ်ရှားမှုအတွင်းရှိ “လက်ဝဲဂိုဏ်း” သူငယ်နာ ကျမ်းနဲ့ပတ်သက်လို့အနည်းငယ် ဆက်လက်တင်ပြသွား လိုပါတယ်။

ဒီကျမ်းကို လီနင်ဟာ ၁၉၂၀ ခုနှစ် ဧပြီလနဲ့ မေလမှာ ရေးသားခဲ့တယ်။ ဒုတိယအကြိမ်မြောက် ကွန်မြူနစ် အင်တာနေရှင်နယ် ကွန်ဂရက်အမီ ထုတ်ဝေနိုင်ရန်အတွက် ပုံနှိပ်နေစဉ်ကာလအတွင်း လီနင်ဟာ အထူး ဂရုစိုက် စစ်ဆေး ခဲ့တဲ့စာအုပ်ဖြစ်တယ်။ စာအုပ်ကို ကွန်ဂရက် ကိုယ်စားလှယ်အားလုံးကို ဝေငှခဲ့တယ်။ လီနင်ဟာ ဒီကျမ်းစာအုပ်ကို ရေးသားပြုစုပြီး ပစ္စည်းမဲ့လူတန်းစားပါတီ တည်ဆောက်ရေးရဲ့ တသီတတန်း ကြီးသော ပြဿနာများကို ဖြေရှင်းပေးလိုက်တယ်။ ဒ့ါအပြင် မျက်မှောက်ခေတ် နိုင်ငံတကာ အလုပ်သမား လှုပ်ရှားမှုအတွင်း ပုံစံသစ် ပစ္စည်းမဲ့လူတန်းစား နိုင်ငံရေးပါတီ တည်ဆောက်ရေးရဲ့ အရေးပါမှုကို အကျယ် တဝင့် အဓိပ္ပာယ်ဖွင့်ဆိုကာ မျက်မှောက်ခေတ် နိုင်ငံတကာ အလုပ်သမားလှုပ်ရှားမှု အတွင်းရှိ ပုံစံသစ် ပစ္စည်းမဲ့လူတန်းစား နိုင်ငံရေးပါတီ တည်ဆောက်ရေး အတွင်းမှာ ပေါ်ပေါက်နေတဲ့ ပြဿနာများကို ဖြေရှင်း ရေးမှာ အထောက်အကူဖြစ်စေပြီး၊ ပစ္စည်းမဲ့လူတန်းစား ပါတီ တည်ဆောက်ရေးကို အကျယ်အပြန့် ဆွေး နွေး တင်ပြခဲ့ တယ်။

ဒ့ါအပြင် “လက်ဝဲဂိုဏ်း” သူငယ်နာ ပေါ်ထွက်လာခြင်းဟာ တော်လှန်ရေး အနုပဋိလောမကို မှန်ကန်တိကျစွာ မသိနားမလည်လို့ ဖြစ်တယ်လို့ လီနင်က ညွှန်ပြပြီး “လက်ဝဲ” တိမ်းစောင်းမှုသဘောတရားဖြစ်စေ၊ လက်ယာ တိမ်းစောင်းမှုသဘောတရားဖြစ်စေ အနုပဋိလောမနည်းကျ စွာ ခွဲခြမ်းစိတ်ဖြာကြည့်လိုက်ရင် တွေးခေါ်စဉ်းစားမှုသဏ္ဍာန် အရ တက္ကဗေဒသာ ဖြစ်တယ်လို့ လီနင်က အချက်ကျကျ ထောက်ပြခဲ့ တယ်။

ဒီ ကျမ်းဟာ “လက်ဝဲဂိုဏ်း” သူငယ်နာကို နက်နက်နဲနဲ ဝေဖန်ပိုင်းခြားစိတ်ဖြာပြရုံမက ပါတီကို စည်းရုံး ရေးအရ၊ စည်းမျဉ်း စည်းကမ်းအရ၊ အတွေးအခေါ်အရနဲ့ သဘောတရားရေးအရ တည်ဆောက်ရေးစတဲ့ ဘက် ၄ ဘက်မှ၊ မာ့က်စ်ဝါဒ ပါတီ တည်ဆောက်ရေးအတွေးအခေါ်ကို တီထွင်ဖန်တီးမှုရှိ စွာ သဘောတရား အသီးအပွင့်များ ကြွယ်ဝဖွံ့ဖြိုး တိုးတက်စေခဲ့တယ်။ ဒီနေ့ ဗမာပြည်တော်လှန်ရေး အခွင့်အခါကောင်းနေ ချိန်မှာ ဗမာပြည်အလုပ်သမားလူတန်းစားရဲ့ တပ်ဦးပါတီ ဖြစ်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ မိမိပါတီရဲ့ ၇၉–ပါတီ တည်ဆောက်ရေး လမ်းစဉ်ကို လေ့လာသွားဖို့ အထူးလိုအပ်ပါတယ်လို့ အကြံပြု တိုက်တွန်းလိုပါ တယ်။ တချိန်တည်းမှာလည်း ပါတီတည်ဆောက်ရေးရဲ့ ရေသောက်မြစ်တခုဖြစ်တဲ့ ရဲဘော်လီနင်ရဲ့ [ကွန်မြူနစ်ဝါဒလှုပ်ရှားမှုအတွင်းရှိ “လက်ဝဲဂိုဏ်း” သူငယ်နာ] စာအုပ်ကို ပူးတွဲလေ့လာနိုင်အောင် ကြိုးစားသင့်ကြောင်း အကြံပြုလိုပါတယ်။ ရဲဘော်တို့ စဉ်းစားနိုင်အောင် “လက်ဝဲဂိုဏ်း” သူငယ်နာစာအုပ်ရဲ့ မာတိကာကို ဖော်ပြပေးလိုက်ပါတယ်။ (၁) ရုရှားတော်လှန်ရေး၏ နိုင်ငံတကာ့အရေးပါမှုကို မည်သည့်အဓိပ္ပာယ်ဖြင့် ကျွန်တော်တို့ ပြောနိုင်သနည်း (၂) ဗော်ရှီဗစ်များ၏ အောင်ပွဲအတွက် အခြေခံ အကြောင်းအချက် များအနက်မှ တခု (၃) ဗော်ရှီဗစ်သမိုင်း၏ အဓိကအဆင့်များ (၄) အလုပ်သမား လူတန်းစား လှုပ်ရှားမှုအ တွင်းရှိ မည်သည့်ရန်သူများကို ဆန့်ကျင်တိုက်ပွဲဆင်ရင်း ဗော်ရှီဗစ်ဝါဒသည် ကြီးထွားပြီး ခိုင်မာကာ ထုသားပေသား ရရှိလာခဲ့သနည်း (၅) ဂျာမနီပြည်ရှိ “လက်ဝဲဂိုဏ်း”ကွန်မြူနစ်ဝါဒ ခေါင်းဆောင်များ – ပါတီ– လူတန်းစား–လူထုများ (၆) တော်လှန်ရေးသမားများသည် ဖောက်ပြန်သော အလုပ်သမား သမဂ္ဂများ တွင်လုပ်ကိုင်သင့်သလော (၇) ဓနရှင်ပါလီမန်များတွင် ကျွန်တော်တို့ ပါဝင်သင့်သလော (၈) မည်သည့်စေ့ စပ်ရေးမှ မလုပ်ဘူးလော (၉) ဂရိတ်ဗြိတိန် “လက်ဝဲဂိုဏ်း” ကွန်မြူနစ်ဝါဒ (၁၀) နိဂုံးချုပ်ချက်အချို့ – ဆို ပြီး အခန်း (၁၀) ခန်း ပါရှိတာကို တင်ပြပေးရင်းနဲ့ ၈၅ နှစ်မြောက် ပါတီနေ့ အထိမ်းအမှတ် ပြု စာတမ်းကို အဆုံးသတ်လိုက်ပါတယ်။

မာ့က်စ် လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်အခွန့်ရှည်ပါစေ။

ဗမာပြည်ကွန်မြူနစ်ပါတီ အခွန့်ရှည်ပါစေ။

ဖက်ဆစ်စစ်တပ် အမြစ်ဖြုတ်ရေး ဗမာပြည် ပြည်သူ့နွေဦး တော်လှန်ရေး မုချအောင်ရ မယ်။ ။

၁၄ ရက်၊ ဩဂုတ်၊ ၂၀၂၄။

**“လက်ဝဲဂိုဏ်း” သူငယ်နာ ပေါ်ထွက်လာခြင်းဟာ တော်လှန်ရေး အနုပဋိလောမ ကို မှန်ကန် တိကျစွာ မသိနားမလည်လို့ ဖြစ်တယ်**